www.burmeseclassic.com

TSM

BURMESE CLASSIC .com

# သျှင်စ

သတ္တာပြင့်သာ စိရင်ဝေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
- ပြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၇၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၅၂၀၃၀၈

ထုတ်ဝေခြင်း

၂၀၀၈ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

ထုတ်ဝေသူ

ဦးအောင်ကြည်(ခ)ဦးသစ်လွင်

ဂန္ဓော်မြိုင်စာပေ (၀၉၄၈)

အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊

သာကေတမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ

ဒေါ်အိမ့်မွန်သက်လွင် (မြ-၀၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ကိုအောင်လွင် (CONQUEROR)

ကွန်ပျူတာ - ပန်းအိစံ

ပြင်ပဆက်သွယ်ရေးမှူး - ခင်မာဆွေ

ဖြန့်ချိရေး - မြတ်မာမာပင်၊ ရန်နိုင်

အတွင်းဖလင် - ကိုသောင်းမြင့်

စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Center မှ

တာဝန်ယူစီစဉ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ချင်မ

# သစ္စာဖြင့်သာစီရင်စေ

(အချစ်မေတ္တာဘွဲ့လုံးချင်းသန့်သန့်)



## အခန်း - ၁

"ဒီကိစ္စ လုံးဝမပြင်နိုင်ဘူး တံခွန်"

"မပြင်နိုင်လို့ ဖြစ်ကိုမဖြစ်တာပဲ"

တားမြစ်လိုသူ… ရှေ့ဆက်လိုသူ…

ဆက်တီစားပွဲရဲ့ တစ်ဖက်တစ်ချက်မှ ဖျတ်ခနဲ ထရပ်လိုက်တာချင်းက တစ်ပြိုင်တည်း…

ဒေါ်သက်သက်ပိုင် မျက်နှာထက်မှာ တံခွန့်မျက်ဝန်းတွေ စူးစူးနစ်နစ် ရှိနေသည်။ တဖျတ်ဖျတ်လက်နေသည့် စိန်နားကပ်အရောင်ထက် ဒေါ်သက်သက်ပိုင်မျက်နှာက အရောင်က ပို၍လက်နေသည့်နှယ်….

*လုံးဝကျဆင်းမခံနိုင်ပါသည့် သိက္ခာတရားများ…*

သစ္စာမွန်ဆာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ခန့်၊ ဆွေမျိုးစုဆိုသော မာန်မာနများ၊ အားလုံးသော တာဝန်တွေကို ဒေါ်သက်သက်ပိုင်မျက်နှာမှာ တွေ့နေရသည်။

သူ လွန်စွာမုန်းတီးစက်ဆုပ်ခဲ့သော ဒီမျက်နှာထားမျိုး...

ဒီလိုစရိုက်ဘာသာမျိုး...

သူ့အပေါ် ဆက်ဆံခြင်းမျိုးအားလုံး...

အားလုံးကို သူ မုန်းသည်။ ပြင်းပြင်းထန်ထန် နာကြည်းသည်။

ဒီလိုဘဝ၊ ဒီလိုအပြောတွေက လွတ်မြောက်ဖို့ သူ့အသက်နဲ့တမျှ ကြိုးစားရင်းနှီးခဲ့ရတာ...

ခု ဒီမျက်နှာမျိုးနှင့် ဒီစကားတွေကို လာရောက်ပြောဆိုနေသူသည် သူ့ကျေးဇူးရှင် ကျေးသဖခင်ဆရာ ဦးဆက်ပိုင်၏ညီမ အရင်းတစ်ယောက်သာ မဟုတ်ခဲ့ဘူးဆိုပါလျှင်...

"မင်းက ငါ့ကို ရိုက်သတ်ပစ်ချင်နေတဲ့ မျက်နှာထားမျိုးနဲ့ ကြည့်တာလား တံခွန်"

"စောစောက အန်တီပြောခဲ့တဲ့စကားကို ပြန်ရုပ်သိမ်းပေးပါ"

"ဘာပြောတယ်ကွ"

ဒေါ်သက်သက်ပိုင် စားပွဲပေါ်က သူ့ပိုက်ဆံအိတ်ကို ကောက်ယူ၍ လက်နှစ်ဖက်ကို ဖွဖွလေး ပိုက်လိုက်သည်။





ဆုံးဖြတ်ပြီးသော၊ အနိုင်ရပြီးသော မျက်နှာမျိုးနှင့် နှုတ်ခမ်းတို့က ပြုံးယောင်သမ်း၏။

"ဒီအိမ်ကြီးဟာ 'ပိုင်' ဂေဟာရဲ့ အဆက်အနွယ် တစ်ယောက်ဖြစ်တဲ့ ငါ့အစ်ကို ဦးဆက်ပိုင်ရဲ့အိမ်"

ဒေါ်သက်သက်ပိုင် စကားရပ်၍ တံခွန့်ကို စွေခနဲ စေ့ကြည့်သည်။

မျက်ဝန်းမှာ အထင်သေးခြင်းတို့က အပြည့်...

"ငါတို့မျိုးရိုးဂုဏ်သိက္ခာကို မင်းထည့်တွက်၊ သေဆုံးသွားတဲ့ သက်လျာဆိုတာက မင်းညီမဖြစ်နေပေမယ့် သူလာခဲ့တဲ့ဘဝကို ပြန်စဉ်းစားရမယ်၊ ဒီလောက်လှ၊ ဒီလောက်စန်းပွင့်ပြီး ယောက်ျားတကာရဲ့..."

"အန်တီသက် တော်တော့"

"ငါကလည်း ပြောရတာ ပါးစပ်ထဲ နှိုးလိုးခုလုပ်ပါပဲ၊ ဒီတော့ မင်းနဲ့ တို့ရဲ့ပတ်ဝန်းကျင်ပါ သိနေတဲ့ မင်းညီမရဲ့ရာဇဝင်နကို ဒီအိမ်၊ ဒီခြံဝန်းထဲမှာ ခေါ်ယူကျင်းပဖို့ အစီအစဉ်ကို မင်း ဖျက်ပစ်ရမယ်"

တံခွန့်မျက်နှာ အဝတ်စနီလို ကွတ်တွတ်ရဲနေသည်။

မေးကြောကြီးတွေ ထောင်ထနေတာက အထင်းသား။

သူအချစ်ရဆုံးသော ညီမလေး၊ တစ်လောကလုံးမှာ [illegible]



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မွေးပေးခဲ့တာ ဒီညီမလေးတစ်ယောက်တည်း…

မထင်မှတ်ဘဲ လောကအလယ်မှာ မောင်နှမနှစ်ယောက် တည်း ကျန်ခဲ့ရာမှ ကံကြမ္မာက သူတို့မောင်နှမကို ရက်ရက်စက်စက် ခွဲ ဆယ်ခွဲခဲ့ပြန်သည်။

ညီမလေးက ခုနစ်နှစ်နှစ်သမီး၊ တခွန်က ဆယ်နှစ်နှစ်သား။

ညီမလေး ဘယ်ရောက်သွားမှန်း မသိသလို ဦးဆက်ပိုင် လက်ထဲ သူရောက်ခဲ့ရတာတွေ၊ ညီမလေးကို သူပြန်တွေ့တော့ မိန်းမပျက်ကလေးတွေ စုဝေးရာ ထောင်ခန်းတစ်ခုထဲမှာ…

"မင်းကို အစ်ကိုလေးက သားအဖြစ်မွေးစားခဲ့ပေမယ့်…"

"ဒီမှာ အန်တီသက်"

"ပြော"

"အခု အန်တီသက်ပြောခဲ့တာတွေဟာ ပိုင်ဂေဟာအတွက် လား၊ မြိုင်ဂေဟာအတွက်လား"

အံ့သြရိပ်နှင့်အတူ ဒေါ်သက်သက်ပိုင် ဖျတ်ခနဲကြည့်သည်။

"သြော်… ဟား ဟား"

အသံခပ်ညက်ညက်နှင့် ထိမထင်ရယ်၍ ဆက်တီပေါ် ခပ်တောင့်တောင့် ပြန်ထိုင်သည်။

"မြိုင်ရိပ်မြုံအတွက်ဆိုရင် မင်းသဘောလုပ်ခွင့်ရှိတယ်လို့ ဆိုလိုချင်တာလား"





"ပိုင်ဂေဟာအတွက်ဆိုရင်တော့ အန်တီသက်ရဲ့ တားမြစ် လိုခြင်းတွေအားလုံးသယ်ပြီး ဒီနေရာက ပြန်သွားပါ အန်တီသက်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာဟာ မြိုင်ရိပ်မြုံ ဖြစ်နေလို့ပါပဲ"

"မြိုင်ရိပ်မြုံဟာ ပိုင်ဂေဟာရဲ့ အရှင်သခင်ပိုင်တဲ့ ရိပ်မြုံ မို့ ငါတို့မှာ လုံးဝပတ်သက်ခွင့်ရှိသေးတယ်ဆိုရင်ကော"

"လေးလေးဆက်ဟာ ပိုင်ဂေဟာနဲ့ လုံးဝပတ်သက်မှုမရှိ တော့ဘူးဆိုတာ နှစ်ပေါင်းများစွာကတည်းက သူ့ရင်ထဲက ခံစား ချက်အချို့ကို ဖွင့်ဟပြောခဲ့ဖူးတယ်၊ ဒါကြောင့် သူ့နာမည်တောင်မှ 'ဆက်' တစ်လုံးတည်း ယူထားခဲ့တာပဲ"

"ဒါက တို့မိသားစုကိစ္စ၊ မင်း ဘာမှဝင်စွက်ဖက်ခွင့်မရှိ ဘူး"

"အခု ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စကိုလည်း အန်တီ တို့ ဝင်မစွက်ဖက်ပါနဲ့"

"ဟဲ့… မစွက်ဖက်လို့ဖြစ်မလား၊ မင်းကတော့ တစ်သက် လုံး ကွဲနေခဲ့၊ တစ်သက်လုံး ပျက်စီးပြီးသားဖြစ်နေတဲ့ ညီမတစ် ယောက်ကို တစ်ရက်နှစ်ရက်တည်း ပြန်တွေ့ပြီး အရှောင်းဖြစ်နေမှ မင်းကို တစ်သက်လုံးကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကိုယ့်ကျေးဇူးရှင်ရဲ့ ဂုဏ်သိက္ခာညှိုးနွမ်းအောင် မင်းလုပ်တော့မယ် ဟုတ်လား၊ အကိုလေး ကျေးဇူးတွေ မေ့ပစ်တော့မယ် ဟုတ်လား၊ ဒီမှာ တခွန်၊ မင်းပြော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သလိုပေါ့လေ၊ ဒီနေရာဟာ မြင့်ရိပ်မြုံဖြစ်နေတဲ့အတွက် မင်းဆန္ဒကို မင်းရအောင် စီစဉ်နိုင်ပါတယ်၊ ဒီနေ့ဆိုတဲ့အချိန်ဟာ မင်းရဲ့အကိုလေးအပေါ်ထားတဲ့ မေတ္တာနဲ့ သစ္စာတရားကို ပီပီပြင်ပြင် ဖော်ထုတ်ရမယ့်နေ့ပဲလို့ ကို့စောင့်ကြည့်မယ်"

ထရပ်လိုက်ပြီးမှ ကျန်ခဲ့သည့် လက်ကိုင်ပဝါကို ပြန်ကောက်ယူသည်။ ပြီးတော့ တင်းမာခက်ထန်စွာ ရပ်နေဆဲဖြစ်သည့် သူ့ကို လက်တောက်သောမျက်ဝန်းများနှင့် စူးနစ်စွာ တစ်ချက်ကြည့်၍ ချာခနဲ လှည့်ထွက်သွားလေသည်။

ဒေါသက်သက်ပိုင်၏ မျက်ဝန်းထဲမှာ စိုလက်လက် မျက်ရည်စများကို သူ အသေအချာ မြင်လိုက်သည်။

အရှုံးပေးခြင်းဆိုသည့် မျက်ရည်များ မဟုတ်နိုင်။

ခံရခက်လွန်းစွာ၊ အထင်သေး မုန်းတီးခြင်းများစွာနှင့် ပြီးတော့...

သက်ဆိုင်သည်ဟု ယူဆရပါလျက် အရှုံးပေးရပြီကော ဆိုသည့် ယူကျုံးမရ မာနများစွာနှင့် ယိုစိမ့်လာသည့် မျက်ရည်များမှတပါး အခြားမရှိနိုင်ပါချေ။

စီးကရက်တိုသည် ဘယ်အချိန်ကတည်းက [illegible] ဘင်ခြိုက်ကုန်ခမ်းလေသည် မသိ။

မှုန်ရွေးရွေးအငွေ့မှသည် မှုခြစ်ခြစ်ဖြစ်လာမှ သူ ငုံ့ကြည့်ဖြစ်



BURMESE CLASSIC .com



သည်။

စီးကရက်ကအစီခံထိ တိုလာနေပြီ။

လက်ညှိုးနဲ့ လက်မလေး အနည်းငယ်ညွတ်၍ ဆတ်ခနဲ တောက်ထုတ်ပစ်လိုက်သည်။

မြက်ခင်းစိမ်းစိမ်းကြားမှာ ကျသွား၍ မီးခိုးဖြူဖြူလေးတွေ လွင့်ခနဲ လွင့်ခနဲ တစ်ချက် တစ်ချက် တက်နေဆဲ...

သူ ကြောင်ငေးသော မျက်ဝန်းများနှင့် စီးကရက်တိုလေး ကျသွားရာကို လိုက်ကြည့်နေမိသည်။

မိနစ်အနည်းငယ်အတွင်း စီးကရက်ဆီမှ လွင့်တက်နေသည့် မီးခိုးဖြူလေးများ ကွယ်ပျောက်သွားသည်။

စီးကရက်မီးကော သေသွားပြီလား...

သူ့ရင်ထဲမှ ဝေဒနာ အစိုင်အခဲများသည်ကော စီးကရက်ကလေး တောက်ထုတ်ပစ်နိုင်သလို အလွယ်တကူ ဆွဲထုတ်ဖျောက်ဖျက်ပစ်လို့ ရနိုင်ပါ့မလား...

ရရင်ကော မီးခိုးပြာလေးတွေလို မိနစ်အနည်းငယ်အတွင်း (သို့) ကာလအနည်းငယ်အတွင်း ပြေပျောက်သွားနိုင်မလား...

နှစ်ပေါင်းကြာရှည်စွာ အရိုးစွဲနေပြီဖြစ်သော သူ့နှလုံးသား နုနုထဲမှ နာကြည်းမှုတွေ....

လူတွေကို တံခွန် မုန်းသည်။ လူတွေ ဘာကြောင့် ငွေ



www.burmeseclassic.com

www.burmeseclassic.com



နောက် တကောက်ကောက်ပါနေကြသလဲ… အဲဒါကိုပဲ အမှန်းဆုံး။

ဆယ်နှစ်သားလောက်က သူ့အိမ်သည် လှန်စွာကြမ်းတမ်းလှသည်။ အခု သူ့ဘဝက ကုမ္ပဏီပိုင်ရှင်၊ လုပ်ငန်းရှင် သူဌေးကြီး ဦးတံခွန်…

ဆယ်နှစ်သားဘဝက တံခွန့်အပေါ် လူတွေ ချိုးချိုးဖွဲ့ဖွဲ့ စုတ်စုတ်ပြတ်ပြတ် နှိမ့်ချဆက်ဆံခဲ့တာတွေ…

ချစ်သောညီမလေးခမျာ ပါးစပ်ထဲသွင်းမည့် ထမင်းလုတ်ပင် ပြုတ်ကျသွားရရှာအောင် နှိပ်စက်ခံခဲ့ရသည့်ဘဝ…

အဒေါ်အရင်းခေါက်ခေါက်ကြီး၏ နှိမ့်ချဆက်ဆံမှုကို သူတို့မောင်နှမ အလူးအလဲ ခံခဲ့ရတာပါ။

ကောင်းကောင်းကြီး မှတ်မိနေသည်။

ညီမလေးက ခုနစ်နှစ်၊ သူက ဆယ့်နှစ်နှစ် သားလေ။

ဖေဖေက အရင်ဆုံးသွားပြီး မေမေပါ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားသည်။

တံခွန်တို့မိသားစုဟာ မြို့ကြီးက သူဌေးတွေလို တိုက်ကြီး၊ ကားကြီးနဲ့ မနေနိုင်ပေမယ့် ကိုယ့်ရွာ၊ ကိုယ့်ဒေသမှာတော့ သူဌေး စာရင်းဝင်တွေပါ။

ဖေဖေက စစ်မှုထမ်းဟောင်းတစ်ဦး၊ လက်ရှိအလုပ်ကတော့ စက်လှေကြီးနှစ်စင်းပိုင်ဆိုင်၍ ဖေဖေကိုယ်တိုင် ဦးဆောင်ကာ





ကုန်ပစ္စည်းကို အရောင်းအဝယ်လုပ်သည်။

ကံလေးကလိုက်၍ ရှာသမျှပိုက်ဆံတွေက ဖွေးခနဲ ဖွေးခနဲ ဝင်နေသည်။

သားနဲ့သမီးဆို တုန်နေအောင်ချစ်လိုက်ကြတာ။ သူများတွေ နှုတ်ခမ်းမဲ့လာကြသည်အထိ…

"တို့သားကြီးကိုကြည့်စမ်း နှင်းရယ်၊ နှဖူးကျယ်ကျယ်နဲ့ မျက်ခုံးကြီးတွေက နည်းတာလားကွာ၊ တော်တော်ခန့်တဲ့ကောင်ကြီးပဲ နှင်းရေ၊ အသားကတော့ ကိုယ်နဲ့တူလို့ မည်းတယ်၊ မျက်လုံးတွေ နှာတံတွေက မအေတူဆိုတော့ အသားမည်းပေမယ့် ချောမယ့် ကောင်ကွ"

"အစ်ကို့သားမို့ အစ်ကိုက ချောတယ်ထင်တာများလား၊ သူများကတော့ မီးငယ်လေးက ချောတယ်တဲ့၊ သားကြီးက ကုလား ချေးတဲ့"

"တော်စမ်းပါကွာ၊ ကြည့်စမ်း… ဒီလောက်ရှန်းလက်နေတဲ့ မျက်လုံးတွေနဲ့၊ ငါ့သားကြီးရင် ကြည့်လိုက်စမ်းပါဦး"

ဖေဖေကဆို ပြောမဆုံး။ တကယ်လည်း တံခွန်က ဖေဖေ့ အသည်း။

"ငါ့သားက တကယ့်ထွားထွားကျိုင်းကျိုင်းကြီးနဲ့ ဖအေ့ အားကိုးရမယ့်ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တဖွဖွ ပြောမြဲ။

တကယ်တော့ ဖေဖေ အားကိုးအားထားရှိခဲ့သော တံခွန့် အကူအညီကို ဖေဖေ ဘာမှမရခဲ့ပေ။

စက်လှေတစ်စီးလုံး နစ်မြုပ်ပြီး ဖေဖေပါ ဆုံးပါးခဲ့ချိန်သည် တံခွန် ဆယ့်နှစ်နှစ်သား။ အရွယ်နှင့်မလိုက်အောင် ကိုယ်လုံးထွားထွားကြီးနှင့် သားဖြစ်သူကို တမွှေ့တပိုက်ဖက်ရင်း မေမေ သတိလစ်မတတ်ငိုသည့်နေ့···။

တချို့က ဖေဖေ့ကို ငွေတွေနှင့် ပစ္စည်းပါ အပိုင်ချိုင်၍ စက်လှေပါ အစဖျောက်ပစ်ကြတာလိုလို မေမေ့ဆီ သတင်းလာပို့သည်။

ဆက်၍ စုံစမ်းဖို့ပေါ့။

ဒါပေမယ့် မေမေ့ဘက်မှာ မားမားမတ်မတ် ရပ်တည်လုပ်ဆောင်ပေးမည့်သူ ဘယ်သူမှမရှိ။

ချစ်လင်နှင့် လုပ်ငန်းအကြောင်းအပေါ် ဘာတစ်ခုမှ မစပ်စု၊ မပါဝင်ခဲ့ဘူးသည့် မေမေ··· နုနုနယ်နယ် ဘဝလေးက စတင်ကြမ်းတမ်းခဲ့သည်။

စီးပွားဥစ္စာတွေ ချက်ချင်းကြီး မယုံကြည်နိုင်စွာပင် ပျောက်ပျက်ကုန်ဆုံးခဲ့သည်။ အလိမ်ခံရတာတွေ၊ မလုပ်တတ်၊ မကိုင်တတ်လို့ ပျက်စီးရတာတွေ၊ သားသမီးတွေကို တုန်နေအောင်ချစ်သော





မေမေသည် သားသမီး မဆင်းရဲရအောင် ဟိုလူပြောလည်း ကောင်းနိုးနိုးနှင့် ငွေစိုက်၊ လူလိုက်···

ဒီမှာပြောလည်း ဒီမှာ ငွေစိုက်၊ နောက်ဆုံး လူသာပမ်း၍ ငွေတွေ အတုံးလိုက်၊ အခဲလိုက် ဆုံးပါးကုန်တာပဲ အဖတ်တင်ခဲ့သည်။

ညဘက် လူခြေတိတ်ချိန်ဆို မေမေ ကျိတ်၍ငိုရှိုက်နေသည့် အသံကို တံခွန် တရေးနိုးတိုင်း ကြားနေကျ။

ဖေဖေဆုံးပြီး နှစ်နှစ်နီးပါးကြာသည်နှင့် မေမေဆုံးခဲ့သည်။ မေမေသည် စိတ်ဆင်းရဲမှုအပေါင်းကို ဖုံးဖုံးဖိဖိ ကြိတ်ခံစားရင်း မီးဖိုတံခါးဝမှာ မူးလဲခဲ့သည်။

လုံးဝနလံမထူတော့··· စကားဟဟပင် မပြောနိုင်တော့သည်အထိ မေမေ့မှာ အင်အားတွေ ကုန်ခမ်းနေခဲ့တာ အံ့သြစရာကြီးပင်။

ဒီတုန်းက လူကြီးတွေ ပြောဆိုဝေဖန်သံတွေကို တံခွန်တို့ နားမလည်ခဲ့တာ အမှန်ပင်။

မေမေဆုံးခါနီးမှာ မေမေ့အစ်မဆိုသူ ဒေါ်မြတ်မြတ် ရောက်လာခဲ့သည်။

"ဒီအထိဖြစ်နေသလား ညီမလေးရယ်"

ဟု ပြောပြောဆိုဆို ဖက်ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မေမေ မျက်လုံးကြောင်ကြောင်နှင့် ကြည့်လို့ ဘာစကားမှ မဆိုနိုင်ခဲ့။

အဲဒီအချိန်တုန်းက မေမေ့မျက်ဝန်းတွေကို တံခွန် နားလည်နိုင်ခဲ့ပါလျှင် မေမေတို့ တံခွန်တို့ပိုင်သည့် ဒီအိမ်ကြီးသည် ဒေါ်မြွတ်မြွတ်လက်ထဲ ဘယ်လိုမှရောက်လိမ့်မည် မဟုတ်သလို…

တံခွန်နှင့် သက်လျာဆိုသည့် မောင်နှမသည်လည်း ဒေါ်မြွတ်မြွတ်၏ အနှိပ်စက်ခံ အနင်းခံမြက်ဘဝကို ရောက်မလာနိုင်ပါ။

မေမေသည် ဒေါ်မြွတ်မြွတ်ကို မနှစ်မြို့လွန်းစွာ အစဉ်တစိုက် လိုက်၍အကဲခတ်နေသလိုရှိကာ သားနှင့် သမီးကို တစ်ခုခုပြောလိုဟန်နှင့် ခေါ်လိုဟန်တွေပြတော့ လူကြီးတွေက မေမေ့အနားမှာ တံခွန်တို့ကို ထိုင်ခွင့်၊ ပြုစုခွင့် ပေးကြသည်။

မေမေဆုံးခါနီးအချိန်ကျမှ မေတ္တာစစ်နှင့် ကူညီခဲ့ကြသော ပတ်ဝန်းကျင်သည် မေမေ့ကို ဝိုင်းဝန်းလိမ်ညာလှည့်စားကြသည့် လူတွေမှ ဟုတ်ပါလေစ။

"ညီမလေးကလည်း ဆုံးသွားပြီဆိုတော့ ဒီကလေးနှစ်ယောက်ကို ကျွန်မကပဲ တာဝန်ယူစောင့်ရှောက်ရတော့မှာပေါ့"

ခေါင်းစဉ်ကြီးကြီးတပ်၍ ဒေါ်မြွတ်မြွတ်က တစ်အိမ်လုံးကို ဝါးမျိုလိုက်ပါတော့သည်။

သစ္စာမွန်စာပေ



နောက် ဘယ်လောက်မှမကြာလိုက်… ပစ်ထားခဲ့ရသော သူ့လုပ်ငန်းတွေကို စိတ်မချဟု အကြောင်းပြလျက် ဖေဖေ်ရှိ တံခွန်တို့ ပိုင်သောအိမ်နှင့် အတွင်းပစ္စည်း အတိုအထွာအားလုံးကို ရောင်းချပစ်ခဲ့ပြီး တံခွန်တို့ လုံးဝမရောက်ဘူး မသိဘူးသော အရပ်သစ်ကို ခေါ်ခဲ့ပါတော့သည်။

ကြမ်းတမ်းကြောက်မက်ဖွယ် ဘဝဆိုးကြီးကို စတင်ဝင်ခဲ့ရပါပြီ။ သက်လျာလေးကို အပြစ်အမျိုးမျိုးရှာ၍ ကန်ကြောက်ရိုက်နှက်သည်။

အရွယ်လေးရှိနေပြီဖြစ်သည့် တံခွန့်ကိုကျတော့ ထင်သလိုမလုပ်ရဲ။ တံခွန့်ကွယ်ရာမှ သက်လျာကို သွေးထွက်အောင် ရိုက်တတ်သူ။

တံခွန်နှင့် ခွန်းကြီးခွန်းငယ်ဖြစ်ပြီလားဆို

"အမလေး… အရပ်ကတို့ရယ်… မအေသေလို့ ကိုယ့်တူ ကိုယ့်သားလေးတွေ သနားလို့ ခေါ်ပြီးကျွေးမွေးထားတာ၊ ခင်ဗျားကြီး ကျုပ်ကြီးနဲ့ ခံကိုက်နေတာကို ကြားလို့မှကောင်းကြသေးရဲ့လား ဟီး ဟီး…"

လူကြားမကောင်း ပြောပြောဒိုတတ်သည့် ဒေါ်မြွတ်မြွတ်။

နာမည်က မြွတ်ဆိုပေမယ့် လူကတော့ အဝိစိထိ စောင်းနက်အောင် ယုတ်ကန်းလှသည်ဟု တံခွန်မြင်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တံခွန်တို့ဘဝအကြောင်း ဘာမှမသိကြဘဲ ဒေါ်မြတ်မြတ် အပြောနှင့်သော ကြားသိရသော ပတ်ဝန်းကျင်အသစ်ကဖြင့် တံခွန့်ကို ရှင်းစိုင်းစော်ကားတတ်သော လူဆိုးလူကြမ်းလေးအဖြစ် နှာခေါင်း ရှုံ့ကြသည်။

အစားမက်လှသော ညီမလေး ထမင်းကြမ်းခိုးစားသည့် နေ့မှ ပြဿနာစခဲ့ရသည်။

ညီမလေးနှင့်သူ ဆာလွန်း၍ ကိုယ့်ဘာသာ မီးဖိုထဲဝင်ကာ ထမင်းခူးစားနေကြသည့် နေ့လယ်နှစ်နာရီခန့်ဖြစ်မည်။

ခြေထောက်နှင့် နောက်ကြောကို ခပ်ဆောင့်ဆောင့်ကန်ပစ် လိုက်မှုကြောင့် သက်လျှာလက်ထဲမှ ထမင်းလုတ်ကလေး ဖွာခနဲ ရှင့်စင်ပြုတ်ကျလျက် ထမင်းပန်းကန်ပေါ် မှောက်လျက်လဲကျသွား ရှာသည်။

ညီမအဖြစ်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသည့် တံခွန် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။

ရင်ထဲမှ ဒေါသတွေက မီးရှူးမီးပန်းတွေလို ငယ်ထိပ်ထိ တက်ဆောင့်ကုန်၏။

"ခင်... ခင်ဗျားကြီး၊ စုန်းမကြီး၊ သရဲမကြီး"

"ခွမ်း"

"အမလေး... သေပါပြီ"





လက်ထဲမှ စားနေသည့် ထမင်းပန်းကန် လွင့်ခနဲမြောက် တက်သွားကာ ဒေါ်မြတ်မြတ်နဖူးစောင်းမှာ ဒုတ်ခနဲ ပြင်းထန်စွာ ထိ၍ ကြမ်းပြင်ပေါ်ကျကာ ခွပ်ခနဲ ကွဲကြေသွားတော့သည်။

အားလုံး အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

ဒေါသကြောင့် သတိလစ် နတ်ပူးသလိုဖြစ်သွားခဲ့သည့် တံခွန့်အသိတွေ ပြန်ဝင်လာတော့ ဒေါ်မြတ်မြတ်က သူ့လက်ထဲမှာ သွေးအလိမ်းလိမ်း...

နုတ်ခမ်းမှ သွေးစယိုစီးလျက် ငိုယိုနေသည့် ညီမလေး...

များပြားလွန်းသော လူတွေနှင့် သူ့မျက်နှာပေါ်ကျလာ သည့် ရိုက်နှက်ချက်များ...

"လူရမ်းကားလေး... တိရစ္ဆာန်ကောင်လေး"

"ခွေးလိုရိုင်းတဲ့ကောင်"

အားလုံး၏ ဆဲဆိုသံများ..

တံခွန့်ကို အားလုံးက ရဲစခန်းပို့ကြမည်ပြင်တော့...

"ဒီလိုတော့ မလုပ်ကြပါနဲ့ရှင်၊ အဲဒီကောင်လေး ရိုင်းပေမယ့် ဆုံးသွားတဲ့ ကျွန်မညီမလေးမျက်နှာ ရှိပါသေးတယ်၊ သူ့ကို လိမ်လည်းလိမ္မာသွားအောင် ရွာထိပ်က ဘုန်းကြီးကျောင်းမှာပဲ အပ် ထားလိုက်ပါ၊ မောင်နှမနှစ်ယောက်လုံး အဲဒီမှာ အပ်ထားပေးပါ"

ဒေါ်မြတ်မြတ် စကားသံကချိုပေမယ့် ထိချက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တစ်ယောက်က သဘောထားကြီးလှသည့် လေသံမျိုးထွက်ပေမယ့် ကျေးမွေးထိန်းသိမ်းခြင်းမှ အပြီးတိုင် စွန့်လွှတ်လိုက်ခြင်းပါတည်း။





"တီ... တီ.... တီ..."

ဂျာကင်အိတ်ထဲမှ ဆယ်လူလာဖုန်းလေးကို ထုတ်ကိုင်လိုက်သည်။

"ဟလို... ပြောပါ၊ ဟုတ်... တံခွန်ပါ"

"... သားလားဟင်..."

နူးညံ့တိုးသက်သည့် အသံလေး...

ဒီအသံကို တံခွန် ချက်ချင်းသိလိုက်သည်။

"အန်တီမေ... ကျွန်တော် တံခွန်ပါ၊ အန်တီမေ ဘာပြောမလို့လဲဟင်"

"သား...သားဆီကို မနက်က သက်သက်တို့ လာသွားတယ်ဆို"

"အန်တီသက်တစ်ယောက်တည်းပါ"

"ဟုတ်လား၊ သွားကြတာတော့ အစ်ကိုကြီး ထင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ ပါသွားတာ သားရယ်၊ မင်းကို သူတို့ ဘာတွေပြောသွားကြလဲဟင်၊ အန်တီမေ သိပြီးသားတွေပါကွယ်၊ သားလည်း ပြန်ပြောပြမနေပါနဲ့၊ ဒါပေမယ့် သား ဘယ်လိုဆုံးဖြတ်မလဲဆိုတာ အန်တီမေ သိချင်တယ်ကွယ်"

ဖုန်းကိုင်ထားသည့် တံခွန့်လက်တွေ တင်းသွားသည်။

အန်တီမေက အန်တီသက်တို့နဲ့ 'ပိုင်' ဂေဟာမိသားစုဝင် ဖြစ်ပေမယ့် တန်းတူသဘောထား ဆက်ဆံ၍မရပါ။

လေးလေးဆက်ကိုယ်တိုင် ဒီအစ်မကို လေးစားချစ်ခင်သလို အစ်မဖြစ်သူကလည်း လေးလေးဆက်အပေါ် တစ်သက်လုံး အနစ်နာခံရပ်တည်ပေးခဲ့သူဆိုတာ တံခွန်အသိ။

ခုတော့ ခမျာ ကိုယ်တစ်ပိုင်းသေနေရှာသည့် ဒုက္ခိတ အမျိုးသမီးကြီးတစ်ဦး ဖြစ်နေရှာသည်။

ဒါကလည်း သူ့ကျေးဇူးရှင်ဖခင် ဦးဆက်ပိုင်အတွက် သောကမကင်းသည့် အဖြစ်တွေကြောင့်ဆိုလျှင် မမှား။

ဒါကြောင့် ဒီအစ်မကို ဦးဆက်ပိုင် အလေးထားသလို တံခွန်ကိုယ်တိုင်ကလည်း လေးစားတွယ်တာရပါသည့်အကြောင်း...

"အန်တီမေ"

"ပြောပါ သား၊ သားဆုံးဖြတ်ထားတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပါ"





"ကျွန်တော်က ရှုငယ်ပါ အန်တီမေ၊ ဒါပေမယ့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဘယ်လိုပဲဆုံးဖြတ်ဖြတ် တစ်ခုမဟုတ်တစ်ခုနာမှာပါပဲ၊ ကျွန်တော့်ကျေးဇူးရှင် ဖခင်ကြီးရဲ့ ထိခိုက်နစ်နာမှုနဲ့ ဖြစ်လာနိုင်တာမျိုးဆိုတဲ့ အလေးထားချင့်ချိန်နေရတာတွေကြောင့် ဘာမှပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးဘူး၊ တစ်ခုတော့ရှိပါတယ်"

"ပြောလေ သား"

ဒေါ်ယဉ်မေပိုင်အသံက တက်ကြွရှင်လန်းမှုတွေနှင့်...

တံခွန် အံတစ်ချက်ကြိတ်သည်။

"အားလုံးထဲမှာ အန်တီမေ့ကို ကျွန်တော့်မိဘ အဒေါ်အရင်းလို ခင်တွယ်ပါတယ်၊ အန်တီမေ တစ်ခုခုကို ဆန္ဒရှိတယ်ဆိုရင် ပြောပါ၊ ဘယ်လိုတိုက်တွန်းချက်ဖြစ်ဖြစ် ကျွန်တော် နားလည်ပေးမှာပါ"

"အို... ဝမ်းသာလိုက်တာသားရယ်... သား"

"ပြောပါ အန်တီမေ"

"အန်တီမေ့ကို နားလည်တယ်ဆိုရင် အန်တီမေ ပြောပါရစေ"

"ဟုတ်"

"အားလုံးသော ဂုဏ်ဒြပ် အသိုင်းအဝိုင်းတွေကို ဖယ်ထား



www.burmeseclassic.com

www.burmeseclassic.com



ိုး သားရဲ့ကျေးဇူးရှင်တစ်ယောက်ရဲ့ မျက်နှာကို ငဲ့ညှာပါကွယ်၊ အဲ့ဒါကိုမပြောချင်တာ ဒါပါပဲ၊ သားစိတ်အနှောင့်အယှက်ဖြစ်ရမယ့် ကောင်မျိုးဖြစ်နေရင် အန်တီမေ့ကို ခွင့်လွှတ်ကွယ်၊ ဒါပဲ ကလေး ရယ်… နော်"

သိပါပြီ…

တံခွန် ဖုန်းလေးကို ဒီအတိုင်းပဲ စားပွဲပုလေးပေါ် ချလိုက်သည်။

ဒီတစ်ကမ္ဘာလုံးမှာ လေးလေးဆက်မရှိတော့လျှင် သူ လေးစားလိုက်နာရမည့် ပုဂ္ဂိုလ်တစ်ယောက်တည်း…

သူသည် ဒေါ်ယဉ်မေပိုင်သာ ဖြစ်ချေသည်။

သူမပြောသည့်စကားကို သူ နားထောင်ရမည်။

သူမ ဖြစ်စေချင်တာကိုသာ သူ နာခံရမည်။

တံခွန် ဘာလုပ်ရတော့မည်ကို သိလိုက်ပါပြီ။

ခွင့်လွှတ်တော့ ညီမလေးရယ်…

လူကုန်ထံအသိုင်းအဝိုင်း အဖွဲ့အစည်းတွေထဲမှာပင် ကိုကို တက် ချမ်းသာလွန်းသည့် သူဌေးကြီး တံခွန်…

ညီမငယ်အတွက် သူ့ချမ်းသာမှုတွေသည် အရာမဝင်တော့ ဘူးလား။

ငွေရှိလျှင် ဘာမဆို ဖုံးလွှမ်းစေသည်ဆိုသော လူတွေ





သက်သုံးစကားကော…

သက်လျာ၏ ညစ်နွမ်းမှုတွေကို ခုတော့ ဘာနဲ့မှ ဖုံး၍မရ နိုင်တော့ပြီ။

မောင်နှမနှစ်ယောက်ရဲ့ ဆိုးဝါးလှသည့် ကံကြမ္မာက အစ်ကိုနဲ့နှမကိုမှ ရက်ရက်စက်စက် တွေ့ပေးခဲ့ပုံသည် နောက်ထပ် မျက်နှာချင်းမဆိုင်ရဲလောက်ဖွယ်။

" လာပါ လိုက်ခဲ့စမ်းပါ၊ မင်းညစ်နေတာတွေ သစ် သွားစေရမယ် "

သူ့မှာ အောင်မြင်မှုတွေ ဆက်တိုက်ရလာခဲ့တာနှင့်အမျှ မျိုးနွယ်စုတို့ရဲ့ တိုက်ခိုက်မှုတွေကြားမှာ လွန်စွာ စိတ်ညစ်ခဲ့ရသည်။

လေးလေးဆက် သေဆုံးခဲ့ပြီးမှ ပိုင်ဆိုင်လိုသူတွေ၊ သက် ဆိုင်ကြောင်း သက်သေပြလိုသူတွေ…

များလိုက်ကြတဲ့ ဆွေမျိုးစုတွေ…

တံခွန်ဟာ လေးလေးဆက်ရဲ့ တွေ့ဝေစရာမလိုဘူးဆိုတဲ့ မှာကြားချက်တစ်ခုနဲ့ နောက်မတွန့်စတမ်း ရင်ဆိုင်ခဲ့ရသည်။

"ပိုင်ဂေဟာနဲ့ ပတ်သက်ပြီး မင်း ငါ့ကြောင့် ဘာမှတွေဝေ စရာ မလိုဘူး၊ ငါတောင် မတွေဝေခဲ့ဘူး၊ တကယ်လို့ ငါမရှိတဲ့ နောက်ပိုင်း မင်း ဆုံးဖြတ်ရဲရမယ်"တဲ့…

ဒီစကားတစ်ခွန်းနဲ့ပဲ တံခွန်ဟာ သူတို့အပေါ်မှာ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကန်းတဲ့ လူရိုင်းကလေးတဲ့။ ဦးဆက်ပိုင်မရှိလို့ အာခံတယ်ဆိုတဲ့ အပြောမျိုးက မရှား။

ထိရက်ဖွယ် မရှိအောင် လှရက်လွန်းသည့် ကိုယ့်ညီမလေး အဖြစ်ဆိုးကို တံခွန် ရင်နာမဆုံး။

အစ်ကိုဖြစ်သူနောက် လိုက်တော့မည်ဆိုလို့ သူဝမ်းသာ လိုက်တာများ စာဖွဲ့လို့ရမတဲ့လားလေ။

ဒါပေမယ့် စိတ်ကူးလေးတွေတောင် ရှေရှည်မကြာခဲ့။

သက်လျာ သူ့မအခန်းလေးထဲမှာပင် တိတ်ဆိတ်စွာ ဆုံးပါးခဲ့လေသည်။

"လုပ်ရက်တယ် ညီမလေးရယ်..."

တံခွန် မချိတင်ကဲ ရှေ့ရှုတ်ရင်း အားလုံးရှေ့မှာ မျက်ရည်ပေါက်ပေါက်ကျခဲ့သည်။ သူတို့မောင်နှမအကြောင်းကို ပတ်ဝန်းကျင်အားလုံး မောင်းခတ်သလို သတင်းက ပြန့်သွားသည်။

ဒါပေမယ့် တံခွန့်ထံ ဘယ်လိုလူမျိုးကမှ မေးမြန်းစပ်စုတာမျိုးမပြု။ လွန်စွာရင်နှီး ခင်မင်လွန်းသည့် မိတ်ဆွေအချို့က နားလည်ကြောင်း အားပေးစကားတွေ ပြောလာသည်။

ရိုင်းတယ်ပဲဆိုဆို တံခွန် ခေါင်းမာမာနှင့် ရယ်[illegible]သည်။ ဂရုမစိုက်ချင်တာ အဲဒါပေါ့။

လူတွေ ကောင်းသတင်းဆို မျက်ကွယ်ပြုနေတတ်ပေမယ့်





မကောင်းသတင်းများဆို လက်တို့ခြေတို့ အားပါးတရပြောတတ်လှသည်။

ဘာပြောမလဲ... ပြောကြပါစေ။ တံခွန်ဆိုသည့် ကောင်က ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်စေ့ကြည့်မယ့် ကောင်မျိုးမို့လား။

အားပေးတာတွေ မလိုပါဘူးဆိုတဲ့အကြောင်း ခပ်ဘွင်းဘွင်းပဲ ငြင်းပယ်ခဲ့သည်။ တံခွန်တို့က ခွေသန့်မျိုးသန့်ထဲကပါ။

အစကတည်းက မျိုးရိုးမသန့်တာမျိုးလဲမဟုတ်။

ကံကြမ္မာရဲ့လက်သီးချက်ကြောင့် လဲရကွဲရတာ ကိုယ့်ကိုယ်ကိုယ်ပဲအသိ။

ဒါကို ဘယ်လိုလူမျိုးကိုမှ လိုက်လံရှင်းပြ အသနားခံနေဖို့မလို။ ဘေးသနားတာလဲ တံခွန်မကြိုက်။

အဲဒီစိတ်က ရင်ထဲမှာ ဟိုးငယ်ငယ်ထဲကပင်..

ခုတော့ မုန်းပါသည့်လူတွေ

ဘယ်သူဘာပြောမလဲဆိုပြီး ကိုယ်ကိုယ်တိုင် အရွဲ့တိုက်ခဲ့တဲ့ ပတ်ဝန်းကျင်လေ။ ကိုယ့်လွတ်လပ်ခွင့် ခံစားခွင့်တွေအားလုံးကို ပိတ်ပင်ခဲ့ပြီး ပတ်ဝန်းကျင်ကို ဂရုစိုက်လိုသူတစ်စုနှင့် ယှဉ်ပြိုင်ရင်ဆိုင်နိုင်စွမ်းသော်လည်း မယှဉ်ပြိုင်နိုင်တော့သည့် သွားလေသူတစ်ယောက်အပေါ် ထိုးလာမည့် လက်ညှိုးတွေကို တံခွန်ရင်ဆိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် ကိုယ်လုပ်ရမည့် အလုပ်ကဘာလဲ။

သူ့အလေသူ ကျေးဇူးရှင်ကြီးအတွက် တံခွန်မာနတွေ ဒီအချက်တွေ အားလုံးကို ပေးဆပ်ရပါတော့မည်။

❀❀❀





## အခန်း - ၂

“သြော်… ညှော်သည်ဆိုလို့…”

ဒါပဲပြောပြီး နှုတ်ခမ်းမှ အပြုံးကို ယမာ ချက်ချင်းသိမ်းသည်။

ခရီးရောက်မဆိုက် ညှော်ခန်းမှာ ဒီမျက်နှာတွေမြင်ရကတည်းက ပြဿနာတစ်ခုခုတော့ စနေပြီဆိုတာ သိပြီးသား။

“ယမာ… အပြင်ကပြန်ရောက်တာ အမြဲဒီအချိန်ပဲလား”

ယမာ့မျက်ခုံးထူထူပြားပြားလေးတွေ မြင့်တက်သွားသည်။

“ဘာဖြစ်လို့လဲ ဒေါ်မိမိ”

တကယ့်တအံ့တသြမေးဟန်နှင့် မျက်ဝန်းတွေက လက်နေ၏။

“ရှစ်နာရီကျော်ပြီပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ယမာက ခပ်ဖွဖွလေး ရယ်သည်။

ဒူးဆစ်နားထိကျနေသော ဆံပင်ကို ခါးနားမှဆွဲယူကာ ဆိုဖာပေါ် ထိုင်ချလိုက်သည်။

တိုက်ကြီးက ကြီးကြီးမားမား ခန့်ခန့်ထည်ထည်။

တိုက်ထဲမှာကျတော့ ဘာမှ လှလှပပမရှိ။

ဝင်လာခါစက ဒေါ်မိမိသွင် နှာခေါင်းရှုံ့မိသည်။ မယ်မင်းကြီးမ...

ကြီးလိုက်တဲ့ မာန...

ဖအေက ပြုပြင်ပေးမယ်၊ ဆင်မြန်းပေးမယ်ဆိုတာပင် လက်မခံ။ သူ့မအေ ပေးခဲ့သည့် တိုက်ကို ဒီအတိုင်းပဲနေမည်တဲ့။

ကြည့်စမ်း... အပြင်ကကြည့်တော့ လှလိုက်သည့် တိုက်ကြီး။

အထဲမှာကျ ဟောင်းလောင်း...

"ကျွန်မ ဒီနေ့ ဒီအချိန်ပြန်တာ အစောဆုံးပဲ"

"အို..."

"အံ့သြသွားတာလား၊ ဒါမှမဟုတ် ဒေါ်မိမိ တစ်ခုခုပြောချင်တာလား"

"မပြောလိုပါဘူးအေ... မပြောလိုပါဘူး၊ ပြောတော့





လည်း..."

"ကျွန်မဘဝနဲ့ ကျွန်မလမ်းပါပဲ ဒေါ်မိမိ၊ ကိုယ့်ဘဝကိုယ့်ဝမ်းစာ ကိုယ့်ဘာသာကျောင်းပြီးနေရတဲ့ ကျွန်မလို မိန်းကလေးတစ်ယောက်အတွက် အိမ်ကထွက်ချိန်ဟာ အမြဲစောနေနိုင်ပေမယ့် ပြန်ချိန်ဟာ နောက်ကျချင်ကျမှာပေါ့"

"ကိုယ်က မိန်းကလေး"

"ဒါက ဒယ်ဒီတို့ပူရမယ့် အလုပ်ပါ၊ ဒယ်ဒီက မပူပင်သလို ကျွန်မလည်း ကိုယ့်ကိုယ်ကို ယုံတယ်"

"အခု အလုပ်ပြုတ်သွားပြီဆိုတော့ မင်း ဘာတွေလုပ်နေလဲ"

"ကျေးဇူးပြုပြီး ရှင့်မေးခွန်းတွေကို ပြန်ရုပ်သိမ်းပေးပါ"

"ဒီမှာ ယမာ၊ ညည်းက မာမီ့ကို ရှင်တွေ တော်တွေနဲ့ မရိုင်းပါနဲ့"

"အေး... ခပ်ရိုင်းရိုင်းထဲကလို့ပဲ မှတ်လို့ရတယ်၊ လာရင်းကိစ္စကိုပြော"

တစ်ချိန်လုံးငြိမ်နေသည့် ဒေါ်မိမိသွင်ရဲ့ ဒုတိယသမီးငယ် လီလီသွင်။

ခပ်စွာစွာ ခပ်ထက်ထက်ကလေးပေမယ့် ယမာ့ကိုဆို ကြောက်သားမို့ တစ်ခွန်းက နှစ်ခွန်းဆက်မပြောရဲ။



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက ဟောဒီနေရာကို ခြေမချချင်တာ၊ ထင်တဲ့အတိုင်းပဲ အစော်ကားခံရတာပဲ"

"နေစမ်းပါဦး ဒေါ်မိမိ၊ ရှင်တို့ကို ကျွန်မက ဖိတ်ကြားသမှု ပြုထားမိပါသလား"

"မဖိတ်ဘူးအေ့… မဖိတ်ဘူး၊ ဒါပေမယ့် ညည်းအဖေက မဖြစ်မနေခိုင်းလို့"

"ဪ… ဪ… ဒယ်ဒီကခိုင်းလို့ ရှင်က လာရတာကိုး၊ နားရှိလို့သာ ကြားရတယ်၊ ယုံတောင် မယုံချင်ဘူး၊ တကယ်… ပြောပါဦး၊ ဘာကိစ္စများလဲ"

ကိုယ့်မွေးသဖခင်ကို ခွေးချေးနိုင်သလို နိုင်ချင်တိုင်း နိုင်နေတာကို မမြင်ချင်၊ မတွေ့ချင်လွန်းလို့ ခုလိုတွေဖြစ်လာခဲ့ရတာမို့လား။

ဒါကိုများ ဒယ်ဒီကခိုင်းလို့ လာရပါသည်ဟု ပန်းလွဲပြောနေသည်။

ဘာမဆို ဒယ်ဒီရဲ့ဘာကိစ္စမဆို ရှင် ဒါရိုက်တာဆိုတာ ကျွန်မက မသိတဲ့လူလား။

"အခု ငါပြောမယ့်စကားကို သေသေချာချာ နားထောင်ပါ၊ အားလုံးဟာ ညည်းအဖေရဲ့ညွှန်ကြားချက်တွေပဲဆိုတာလည်း နှလုံးသွင်းထား၊ ဟောဒီတိုက်ကြီးမှာ ညည်းတစ်ယောက်တည်းနေရတာထက်စာရင် အဖော်ရှိတော့ ပိုကောင်းတယ်လေ၊ ဒါကြောင့်





ဒီတိုက်ကြီးမှာ လီလီသွင်နဲ့ မူမူသွင်တို့ ညီအစ်မကို လာထားမယ်၊ သူတို့ဝေယျာဝစ္စလုပ်ဖို့ မဖော့ကို ထည့်ပေးလိုက်မယ်၊ ပြီးတော့…"

စကားကိုရပ်၍ ဒေါ်မိမိသွင်က ယမာကို အကဲခတ်သည်။

ယမာ့မျက်ခုံးလေးတွေ တွန့်နေလျက် မျက်ဝန်းနက်ကလေးတွေက စားပွဲစွန်းမှာ စူးစိုက်လျက်…

ဒေါ်မိမိသွင် ကျေနပ်သွားသည်။

"ခြံကြီးက သိပ်ကျယ်လွန်းတဲ့အတွက် တောင်ဘက်ခြမ်းတစ်ဝက်ကို အဆောင်တစ်ခုထုတ်မယ်၊ နှစ်ထပ်ဆောင်ဆောက်ပြီး စပေါ်များများ၊ လခများများပေးနိုင်မယ့်လူကို အငှားထားမယ်။ သမီးတွေနဲ့ ညည်းရဲ့အိမ်စရိတ်အားလုံးလည်း ပြီးသွားတာပေါ့။ ပြီးတော့ ဒီတိုက်မှာလည်း အဆောင်အယောင်ပစ္စည်းအားလုံး ဖြည့်ထည့်သွားမှဖြစ်မယ်၊ လူဆိုတာ အပြင်ထွက်ရင် အဝတ်အစားနဲ့ ခြောက်၊ အိမ်ကိုလာရင် အိမ်နဲ့ခြောက်တဲ့ လူနဲ့လူ့ပတ်ဝန်းကျင်မှာ လူဝင်ဆံ့အောင် နေဖို့တော့လိုတယ် ယမာ၊ ပြီးတော့ 'ပိုင်'ဂေဟာရဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်"

"ရှင်တို့လာရင်းကိစ္စက ဒါလား"

ယမာ့မျက်နှာထားကြောင့် ဒီမေးခွန်းကို ခေါင်းမညိတ်ရဲ ခေါင်းမခါရဲနှင့် ဒေါ်မိမိသွင် ရုတ်တရက်ကြောင်အအကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခဏအတွင်း မျက်နှာကို ချက်ချင်းပြန်ပြင်သည်။

"အစ်ကိုထက်တတော့ သူ့သမီးကို ပိုင်ပိုင်မျိုးနဲ့ အသေအချာကို ပုံစံချပေးလိုက်တာပဲ"

ယမာ ဘာပြောတော့မည်ကို သိနေသလို ဒေါ်မိမိသွင်က အအေးနှင့်လှည့်ပြောလာသည်။

ယမာ့မျက်နှာ တင်းတင်းမာမာလေးဖြစ်သွားသည်။

"ကောင်းပြီ၊ ဒါဖြင့် အခု ကျွန်မပြောမယ့်စကားတွေကို ဒက်ဒီနဲ့ပဲ ပြောမယ်၊ ရှင်တို့ပြန်တော့"

နေရာမှ ဆတ်ခနဲ ထရပ်သည်။

တိုက်ပေါ် စတက်လာကတည်းက ကိုင်ထားဆဲ လက်ကိုင်အိတ်ကလေးကို စားပွဲပေါ် 'ဘုတ်'ခနဲ ပစ်တင်၍ ကျွန်းလှေခါးကြီး၏ အဆင်းစပ်မှာရှိနေသော တယ်လီဖုန်းရှိရာ ထသွားသည်။

ဒေါ်မိမိသွင်တို့ မျက်နှာတွေ အမျိုးမျိုးပြောင်းနေတော့သည်။

ခံပြင်းခြင်း၊ ရှက်ခြင်းများနှင့် အသားတွေတုန်နေသော်လည်း သူတို့ ယမာ့ကို ဘာမှထပ်မဆိုတတ်တော့။

ဒီကောင်မလေး ရှေ့နေပီပီ စကားကြွယ်တာ တစ်ဖက်သားခံခက်စေအောင်ပြောနိုင်တာ သူတို့အသိဆုံး...

ပြီးတော့ ကိုယ်က မိထွေးပီပီနေပြလာခဲ့တာမို့ ခေါင်းငုံ့





မခံတတ်သည့် ယမာနှင့် ရန်သူလိုဖြစ်နေကြတာ မဆန်း။

"ဟလို... ဒယ်ဒီလား"

"... ..."

"ဟုတ်"

"... ..."

"အခု ဒေါ်မိမိတို့ ယမာ့ဆီရောက်နေတယ်၊ ကိစ္စက ဒယ်ဒီသိမှာပဲ"

"... ..."

"အဲဒီကိစ္စ ဒယ်ဒီ စီမံတာလို့ပြောတယ်၊ ဟုတ်လား ဒယ်ဒီ"

"... ... ..."

"ယမာ ဒယ်ဒီတို့မိသားစုနဲ့ ခပ်ဝေးဝေးမှာနေချင်လို့ မာမီပေးခဲ့တဲ့တိုက်မှာ အဆောင်ယောင်မဲ့စွာ၊ မျက်နှာငယ်စွာနဲ့ တစ်ယောက်တည်းထီးထီးနေခဲ့တာပါ ဒယ်ဒီ၊ ဒယ်ဒီကိုယ်တိုင်လည်း အကြောင်းကြောင်းကို မစွန့်လွှတ်နိုင်စွာနဲ့ သမီးတစ်ယောက်ကို ခုလို တစ်ယောက်တည်းနေခွင့်ပေးခဲ့တာပါ"

"... ..."

"ဟင့်အင်း... ယမာ ဒယ်ဒီ့ကို စော်ကားနေတာမဟုတ်ဘူး၊ တည့်တည့်ပြောမှ ဒယ်ဒီကြိုက်မယ်ဆို၊ ပြောမယ်... မနေ့သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သခင်ကြားမှာ ဒယ်ဒီ သမီးကိုပဲစွန့်ခဲ့တာပါ၊ မာမီပေးခဲ့တဲ့ တိုက်ဘင်လုံးရှိလို့သာ ယမာ အခြေမပျက်ခဲ့ပေမဲ့ အဲဒီအသိုက်အဝန်းမှာ နေချင်တဲ့ယမာဟာ ဒီတိုက်မရှိလည်း ကိုယ့်ဘဝကို ဖြစ်သလို ရှောက်သွားမယ့် ယမာပါ၊ တစ်ခုပြောပါ ဒယ်ဒီ၊ အခု ဒေါ်မိမိတို့ ရဲ့ကိစ္စကို ယမာကိုယ်တိုင် ဆုံးဖြတ်ခွင့်ပေးမှာလား၊ ဖခင်တစ်ယောက် အနေနဲ့ ဒယ်ဒီဆုံးဖြတ်မှာလား၊ ဒယ်ဒီပြောပါ"

"... ... ..."

"ဒါဆိုရင်တော့ ယမာက အခုချက်ချင်း အဖြေပေးလိုက်မှာပါ"

"... ... ..."

"ဒါဆိုလည်းရတယ် ဒယ်ဒီ၊ တစ်ခုတော့ရှိတယ်၊ သူတို့ စီမံသလို ယမာ ဘာတစ်ခုမှမလိုက်နာနိုင်တဲ့အတွက် အမွေပုံကြီး တစ်ခုလုံးကို အားမရဘဲ ဒီတိုက်၊ ဒီခြံကိုပါ လိုချင်တပ်မက်သူတွေ ကို ယမာ အားလုံးထိုးအပ်ခဲ့ပြီး ဆင်းသွားပေးမယ်၊ ယမာဟာ သွေးသားမတော်စပ်ဘဲ ကိုယ့်အပေါ် အနိုင်နဲ့ပိုင်းပြီး လက်ဝါးကြီး အုပ်လာမှာမျိုးကို လုံးဝခေါင်းငုံ့မခံတတ်တဲ့ ယမာဆိုတာ သက်သေ ပြသွားမယ်"

တစ်ဖက်မှ ဘာမှအကြောင်းကြားချက် ထွက်လာပုံမရ သေး။





ဒေါ်မိမိသွင်နဲ့ လီလီသွင်တို့ ယမာ့နား ရောက်လာကြပြီ။ ကောင်းသောလာခြင်း မဟုတ်။

စားတော့ ဝါးတော့မတတ် မျက်လုံးတွေက ဝင်းဝင်း လက်လက်။

သူတို့ဒေါသကို သူတို့ထိန်းထားရတာတွေ မြင်အောင်ပြ လျက် လက်သီးလက်မောင်းတန်းလာတာ...

"ယမာ... ညည်းစကားပြောတာ လူပါးဝလှချေလား ဟင်၊ စကားလုံးတွေက ရင့်လှချေလား"

စိတ်ပျက်ခြင်းများနှင့် ယမာ့မျက်နှာလေး မဲ့သွားသည်။

စကားပြောခွက်ကို လက်ကလေးတစ်ဖက်နှင့် ခပ်ဖိဖိကပ် လိုက်၍

"ကျေးဇူးပြုပြီး လူကြီးလူကောင်းဆန်စွာနဲ့ တိတ်တိတ် ဆိတ်ဆိတ်နေပေးပါ ဒေါ်မိမိ၊ ဒါ ကျွန်မတို့ချင်း ဆွေးနွေးတဲ့ပွဲ၊ ကိုယ်နဲ့ပတ်သက်နေသမျှ ဘာစကားပဲဖြစ်ဖြစ် ပြောခွင့်ရှိတယ်၊ ဒါပေမယ့် ကျွန်မပြောသမျှ စကားတိုင်းဟာ ကျွန်မအကြောင်း ကျွန်မက ပြောနေခြင်းတွေပဲ"

ယမာ ဘယ်သူ့မှဂရုမစိုက်တော့။

စကားပြောခွက်က လက်ကို ပြန်ခွာသည်။

"အဖြေပေးပါ ဒယ်ဒီ၊ ယမာစောင့်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



— ... ... ...''

—ကောင်းပါပြီ၊ အဖြေတစ်ခုအတွက် ချက်ချင်းမပေးနိုင်တဲ့ ပုစ္ဆာတစ်ပုဒ်လို ယမာ့မေးခွန်းက ဒယ်ဒီ့အတွက် အခက်အခဲတစ်ခု ဖြစ်သွားရတာမို့ ယမာ တောင်းပန်ပါတယ်၊ ဒယ်ဒီဖြေနိုင်တဲ့နေ့ကို ဖုန်းဆက်ပါ၊ ကိုယ်စားလှယ်မလွှတ်ပါနဲ့၊ ယမာဟာ ဒယ်ဒီ တစ်ယောက်တည်းရဲ့ အာဏာကိုတော့ မလွဲမသွေ ခေါင်းညိတ်ပေးရတော့မယ်ဆိုတာ ယုံကြည်ချက်အပြည့်နဲ့ စောင့်ကြည့်နေကြသူတွေကြား ဒယ်ဒီမျက်နှာမငယ်ရအောင် ယမာ ကြိုးစားပါ့မယ်''

ဖုန်းကို ဖွဖွလေး ပြန်ချသည်။

ဒေါ်မိမိသွင်တို့ဘက် ပြန်လှည့်လိုက်၏။

''ကြီးကြီးဆင့်''

''ဟေ...''

အတွင်းဘက်မှ ခပ်ဖိုင့်ဖိုင့် အမျိုးသမီးကြီး ထွက်လာသည်။

''ကျွန်မပြောနေတာတွေတော့ ရှင်တို့ကြားပါတယ်နော်၊ ဒယ်ဒီ ဘာတွေပြောသလဲဆိုတော့ သိချင်ရင် ပြန်မေးပေါ့၊ ဘာတွေ ထပ်ညွှန်ကြားမယ်ဆိုတာလည်း သင်ပေးလိုက်ပါဦး''

''ညည်းစကားတွေက ညည်းဖအေတစ်ယောက်လုံးကို ဘယ်ဘဝရောက်သွားသလဲဆိုတာ သိရဲ့လားဟင်''





''ကျွန်မအဖေဟာ ထာဝရ ကျွန်မအဖေပါပဲ၊ ဒါပေမယ့် ရှင့်လက်ထဲမှာရှိနေသမျှ ကျွန်မအဖေကို ကျွန်မ ဘယ်တော့မှမပိုင်စိုးနိုင်ဘူးလေ''

''ပိုင်စိုးချင်ရင် ညည်း ရအောင်ပြန်ခေါ်ပါလား၊ ဒီမိန်းမနဲ့ ကွာလိုက်ပါလို့ ရအောင်ပြောပါလား''

တန်းမတ်နေအောင် ထောင်ထားသည့်လက်မကို သူမ ရင်ဘတ်ဆီ ထိုးညွှန်လျက် အပိုင်ကြီးပြောချနေသော ဒေါ်မိမိသွင်ကို ယမာ နှာခေါင်းလေး မသိမသာရှုံ့လျက် အထင်မြင်သေးစွာ ကြည့်မိသည်။

''ရှင့်ရဲ့ ထောင့်ငါးရာကိုလေသာမီးတွေနဲ့ ဒယ်ဒီ့ကို မလှုပ်နိုင်အောင် ညှတ်သွင်းတုတ်ဆိုင်းပြီးမှ သားသမီးဖြစ်တဲ့ ကျွန်မက ဘယ်လိုအနိုင်တိုက်ယူနိုင်ပါ့မလဲရှင်၊ ကျွန်မကလည်း စစ်ခင်းပြီး ခစ်တလင်းကဖမ်းရတဲ့ သုံ့ပန်းမျိုးကို မလိုချင်ပါဘူး၊ စိတ်ချ၊ တစ်နေ့ မေတ္တာမှန်တဲ့လူက အနိုင်ရမှာပါ''

''တောက်''

''ကြီးကြီးဆင့်... သူတို့ပြန်ရင် တံခါးအသေပိတ်ပစ်၊ နောက်ထပ်ဘယ်ဧည့်သည်မှ ထဧည့်ခံမနေနိုင်ဘူး၊ ကြီးကြီးဆင့်လည်း နားပါ''

''အေး အေး''



www.burmeseclassic.com

www.burmeseclassic.com



"နေနှင့်ဦး မိယမာ၊ ညည်း လမ်းပေါ်မှာအိပ်၊ လမ်းဘေးရေအိုးစင်ရောက်အောင် ငါလုပ်ပြမယ်"

ဒေါ်မိမိသွင်ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးလျက်...





အင်းလျားရေပြင်က နှုးဆံစလေးတွေကို ဝေ့ဝဲသွားအောင် ဆော့ကစားသွားနိုင်ပေမယ့် တစ်ခုတည်းသော အကြောင်းအရာပေါ်နှင့်သည်းစွာ ခံစားမျိုသိပ်နေရသည့် ယမာ့ခံစားချက်တွေကို ဘယ်အရာဆီသို့မှ ဦးတည်လှည့်စားပေးဖို့ရာ မစွမ်းသာနိုင်။

"ယမာရယ်.. နင့်မျက်နှာကြီးကို မော့စမ်းပါဦး"

"ဟင့်အင်း... ငါ... ငါ အရမ်းငိုချင်နေတယ် မေရီရယ်"

"ဘုရားသခင်... နင့်ပါးစပ်က အရမ်းငိုချင်တယ်လို့ ပြောတာ ငါဖြင့် ပထမဆုံးကြားရတာပါလား၊ ဟုတ်ရဲ့လားဟယ်"

ယမာ့မျက်နှာလေး မော့လာလျက် အံကြိတ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရီတစ်ယောက် မျက်ရည်ရောင်လက်နေသော ယမာ့မျက်နှာလေးကို အငေးသားကြည့်နေမိ၏။

ဒီမိန်းကလေး ဘယ်တုန်းက တော်ရုံနှင့် မျက်ရည်ဝဲတတ်ဖူးလို့လဲ။

အထူးသဖြင့် အဲဒီ ဒေါ်မိမိသွင်တို့ အသိုင်းအဝိုင်းနဲ့ ပိုမိုမာန်ကြီးခဲ့တဲ့ ယမာပဲ။ အနိုင်ယူလိုတဲ့ ယမာပဲ…

"တကယ်ဆို သူတို့ကို ငါရှုံးနေရတာ မေရီရယ်… နင် တွေးကြည့်စမ်းပါဦး"

ယမာ မေရီ့လက်ဖဝါးလေးကို ခပ်နာနာဆုပ်ညှစ်၍ လှုပ်ပစ်သည်။

"သူတို့တွေ အိမ်ပေါ်ရောက်လာကြတယ်၊ တီတီမေ့ကို လုံးဝဂရုမစိုက်တဲ့အပြင် ဒုက္ခိတမကြီးလို ဖြစ်သလိုထားပြီး ပြုစုရတာတွေ၊ စောင့်ရှောက်ရတာတွေ ပေါ်လွင်အောင်ပြောတယ်၊ ခုချိန်ထိ တီတီမေ့အပေါ် ကောင်းကောင်းကျွေး၊ ကောင်းကောင်းပြုစုပေးနေတာကော ဘာဖြစ်လို့လဲ သိလား"

"နင့်အန်တီမေရဲ့ငွေကို လိုချင်လို့နေမှာပေါ့"

"ဟုတ်တယ်၊ အိမ်မှာ အခုလက်ရှိ လူသုံး သုံး ရှိတယ်၊ သူတို့အစွယ်အပွားတွေနဲ့ တစ်ယောက်တစ်ပေါက်နဲ့ ဥစ္စာရှူးရှူးနေကြတာ၊ သူတို့ကိုယ်တိုင်လည်း ဥစ္စာရှူးတွေ ဖြစ်နေတာပဲ၊





ဒယ်ဒီကော ဘာထူးလို့လဲ၊ ခုဆို သမီးတစ်ယောက်လုံးကိုတောင် မယားပါသမီးတွေနဲ့ တန်းတူမထားရဲတဲ့ဘဝ"

"ဟဲ့… အဲဒီကောင်မလေးတွေက နင့် ဒယ်ဒီကလေးတွေပဲ ဆို၊ အပြင်မှာညားနေကြပြီး ကလေးနှစ်ယောက်ရကာမှသိပြီး နင့်မာမီ နှလုံးရောဂါရတာမို့လား"

"အို… ဘာပဲဖြစ်ဖြစ်၊ ဒယ်ဒီ့သွေး ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ကို ငါလုံးဝ ကြင်နာသည်းခံဖို့ စိတ်ကူးထဲ မထည့်ဘူး၊ မယားရှိပြီးမှ ဖောက်ပြန်တဲ့ ဒက်ဒီ့ကိုလည်း မုန်းတယ်၊ မေရီရယ်၊ တစ်လောကလုံးမှာ ငါ့လောက်ကံဆိုးတဲ့လူ ရှိသေးလို့လား"

ကျမတတ် အံ့ခဲလာသည့် မျက်ရည်တွေကို မျက်တောင်ဘအားခတ်၍ သိမ်းဆည်းနေရသည်။

"ခုဆို သူတို့ဖြစ်စေချင်သလို ငါလည်း အငွေ့ကို လွင့်နေရပြီ၊ ဒယ်ဒီ့ဆီက ငါရမယ့်အကြင်နာတွေကိုလည်း သူ့မယားစုံသမီးတွေဘက် ပို့ပေးနိုင်ခဲ့ပြီ၊ ဒါတောင် အားမရသေးဘူး၊ အခု ငါနေတဲ့အိမ်ကိုပါ လက်ဝါးကြီးအုပ်ဖို့ ကြိုးစားလာပြန်ပြီ၊ မလွန်လွန်းဘူးလား"

တက်တစ်ချက်ခေါက်၍ ယမာ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေသမျှ မေရီ ပင့်သက်ကလေးမျှမချနိုင်ဘဲ ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းထဲမှာတော့ ယမာ့ခံစားမှုကို ပြေပျောက်အောင် ဘယ်လို အကြောင်းအရာနှင့် စကားလုံးမျိုးကို ပြောရမလဲဆိုတာ အပြေးအလွှား ရှာနေရပြီ။

ကျောင်းတုန်းကလည်း ဒီလိုပဲလေ…

မေရီ့ဆို ယမာ အရမ်းဆိုးသည်။

သူ့ထက် နှစ်နှစ်ကျော်ကြီးသည့် မေရီ့ကို "မ" တွေဘာတွေ တပ်မခေါ်ဘဲ သူငယ်ချင်းတွေလိုပဲ တရင်းတနှီး နှဲ့နေကျ။

ခုလို ယမာလည်း ရှေ့နေမကြီးဖြစ်၊ သူမသည် လည်း ဥပဒေဝန်ထမ်း အသီးသီးဖြစ်နေကြသည့်တိုင် လူတွေကွယ်ရာဆို ယမာ မူနွဲ့ဟန်လေးတွေ မြင်နေရဆဲ။

"နှင် စဉ်းစားကြည့်စမ်း"

"ဟင်… အင်း"

"ဒီအိမ်က မာမိ ငါ့ကို ငါ့နာမည်နဲ့ တရားဝင်လွှဲပေးထားတဲ့တိုက်၊ ဒီလိုတွေဖြစ်လာမယ်ဆိုတာ မာမီကြိုသိနေလို့များလားဟယ်"

"အေးပေါ့၊ လူကြီးဆိုတာ ရှေ့ကို ကြိုမြင်တတ်[ ]တာပဲ"

"ငါ့နာမည်နဲ့အပ်ထားပေးတဲ့ ဘဏ်ကငွေတွေဂါလည်း ဒယ်ဒီ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ထုတ်ယူလို့ကုန်နေပြီ၊





ဒါလည်း ဒင်းတို့လက်ချက်ပဲ"

"နှင်ကလည်း ဘာလို့ပေးလဲ"

"ဟဲ့… ဘဏ်ကငွေမပြောနဲ့၊ ငါ့အသက်ဆယ့်ရှစ်နှစ်ပြည့်တုန်းက ရှေ့နေကလွှဲပေးတဲ့အမွေတွေတောင် ငါ သေတ္တာလိုက် ဒယ်ဒီ့လက်ထဲ အပ်ပစ်လိုက်တာပဲ"

"အဲဒါပြောကာပေါ့၊ နှင့်မာနက ကိုယ့်ကိုယ်ကို ဒုက္ခရောက်မယ့် မာနတွေ"

"ငါ မာနကြီးပြတာမဟုတ်ဘူး မေရီ၊ အဲဒါတွေကို မက်ကိုမက်တာ"

"မက်မက် မမက်မက် ပစ္စည်းဥစ္စာဆိုတာ လူတစ်ယောက်အတွက် ရှိထားမှကိုဖြစ်မှာ ယမာရဲ့၊ အထူးသဖြင့် ဘယ်သူနဲ့မှ မပတ်သက် ကင်းကင်းနေချင်တဲ့ နှင့်လိုလူမျိုးမှာ ပိုပြီး ဥစ္စာပစ္စည်းလိုတယ်၊ ကိုယ့်မှာ ပြည့်ပြည့်စုံစုံရှိထားမှ သူများနဲ့ကင်းမှာ"

"ငါ့မှာမရှိလို့ သူတို့ဆီမှာ သွားအောက်ကျခံလိမ့်မယ်လို့ နှင်ဆိုလိုတာလား"

"ဆိုလည်း မဆိုလိုဘူး၊ နှင့်စိတ်ဓာတ်ကို နားလည်ဆုံးဟာ ငါပဲ၊ ဒါပေမယ့် နှင်သတိမထားမိတာတစ်ခုရှိတယ်၊ အဲဒါကို သတိထားမိတဲ့အကြောင်းကလည်း နှင်ဟာ ငယ်ငယ်ကတည်းက ငွေရှား၊ ငွေမရှား ပြည့်ပြည့်စုံစုံနေလာခဲ့တယ်၊ လိုအပ်ခြင်းဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



နင်က ခံစားဘူးတော့ သောကဆိုတာ မသိသေးဘူး၊ ပစ္စည်းဥစ္စာ ချို့ခြင်းဟာ ဘယ်လောက်ဒုက္ခဆင်းရဲကြီးသလဲဆိုတာ ခု နင်သိရတော့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နင်က နင်ရဲ့ပိုင်ဆိုင်ခြင်းတွေကို သူတစ်ပါးဆီမှာ လုံးဝအပ်နှင်းပစ်ခဲ့ပြီကိုး၊ နင့်မှာ နင်ပိုင်တာ ဒီတိုက်တစ်လုံးပဲရှိတော့တယ်"

"ဒါလည်း ဒယ်ဒီက ဒယ်ဒီ့ပါးစပ်က 'စေ'တစ်လုံးတည်း ထွက်လာတာနဲ့ ငါ့ရဲ့ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်းဟာ အလွယ်တကူဖြစ်လာမှာပဲ မေရီ"

"နင်က ဘာများအားကိုးရှိသေးလို့လဲ"

ယမှာမှာ ဘာအားကိုးရှိသေးလို့လဲ။ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်စမ်း...။

"နင့်ဒယ်ဒီက ဒီစကားမျိုး ပြောမထွက်ဘူးလို့ နင်ထင်လို့လား၊ ကဲ... နင်မထင်တဲ့စကား နင့်ဒယ်ဒီက ပြောခဲ့ပြီတဲ့၊ နင် ဘယ်သွားနေမလဲ"

ဟုတ်သည်ပဲ။

ပထမတစ်ဆင့်ကတော့ မာမီပေးထားသည့် ဒီတိုက်ကြီးအားကိုးနှင့် မာန်တင်းရဲခဲ့သည်။ စားဖို့သောက်ဖို့ထိ ယမှာ မပူခဲ့။

ခုချိန်ထိလည်း စားဖို့သောက်ဖို့ ပူပင်နေရသည့်အဆင့်ထိ မရောက်ဘူးခဲ့သော ယမှာမှာ ပညာရှိသည်။





ပညာအားကိုးမရလျှင် လက်တွေ ခြေတွေရှိသည်။

အဲဒါ ယမှာ့ရဲ့မာနတွေပါ။ ဒီတစ်ခါ ဒီတိုက်ကြီးပေါ်က ဆင်းပေးရဦးမည်ဆိုလျှင်...

ဒါဖြင့် ယမှာ ဒီလိုဆုံးဖြတ်ရတာ ဘာကြောင့်လဲ...

မတွေဝေတဲ့ ယမှာပါ။

ကိုယ့်စိတ်ကို ကိုယ်သိတာပေါ့...

ယမှာ ဒယ်ဒီ့ကိုချစ်သည်။ နှုတ်ဖျားက မည်သို့ တင်းမာပြတ်တောက်စွာ ပြောဆိုမိပေမယ့် ဒယ်ဒီ့ကို ယမှာချစ်ဆဲ... ဒယ်ဒီ့အပေါ် နားလည်စိတ်သည်လည်း ချစ်၍ပါပဲ...

တစ်လောကလုံးမှာ ဒီတစ်ယောက်တည်း အားကိုးတွယ်တာရာ... ဒယ်ဒီ့ကို ယမှာ ဘိတ်တခိုးလေး မျှော်လင့်နေမိဆဲ...

ခုလည်း "မင်းတို့ ဒီလိုလုပ်ရင် ငါ့သမီးလေး ဘယ်လိုနေမလဲ၊ ဒီကိစ္စ ငါ လုံးဝသဘောမတူဘူး" ဘာညာ...

ဒယ်ဒီ ယမှာ့ဘက်က ဝင်ရပ်ပေးစကားဆိုသည့် မျှော်လင့်ချက်လေးနဲ့...

"ငါ့စေတနာကို နင်အလေးထားတယ်ဆိုရင် နင် သေးလေးနက်နက်စဉ်းစား ယမှာ၊ ရန်ကုန်မြို့မှာ ဝမ်းတစ်လုံးဖို့ ခဲယဉ်းပေမယ့် ခေါင်းတစ်လုံး၊ ကျောတစ်နေရာ၊ တစ်ညအတွက်တောင် လွယ်တာမဟုတ်ဘူး၊ ဒီတော့ အခု နင့်ပစ္စည်းဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ငွေအားလုံး သူ့တို့သုံးဖြုန်းနေပြီ၊ နင့်မှာ ဘာမှမရှိတော့ဘူးထား၊ သတ်မှတ်ထားတဲ့အိမ်ကိုတော့ ဘယ်လိုနည်းနဲ့မှ ဘယ်သူတစ်ယောက်ကိုမှ ထပ်အဝင်မခံနဲ့၊ အပိုင်လွှဲပေးဖို့ ဆင်းဖို့ဆိုတာတော့ အိပ်မက်မက်ရင်တောင် မျက်နှာထသစ်ပစ်၊ ဒါပဲ"

"သိပ်ကျေးဇူးတင်တယ် မေရီ"





"သက်သက်… နင်လာလိုက်ရင် ဒီကိစ္စကလွဲပြီး ပြောစရာမရှိတော့ဘူးလား"

ဒေါ်သက်သက်ပိုင် မျက်နှာမဲ့ကျသွားသည်။

"ကိုကြီး ပြောတော့ပြောတာပဲ၊ သက်မှာလည်း ငွေလိုနေတာ ကိုကြီးသိရဲ့လား၊ အခု ကိုကိုတို့သင်္ဘောမှာ ကပ္ပတိန်တစ်ယောက်ပြုတ်သွားပြီ၊ အဲဒီနေရာကိုရဖို့ ငွေအရမ်းလိုတယ်၊ ဒီနေရာသာရလိုက်ရင် အဟင်း…"

"ဘာဟ… သာမန်သင်္ဘောသားဘဝကနေ ကပ္ပတိန်ဘက်လုပ်မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ… ကိုကြီးက မဖြစ်နိုင်ဘူးထင်လို့လား၊ ငွေပဲ ကိုကြီးရဲ့၊ ငွေ… ငွေ… ကိုကြီး စောင့်ကြည့်နေလိုက်၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး… ငွေနဲ့ ရာထူးကိုဝယ်လို့ရလည်း မကြာခင် နှင့်ယောက်ျားကို ပင်လယ်ထဲ လိုက်ကောက်ဖို့ပြင်ထား"

"ဘာ… ကြည့်စမ်း၊ ဘုရား ဘုရား… ကိုကြီး ပြောရက်လိုက်တာ၊ မဦးမချွတ် ကိုကြီးရယ်၊ ကိုကိုက ပင်လယ်ထဲ ခရီးသွားနေရတာ၊ နမိတ်မရှိလိုက်တာ အဟင့် ဟင့်"

ဒေါ်သက်သက်ပိုင် ဟန်မဆောင်နိုင်စွာ ဟီးခနဲငိုချတော့ အနားမှာရှိနေသည့် ဒေါ်မိမိသွင်က သိုင်းဖက်၍ ချော့ရသည်။

"တိတ်ပါ သက်ရယ်… ကိုကြီးက ချစ်လို့စတာပါ၊ အစ်ကိုကြီးကလည်း သက်သက် သူများစိတ်ဆင်းရဲအောင်"

"သြော်… မိသက် မိသက်၊ သူ့ဟာထိတော့ မျက်ရည်များတောင်ကျလို့ဗျာ ဟား ဟား…"

"အို… အစ်ကိုကြီးကလည်းဆို"

"ရယ်… ရယ်ပါ၊ ဒီနေ့ လာမိတာကိုက သက်မှားတာ၊ သွားမယ်"

"သဘောပါဗျာ… ဟား ဟား"

ဒေါ်သက်သက် ကားသံ ဝူးခနဲဆောင့်ထွက်သွားမှ ဦးသက်ထက်ပိုင်က ဆိုဖာမှာ ဝင်ထိုင်သည်။

"ဒယ်ဒီနဲ့မာမီ ထမင်းစားမလား"

လီလီသွင် စွေ့ခနဲဝင်ထိုင်ပစ်လိုက်သည်။





"ဟဲ့… လန့်လိုက်တာကွယ်၊ အသံကော လူကော ဘာခေါ်တည်းဆိုတော့ လန့်သွားတာပဲ"

"လန့်မှာပဲ၊ ခင်ဗျားသမီးတွေနဲ့ ခင်ဗျား ကြာရင် နှလုံးရောဂါတော့ဖြစ်ဦးမယ်၊ ကြည့်လိုက်ရရင် တစ်ယောက်မှထောင့်မကျိုးဘူး"

"ထောင့်ကျိုးတာက စက္ကူဖြစ်မယ်ဒီရဲ့၊ လီတို့က လူတွေဆိုတော့ ဘယ်ထောင့်ကျိုးမလဲ"

"အေး… အဲဒီလူကိုပဲ ထောင့်ကျိုးအောင် ခင်ဗျားတို့မအေက မဆုံးမနိုင်တာကိုး"

"သြော်… ဟုတ်ပါတယ်၊ ဒီက ကျေးဇူးက သားသမီးကို ထောင့်ကျိုးအောင် မဆုံးမနိုင်ဘူး၊ ဒေါ်အိမ်ရှင်တို့ ဆုံးမထားလိုက်တဲ့ သမီးလေးများကျတော့လည်း ထောင့်ကျိုးလွန်နေလို့ ဆင်ပါရဲ့၊ လူကြီးတွေကို ပြန်ပြန်ကိုက်လိုက်တာ ခွေးတစ်ကောင်ထက်တောင်ဆိုးသေး၊ ပြောချင်ဘူး"

"ဒါကတော့ မင်းတို့ကကော စကားကောင်းသွားပြောလို့ပေါ့"

"အဲဒါက သက်သက် ဒယ်ဒီအပြစ်ရှာတာ၊ လီတို့တွေဟာ သူ့ကို တစ်ယောက်တည်းစိတ်မချတာနဲ့ သိုက်သိုက်ဝန်းဝန်း သွားနေဖို့စီစဉ်တာဥစ္စာ၊ ပြီးတော့ ဒီလိုစီစဉ်လို့ အကျိုးအမြတ်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ဘော့ကော မာမီက ယူမှာမှမဟုတ်တာ"

ဦးသက်ထက်ပိုင် သက်ပြင်းချသွားရပြန်ပြီ။

အမှန်တော့ မိန်းကလေးတစ်ယောက်တည်း ဒီလိုထီးထီး နေဖို့ မသင့်တာအမှန်ပင်။

အိမ်မှာထားတော့လည်း မတည့်ကြသူတွေ တကျက်ကျက် ဖြစ်ကြတာ သူစိတ်ညစ်မခံနိုင်ပြန်။

စိတ်ဆတ်သူက သမီးလေး ယမာ။

အသက်ဆယ့်ရှစ်နှစ်ပြည့် အမွေပေးခဲ့သည့်ညက ဒေါ်မိမိသွင်ထံမှ မဆီမဆိုင် မကျေနပ်သံထွက်လာတော့ သူဒေါသ ဖြစ်စွာ စကားများခဲ့ကြတာကို သမီး ကြားသွားသည်။

လက်ဝတ်ရတနာတွေ ထည့်ထားသည့် သေတ္တာဘူးကို ပက်ခနဲ လာချပေးသွားသည့် သမီး။

မက်မောစွာ ကောက်ယူပွေ့ပိုက်လိုက်ပြီးသည့် မယားလက်ထဲက ရတနာသေတ္တာကို မချိတင်ကဲကြည့်ရင်း အဲဒီညက ဦးသက်ထက်ပိုင် ချွေးစေးပြန်ခဲ့ရသည့်ညပါပဲ။

သူ အံ့သြစွာနှင့် ပွင့်ဟသွားခဲ့သည့် နှစ်ခမ်းနှစ်ခုမ... သူပြောလိုရာပြောပြီး ယမာက ပြန်ထွက်သွားခဲ့ပြီ။

ကြည့်စမ်း...

ဒေါ်မိမိသွင် ဉာဏ်အမျိုးမျိုးထုတ်၍ တောင်းရမ်းထုတ်...





ရန် ပူဆာခဲ့ နားပူခဲ့တာတွေကို သူအမျိုးမျိုး လှည့်ပတ်ရှောင်တိမ်းခဲ့လျက်... သမီးပစ္စည်းကိုတော့ မထိမိဖို့အတွက် သူကာကွယ်ခဲ့လိုက်ရတဲ့ နှစ်တွေနည်းလား...

ခုတော့ သမီးလေးက လွယ်ကူစွာ တစ်ကျပ်တစ်ပြား မုန့်ဖိုးပေးသလို ချပေးသွားခဲ့သည်။

မိုက်လှသည့်သမီး။ အဲဒီမိုက်နောင်တဟာ ဘယ်သောအခါပဲပြန်ရရ၊ ဘာမှအရာမထင်တော့ပြီကို ဒင်းလေးမသိဘူးတဲ့လား။

သမီးအပေါ် ကရုဏာဒေါသနှင့် သူ မခေါ်မပြောဘဲ ပစ်ထားလိုက်သည်။

ဒီမျှ ဆုံးဖြတ်ရဲတဲ့သမီး... ဒင်း နောင်တရပစေတော့ဟု ထားပစ်ခဲ့သည်။

တစ်နေ့ သူ အလုပ်ကပြန်လာတော့ ငိုကြ၊ ရယ်ကြနှင့် အိမ်မှာ ပြဿနာတွေ ဆူညံပွက်နေသည်။

မောနေသည့်စိတ်က မငြိမ်သက်နိုင်တော့ ဒေါသတွေ အလိပ်လိုက်ဖြစ်လာလျက်...

ဘယ်သူ့ကိုပေါက်ကွဲရမလဲရှာတော့... သမီးပဲ...

အားလုံးကို သူ မရိုက်နှက်ရဲ...

"တိတ်ကြစမ်း" တားပါလျက်နှင့် တစ်ယောက်တစ်ခွန်း ပြောနေကြဆဲ....



www.burmeseclassic.com

www.burmeseclassic.com



ဒင်းတို့ကြားထဲ ပြေးဝင်လိုက်သည်။

ဘာဖြစ်တာလဲ - ဘာညာမမေးမိ။

သမီးပါးကို လက်ဖြန့်တစ်ချက် ရိုက်ပစ်လိုက်သည်။

အို… အဲဒီတုန်းက သမီးမျက်ဝန်းတွေ စူးလက်သွားလျက် သူ့ကို ဖျတ်ခနဲ မော့ကြည့်လာသည့်အကြည့်တွေကို ယခုတိုင် သူ ပြန်မတွေးရဲသေး…

“ဒယ်ဒီကျော်ပေးတာကွယ်လိုက်တဲ့ဘက်က ဘယ်သူ့ဘက်လဲဆိုတာ ယမာသိသွားပါပြီ ဒယ်ဒီ၊ မိန်းမနဲ့ သမီးကြားမှာ ပြတ်ပြတ်သားသား ဆုံးမပေးရဲတဲ့ ဒယ်ဒီ့ကိုလည်း ယမာ အရှမ်းနာကြည်းသွားပါပြီ၊ ဒီနေ့ ဒီအိမ်ကြီးမှာ ပိုင်စိုးခဲ့တဲ့ ‘ယမာပိုင်စိုး’ ဟာ ဒီနေ့ကစပြီး နောက်ထပ်မနက်ဖြန်တွေတိုင်းမှာ ယမာဆိုတဲ့ နာမည်နှစ်လုံးတည်းနဲ့ အထီးကျန်ယမာအဖြစ် ဒယ်ဒီမြင်ရမှာပါ၊ ဒီအိမ်ကြီးကိုပိုင်စိုးခွင့်မရတဲ့ ယမာပိုင်စိုး ဒယ်ဒီအုပ်ထိန်းမှုအောက်မှာ မနေလိုတဲ့ ယမာပိုင်စိုးဟာ ယမာပဲ ဖြစ်သင့်တာပေါ့၊ ဒါပေမယ့် ဒယ်ဒီ၊ ဒီအိမ်ကြီးမှာ ပိုင်စိုးခွင့်ဆိုတဲ့စကားကြောင့် ယမာ့ကို ပစ္စည်းမက်တယ်လို့တော့ မထင်နဲ့၊ ဒီအိမ်ကြီးရဲ့အိမ်ထောင်ဦးစီး ဖွားဖွားတို့ မရှိတော့တဲ့နောက် အိမ်ထောင်ဦးစီးဖြစ်လာတဲ့ ဒယ်ဒီ့ရဲ့ ဖခင်မေတ္တာ၊ ဒယ့်ဒီရင်ထဲကလာတဲ့ အကြင်နာ၊ ဒါတွေကို ယမာဆိုလိုတာ၊ ဒါပေမယ့် ယမာ အားလုံးကိုမေ့နိုင်အောင် ကြိုးစားတော့မယ်”

သစ္စာမွန်စာပေ



အဲဒီကတည်းက ပြတ်ပြတ်တောက်တောက်နေခဲ့လိုက်တာ ယမာတစ်ယောက် ပိုင်ဂေဟာကို လုံးဝခြေမချခဲ့တာအမှန်။

သမီးကို သူပြန်လာဖို့ ခေါ်ကြည့်ပေမယ့် မရတော့ပြီကို သိနှင့်ပြီးသား သူကိုယ်တိုင် သမီးနေထိုင်ရာ ရွှေတောင်ကြားရှိခြံထဲသို့ လိုက်သွားလျက်…

တိုက်ရဲ့အတွင်းအပြင် အဆောင်အယောင်ကအစ ပြုပြင်ဆင်မြန်းပေးဖို့ စီစဉ်တော့ ယမာ လုံးဝလက်မခံတာ။

အဲဒါကို သူ ယခုတိုင် ဒေါသဖြစ်သည်။

ဖခင်တစ်ယောက်အပေါ် ဒီမျှ မာနကြီးဖို့မသင့်ဟု သူထင်သည်။

နောက်ဆုံး မဖြစ်မနေ ယောက်ျားသားတစ်ယောက်တော့ ရှိမှဖြစ်မှာမို့ မိဘများလက်ထဲကတည်းက ရှိနေခဲ့သည့် အိမ်ကခြံစောင့်ဘကြီး ဦးကွန်းကိုပဲ ယမာ့ခြံကို ပို့ထားခဲ့လျက်၊ အိမ်ဖော်အဖြစ် သမီးနဲ့ ရင်းနှီးခဲ့ပြီးသော မဆင့်ကိုပဲ သွားပို့ပေးခဲ့သည်။

ဒီလောက်မာနကြီးတာ၊ ဘာမှစီစဉ်မပေးနဲ့ဟု မိန်းမနဲ့ သမီးတွေက တားကြသေးသည်။

အဲဒီတစ်ခါသူ ဒေါသမဖြစ်စဖူး ဖြစ်ခဲ့ရသည်။

တစ်ဦးတည်းသော သမီးလေး ရွှေပေါ်မြတင်ထားခဲ့သည့် ဒီသမီးလေးကို ဖြစ်ချင်ရာဖြစ် ပစ်ထားရမတဲ့လား။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရတနာတွေ အလွယ်တကူ လာပေးပစ်ခဲ့ခြင်း မာနတကြီး တစ်အိုးတစ်အိမ်နေလိုလျက် ဖခင်တစ်ယောက်မှပိုးတာ ကိုမှ ခါးသီးစွာ ငြင်းဆိုခြင်း၊ အားလုံးကို သူ ဒေါသဖြစ်နေရဆဲ။

ဦးသက်ထက်ပိုင် သမီးကို မုန်းလို့မရပေမယ့် ဒေါသဖြစ်တာနှင့် မျက်နှာချင်းမဆိုင်လိုတာ အမှန်။

တစ်ခါတလေ ဖုန်းနဲ့စကားပြောလာတာတောင် ဘယ်က ရလာမှန်းမသိသော ဝါကျရှည်ကြီးနှင့် သူပြန်ပြောခွင့်မရှိလောက် အောင် ပိတ်နှိပ်တွယ်သွားသေးသည်။

ကြာတော့ ကိုယ့်သမီးကိုတောင် စကားပြောရမှာ လန့်လာ ရသည့်အဖြစ်။ မိမိတို့သားအမိဆို ယမာ့ကို ခပ်လန့်လန့်ဖြစ်နေကြ တာ သူအသိ။

ယမာဆိုတာ သာမန်မိန်းမပျော့လေးတစ်ယောက်မှ မဟုတ် တာကိုးလေ။

"ဒယ်ဒီ"

"ဟင်"

"အဲဒီတိုက်ကြီးကလေ လှလိုက်တာ ဒယ်ဒီရယ်၊ ဆောက် ထားပုံကလည်း အရမ်းခေတ်မီတာပဲ၊ ခြံကြီးကလည်း..."

"တော်ပါတော့ လီလီရယ်၊ ညည်းဖအေက အလိုလို ကျုပ်တို့ကို ပစ္စည်းငမ်းတယ်ပြောချင်တာ"





"ဟုတ်တာပဲ" ဟု စိတ်ထဲက ပြန်ပြောမိပေမယ့် ပါးစပ် ကတော့ ပြုံးယောင်ယောင်လေးသော်မှ ဖြစ်မသွားဖို့ ထိန်းနေရသည်။

ဒီမိန်းမတစ်ယောက်ကျမှ သူ ဘာဖြစ်လို့ တစ်ချက်ကလေး မှ စိတ်အကောက်မခံနိုင် ဖြစ်ခဲ့ရပါသလဲ။

လှလည်းလှလွန်းသည့် ဒေါ်မိမိသွင်ပဲလေ။

မတော်တရော် စကားပြောကြကြေးဆို သမီးတွေနှင့်မအေ နှဉ်ပြကြည့်၊ သမီးတွေကို မျက်စိကျပြီးသား ကောင်လေးတွေတောင် ဒေါ်မိမိသွင်ကို စိတ်ညွတ်မသွားပါဟု အာမမခံရဲတဲ့အထိ။

ဒေါ်မိမိတို့က ခပ်မိမိ၊ ခပ်မိုက်မိုက်နေတတ်တာ...

ဖြူသောအသားကို နုဖတ်ဥထွက်နေအောင် ခြယ်သည်။

မရိုင်းလွန်းသောပြင်ဆင်မှုပေမယ့် ခေတ်ကာလမိန်းကလေး တွေနှင့် ပခုံးချင်းယှဉ်ရဲအောင် ပြင်သည်။

သူ့ရင်ခွင်ထဲ တိုးဝင်လာလျက် 'အကိုကြီးကလည်းကွာ' ဆိုသည့် အသံလေးကို တစ်ညကလေးမှ မကြားရလျှင် သူ ဘယ်လို မှ မအိပ်တတ်တော့။

ယမာ့မာမီ ဒေါ်အိန္ဒြေစိုးကျတော့ အေးချမ်းသည့်အလှရှိပေ မယ့် သူ့စိတ်ကို သာယာနိုးထလာအောင် ဆွဲဆောင်မှုမရှိ၏။

အရုက်အကြောက်သည်းလွန်းစွာ ဣန္ဒြေဆန်လွန်းစွာ ယောက်ျားအတွက် ခေါင်းညိတ်အရုပ်လေးလို ရိုးလွန်းသူအမေ



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ကုန်ခဲ့သည်။

ဒေါ်မိမိသွင်ကို တရားဝင်ယူခွင့်တောင်းကော့ ယမှာမာမီ အိမ်ရာဆဲလဲခဲ့သည်။

အဲဒီတုန်းက ယမာက ဆယ်နှစ်မပြည့်တတ်သေး။

ဒေါ်မိမိသွင်တို့ကို အိမ်ပေါ်ခေါ်တင်ခဲ့သော အခါ မေမေကြီး မရှိတော့၍ အားကိုးရာမဲ့သလိုဖြစ်သွားရှာသည့် ဒေါ်အိန္ဒြေစိုး တစ်ယောက် နလံမထူနိုင်တော့။

သူ့ကို မသက်တို့၊ ယဉ်မေတို့ အားလုံးပြုစုကြပေမယ့် အားလုံးကို သူမ အကပ်မခံခဲ့ပေ။

ယမာ… သူ့သမီးလေး ယမာတစ်ယောက်ကို အနားမှာ အမြဲထားသည်။

တတွတ်တွတ် မဆုံးနိုင်သောစကားတွေ မှာနေတာကို မကြာမကြာ တွေ့ရမြဲ…

"ကျွန်မရဲ့သွေးသားဆိုလို့ ဒီအိမ်ကြီးမှာ ကျွန်မသမီးလေး တစ်ယောက်ပဲရှိတော့တာ ရှင်သိပါတယ်နော်၊ ကျွန်မ ကြာကြာမနေ ရတော့ဘူးဆိုတာလည်း အားလုံးသိကြမှာပါ၊ သမီးလေးက ကျွန်မ နားမှာ တစ်ချိန်လုံးရှိနေပါစေ၊ ကျွန်မသမီးလေးကို ရှင့် ... ခသိုက် အဝန်းက ဘာပစ္စည်းမှမပါဘဲ ကျွန်မမိဘများပိုင်တဲ့ ပစ္စည်း၊ ကျွန်မ ပစ္စည်းတွေကိုပဲ ကျွန်မ ပေးခဲ့ပါရစေ၊ ရှင့်ပစ္စည်းကတော့ ရှင့်မှာ





ခွဲဝေစရာ ကိုယ်ပွားတွေများနေတော့ နောက်ဆံမတင်းစွာနဲ့ ပျော်ပျော် သာ သုံးပါတော့"

သေခါနီးချိန်ထိ သမီးလက်ကလေးကို ဆုပ်ကိုင်အားကိုးစွာ ရှိခဲ့ပါသော အိန္ဒြေ…

အစ်ကို့မှာ အမှားတွေရှိနေပြီလား အိန္ဒြေရယ်…

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၃

"ဆွမ်းတော်ခင်ဗျာ"

အသံကျယ်ကျယ်လေးပြု၍ အိမ်တံခါးရှေ့မှာ တံခွန် ခြေစုံရပ်သည်။ အိမ်ထဲမှ မမနွေဆိုသည့် အိမ်ရှင်မက ခပ်သုတ်သုတ်ထွက်လာ၏။

"ကောင်လေး… ဘုန်းဘုန်းကြွသွားပလား"

"နောက်မှာ ပါပါတယ် မမ၊ ဒေါ်လေးနတ်အိမ်ထဲမှာ သီလပေးနေပါတယ်၊ ပြီးနေပါပြီ"

"အေး… တို့အိမ်ထဲပင့်ချင်လို့၊ ဒီနေ့ အုန်းထ [illegible] ကြက်သားချက်တယ်၊ ဘုန်းဘုန်းကို ဆွမ်းကပ်မလို့စောင့်နေတာ"

တံခွန် ဝမ်းသာလုံးဆို့သွားသည်။





သူလည်း အုန်းထမင်းနဲ့ကြက်သားဆို လွန်စွာကြိုက်လှသည် မဟုတ်ပါလား။

အပြန် ဘုန်းဘုန်းသပိတ်ထဲလည်း လောင်းလိုက်မည်မှာ အသေအချာ။ အားလုံး သူ့ကိုပါ ကျွေးမွေးပြီး ကျောင်းကိုပြန်လာကြတော့ တံခွန် ရင်ဆို့သွားရတော့သည်။

"မင်းညီမလေးကို မြို့က ဘုန်းကြီးရဲ့ကျောင်းဒကာကြီး လင်မယား မွေးစားဖို့ခေါ်သွားတယ်ကွယ်"

ဘုန်းတော်ကြီး စိတ်လက်မကြည်သာစွာ ပြောလာသည်။

"ဟာ… ကျွန်တော်၊ အဲ… တပည့်တော်မသိဘဲ ထည့်လိုက်ရလား ဘုရား၊ ညီမလေးကို ပြန်ခေါ်ပေးပါ ဘုရား၊ ညီမလေး ငိုသွားမှာ တပည့်တော်သိပါတယ်"

"မင်းမသိဘဲထည့်ရတဲ့အကြောင်းက မင်းရဲ့အဒေါ် ကိုယ်တိုင် ဦးဆောင်ခေါင်းညိတ်လိုက်လာပြီး ထည့်ပေးလိုက်တာမို့ ဘုန်းကြီးတို့လည်း မတားသာဘူး"

"ဟင်… ဒီ… ဒီမိန်းမကြီး၊ မိန်းမယုတ်ကြီး…"

အာခေါင်တွေပါ ကွဲကုန်ပြီလား မသိတော့။

နှုတ်ခမ်းတွေ၊ ပါးစပ်တွေက ရင်ထဲက အပူကြောင့် ချက်ချင်း တင်းမာခြောက်သွေ့လာသည်။

နားထဲမှာ လူသံတွေလား၊ သူ ဘာမှမဝေခွဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာဖြစ်နေတာလဲ… ကိုယ့်ကိုယ်ကို မသိ။

သူသိတာက လက်ထဲက ဆွမ်းချိုင့်ကိုဆောင့်ခနဲချကာ ဒေါ်မြတ်မြတ်အိမ်ဆီသို့ တဟုန်ထိုး ပြေးထွက်ခဲ့သော ခြေလှမ်းများ…

ဒေါ်မြတ်မြတ်အိမ်ရှေ့ ရောက်လာသည်။

ဆူညံသံလိုလို၊ ခေါ်သံလိုလို… ကားသံတွေလား သူ ကြားနေရသည်။ သူဘာကိုမှ ဂရုမစိုက်မိ။

ခြံဝန်းတံခါးကို ကိုယ်လုံးနှင့်ပြေးအဆောင့် ဆွဲးမြည့်နေသော ဝန်းတံခါးက ကျိုးပဲ့ပွင့်ထွက်သွားပြီး…

တံခွန့်ကိုယ်လုံးကြီး ခြံဝန်းထဲ ဝုန်းခနဲပင် ကျသွားလျက်… ရေမြှက်ကျွယ်ကြီးထဲ မျက်နှာအပ်လျက် ဖွမ်းဆို မှောက်ကျသွားတော့သည်။

အေးစိမ့်သော အထိအတွေ့ကြောင့် သတိက ပြန်ဝင်လာသည်။ စောစောက ရင်ထဲက ပူလောင်မှုများ…

နှုတ်ခမ်းတွေတင်းလျက် ထူအမ်းအမ်းကြီးဖြစ်လာခြင်းများ၊ ပြီးတော့ ခေါ်သံတွေ၊ ခေါ်သံတွေမဟုတ်ဘူး။

တစ်ယောက်တည်း ခေါ်တာ…

တံခွန် စိတ်ကို မပျံ့လွင့်အောင် အတင်းစုယူနေရသည်။

"သား… လူလေး၊ တံခွန်… မောင်တံခွန်၊ သတိရပြီ





သား၊ တံခွန်… လူလေး"

ကိုယ့်ပခုံးကို တစ်စုံတစ်ယောက် ကိုင်လှုပ်နေတာကို အသိစိတ်က ခံစားလာရသည်။

ပြီးတော့ အသံက မျက်နှာရှေ့မှာ နီးနီးကပ်ကပ်…

ဘယ်သူ့အသံလဲ။

ဦးလေးထွန်း… ဟုတ်တယ် ဦးထွန်း…

အသိနဲ့ကိုယ် ကပ်လာသည်နှင့် တံခွန် ဝေါက်ခနဲ ထထိုင်လိုက်သည်။

သူ့မျက်နှာ ဆံပင်တွေနှင့် အင်္ကျီရင်ဘတ်စတွေမှာ စိုစိုစွတ်စွတ်…

စိုးရိမ်ပူပန်စွာကြည့်နေကြသည့် အိမ်အလုပ်သမားတို့ကိုသည်း မြင်ရပြန်သည်။

သူ… သူ ဘာဖြစ်သွားလို့လဲ…

သိပါသည်။ အိပ်မက်မက်နေလိုက်တာများ… တံခွန်သည် ဟိုးငယ်ငယ်တုန်းကအတိုင်း အင်္ကျီပခုံးပြဲ ဆံပင်ဘုတ်သိုက်လေးနှင့် လက်တစ်ဖက်က ဆွမ်းတော်ချိုင့်လေးဆွဲလို့…

"လူလေး… မင်း ဘာဖြစ်တာလဲကွာ"

ဦးလေးထွန်း နားမလည်နိုင်စွာ မေးသည်။

"ဘာမှမဖြစ်ပါဘူး ဦးလေးထွန်းရာ၊ အိပ်မက်မက်တာ



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကဖြစ်ရပ်ဆိုးတို့ကို တွေးမိပြန်တော့ စိတ်က ဘယ်လိုမှ ကြေည်တော့။ ဒရင်းဘတ်ပေါ်မှ သုန်မှုန်စွာ ထသွားသည့် သူ့ကို အားလုံး ဘာတစ်ခွန်းမှ လပ်မမေးကြတော့။

တကယ်ဆို နေ့ခင်းကြောင်တောင်ကြီး ဒီလောက်ထိ လှုပ်မရ၊ ခေါ်မရ သတိလစ်နေရတာ ဘာဖြစ်တာလဲလို့ သူတို့ သိချင်ကြပါ၏။

ပြီးတော့…

"ဦးလေးထွန်း"

"ဟေ"

"တံခွန်အိပ်နေတုန်းက စုန်းမကြီး၊ မိန်းမယုတ်ကြီးနဲ့ တအားကျုံးအော်နေတာရယ်၊ လှုပ်နိုးမရတာရယ်ဆိုတော့ ဒီကလေး အိပ်နေရင်း ဘီလူးစီးနေတာဖြစ်မယ်"

"ဟယ်… ပေါက်ပေါက်ရှာရှာ"

ဦးထွန်း စိတ်ရှုပ်တွေးပုံနှင့် ခပ်ငေါက်ငေါက်ပြောလိုက်မှ မထွေးတို့အုပ်စု ငြိမ်ကျသွားပါတော့သည်။





"ဟလို… နေတံခွန်က တံခွန်ပြောနေပါတယ်"

"တံခွန်၊ ဟေး… ကိုယ် မောင်မိုးပါ"

"အင်း ပြော"

တံခွန် လက်ထဲက အတက်ချိုကော့စ်ကို စားပွဲပေါ်ပြန်တင်၍ ကုလားထိုင်မှာ ထိုင်လိုက်ရသည်။

"ပြီးခဲ့တဲ့ ကိုးလပိုင်းကရှင်းတမ်းမှာ ငါ့စာရင်းတွေ ကွာနေတာ၊ အဲဒါ မင်း ကြည့်လုပ်ပေးပါကွာ၊ ငါ သိပ်ဒုက္ခရောက်နေလို့ပါ၊ မင်းမှမကယ်ရင်…"

"အဲဒါ မင်းဘက်က အလွဲသုံးစားမှုဖြစ်နေလို့လား"

"လုံး… လုံးဝမဟုတ်ပါဘူး သူငယ်ချင်းရာ၊ ငါ ခြေချော်လက်ချော်…"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြေချော်လက်ချော်ကို မင်းဘက်က အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ ရှေ့အပတ်မှာလုပ်မယ့် အစည်းအဝေးမှာ တင်ပြလိုက်ပါ မောင်မိုး၊ လူမှုရေးနဲ့ လုပ်ငန်းခွင်ဟာ ရောပစ်လို့မရဘူး၊ မင်းလည်း သိပါတယ်ကွာ"

"ရော... ရောခိုင်းတာမဟုတ်ပါဘူး တံခွန်ရာ၊ ဒီတစ်ခါ နောက်ဆုံး ကူညီပါကွာ၊ အဲဒီ 'ပန်းအလှ' ကုမ္ပဏီကို 'နေတံခွန်' နာမည်တောင် ပြောင်းပြီးပြီပဲ၊ အဲဒီအစည်းအဝေးမှာ ရှယ်ယာတွေ ငွေပြန်အမ်းပြီး မင်းတစ်ဦးတည်းပိုင် လွှဲပြောင်းယူတော့မှာ ငါသိပါတယ်ကွာ၊ ဒီကိစ္စတွေ ကျွန်တော်တာဝန်ယူပါတယ်ဆို ပြီးတာပဲကွာ"

"ကျွတ်"

တော်တော်စိတ်ပျက်ဖို့ကောင်းပါလား။

"မောင်မိုး... အဲဒီကိစ္စတွေ ပြီးမှပြောကွာ၊ ငါ့မှာ ကိစ္စရှိသေးတယ်"

"ဟာ... မလုပ်ပါနဲ့ တံခွန်ရာ၊ ငါ့မှာ မင်းအားကိုးနဲ့ အသက်ဆက်ရှင်ရတော့မလို ဖြစ်နေပြီ၊ ကူညီပါကွာ"

တံခွန် တစ်ချက်ငိုင်သွားမိသည်။

ငယ်ပေါင်းကြီးဖော် သူငယ်ချင်းမဟုတ်ခဲ့ပေမဲ့ ကျောင်းမှာဆို တော်တော်တွဲဖြစ်ခဲ့သည့် သူငယ်ချင်းပါ။





ဒါပေမယ့် ခုလို အခွင့်အရေးယူတာမျိုးတော့ တံခွန်မနှစ်မြို့နိုင်။ ရင်းနှီးသူချင်းမို့ ပြတ်တောက်စွာပြောဖို့လည်း ဖင့်နွှေးနေရပြန်သည်။

"မောင်မိုး"

"ဟေ"

"ငါ လမ်းကြောင်းပေးမယ်၊ မင်းကြိုက်တဲ့လမ်းကို ရွေး"

"ဟေ... ဘာလဲ တံခွန်ရာ၊ ငါ့ကိုတော့ မျက်နှာမလွှဲလိုက်ပါနဲ့"

"မင်းစာရင်းမှာ ငွေဘယ်လောက်ကွာနေသလဲ"

"ဆယ်သိန်း"

"အဲဒီအတွက် မင်းဘာမှမပူနဲ့တော့"

"ဟာ... ကျေးဇူးတင်"

"မတင်နဲ့ဦး၊ ငါပြောဦးမယ်၊ မင်းရဲ့ ပန်းအလှကုမ္ပဏီဟာ နေတံခွန်ဖြစ်သွားတဲ့အတွက် မင်းလည်း အလုပ်ဆက်ဝင်ဖို့ မလိုတော့ဘူး"

"ဘာ... ဘယ်လို"

"ရှင်းပါတယ်၊ ငါ့ကုမ္ပဏီမှာ အလုပ်ကိုလေးစားပြီး သစ္စာရှိတဲ့ အလုပ်သမားမျိုးကိုပဲ ရှိစေရမယ်၊ နောက်တစ်ခါထပ်ပြီး ငါ မတွေဝေချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချ၍ ရုံးခန်းထဲက ထွက်လာခဲ့သည်။

ဆယ်သိန်း… ဆယ်သိန်းဆိုတာကို ဂရုမစိုက်စွာ ချေဖျက်ပစ်ထားနိုင်ခဲ့တာဟာ ကြီးကျယ်ပြခဲ့တာ မဟုတ်ပါ။

ငွေဆယ်သိန်းနှင့် တန်ကြေးဖြတ်လိုက်ပါရောလားလို့ မောင်မိုးကိုယ်တိုင်လည်း သိနေရောပေါ့။

တံခွန် လူမိုက်အားပေးလုပ်ချင်၍တော့ မဟုတ်။

ကိုယ့်လုပ်ရပ်သည် မှန်ကိုမှန်ရမည်ဆိုတာ ယုံကြည်ပြီးသား။ အဲဒါ သူ့စိတ်ဓာတ်…

ကြာကြာတွေဝေနေရတာမျိုးလည်း တံခွန့်မှာမရှိဘူးခဲ့တာ အမှန်။

အကြောင်းအရာတစ်ခုကို အချိန်အနည်းငယ်အတွင်း ပိုင်နိုင်စွာ ဆုံးဖြတ်ရဲတာ၊ ဆိုးဆိုးကောင်းကောင်း နောင်တမရတတ်တာ၊ ပြီးတော့ မှန်တယ်ထင်လျှင် ရိုင်းတယ်ပြောပြော၊ ဘာပြောပြော ဒက်ခံနဲ့ပြောချရဲတာ…

အဲဒါတွေသည် တံခွန်ဆိုသည့် လူသားတစ်ဦးအပေါ် အားလုံးဂရုစိုက် အကဲခတ်ပေးရသည်အထိ စိတ်ဝင်စားမှုဖြစ်စေတဲ့ အကြောင်းတွေပါ။

❀❀❀





"မမမေ… ခေါ်တယ်ဆို"

ခေါ်သက်သက်ပိုင်ကို မမြင်ဘူးသူလို ခေါ်ယဉ်မေပိုင် ငေးကြည့်မိသည်။

သြော်… ညီမလေးရယ်လို့ ကိုယ့်အစ်မ ဒုက္ခတကြီးကိုများ တစ်ချက်လေး မေးမြန်းဖော်မရ။

ပြုစုဖို့ဆိုတာဝေးလို့ အိမ်ကိုရောက်လာတိုင်း မောင်နှမတွေ ခေါင်းချင်းရိုက် တိုင်ပင်ကြတာက အမွေကိစ္စ…

မေမေကြီးက မောင်နှမလေးယောက်အတွက် အမွေကို လေးပုံအတိအကျခွဲထားခဲ့ပြီးသား…

လုံးဝသဘောမတူနိုင်သော အဆင့်အတန်း[illegible]မိန်းကလေးတစ်ယောက်ကိုမှ မြတ်မြတ်နိုးနိုး ချစ်ပါတယ်ဆိုပြီး ပြတ်သားစွာ လက်ထပ်သွားသူ သားတစ်ယောက်အတွက် မေမေကြီးက ပြတ်တောက်စွာ စွန့်ပစ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ငါ့သား မဟုတ်ဘူး၊ ဒီကောင့်ကို ဘာအမွေမှ မရစေရဘူး"

စသဖြင့် ကရုဏာဒေါသတွေကြောင့် စကားတွေကျွံခဲ့ရသည်။

ညီအစ်ကိုရင်းတွေပေမယ့် အစ်ကိုကြီးထက်ပိုင်ကဆို သတင်းစာထဲက အမွေဖြတ်ဖို့ထိ တတွတ်တွတ် တိုက်တွန်းခဲ့တာ သူမ လက်တွေ့ပါ။

တကယ်ဆို ကိုကြီး သက်ထက်ပိုင်က အကြီးဆုံး။ သူမက ဒုတိယသမီး။ မောင်လေးဆက်ပိုင်က တတိယသား။ သက်သက်ပိုင်က အထွေးဆုံး။ အထွေးဆုံးဆိုသလောက် ဆိုးလည်းဆိုးလှသည်။ စိတ်ဓာတ်အခံကိုက အကြင်နာနည်းလှသလို ပြောလိုက်သည့် စကားလုံးက ခံရသူ မသက်သာလှ။

မောင်လေး ဆက်ပိုင် ခြေရာပျောက်သွားပေမယ့် ဒေါ်ယဉ်မေပိုင် မရမက စုံစမ်းခဲ့သည်။

မေမေကြီးဆန္ဒတွေကိုလည်း သိနေလို့ပါ။

ပြီးတော့ သဘောထားဖြူစင်၍ လောဘသဏ္ဍာယ နည်းလှသည့် မောင်လေးတစ်ယောက် နစ်နာသွားမှာ သူမ စိုးလှသည်။

'ပိုင်'ဂေဟာရဲ့ ချမ်းသာကြွယ်ဝမှုတွေဟာ နည်းနည်းနောနော မဟုတ်။





အစ်ကိုနဲ့ ညီမငယ် သွေးထိုးချက်တွေ၊ ထိုးနှက်ချက်တွေက ထိရောက်လှသည်မို့ သားလေးအပေါ် စိတ်ပြေသယောက်ဖြစ်နေပြီဖြစ်သော မိခင်တစ်ယောက်ရင်မှာ ဖူးစူးနစ်နစ် ခံစားနေရရှာတာ သူမအမြင်။

မေမေကြီးမှာ သားသမီးတွေ၏ ခါးသီးလှသော ဥပေက္ခာတရားများကို ရင်နာစွာ လက်ခံနားထောင်ရင်း သားလေး၏ ဖြတ်သားစွာ တိမ်းရှောင်နေနိုင်ခြင်းတို့အပေါ် ဝမ်းနည်းစွာ ခံစားရင်းသားငယ် တစ်နေ့လာနိုး မျှော်ကိုးနေတာကို ဘယ်သူကိုမှဖွင့်ဟပြောကြားတာမျိုးမရှိပေမယ့် မေမေကြီးမျက်နှာကို မှန်လိုကြည့်နေသည့် ယဉ်မေပိုင်က နားလည်သည်။

နောက်ဆုံး မေမေကြီးကို ဖွင့်ဟတိုင်ပင်ကာ မောင်လေးရှိသည်ဟုသတင်းကြားရသော စစ်ကိုင်းတောင်ရိုးဘက်သို့ ယောက်မဖြစ်သူ ဒေါ်အိမ့်ငြိမ်းစိုးကို အဖော်ပြုသွားခဲ့သည်။

ဒေါ်အိမ့်ငြိမ်းစိုးသည်လည်း ခင်ပွန်းဖြစ်သူ၏ လောဘတရားများကို မတတ်သာလို့ ကြည့်နေရသူမို့ လင်လုပ်သူကို တစ်မျိုးလှည့်ပြောကာ ဒေါ်ယဉ်မေပိုင်ခေါ်ရာ လိုက်လာခဲ့သည်။

မေမေကြီးကတော့ သားပါလာတော့မည်ဟု တထစ်ချ ယုံကြည်လျက် မလှုပ်သာအောင် တုပ်ပြီးချည်ပြီး တွန်းထိုးပြောဆိုသည့် စကားများကြားမှပင် အမွေလေးပုံကို တိတိကျကျ ခွဲပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အဲဒါ မေမေကြီး မတရားတာပဲ၊ ဆက်ပိုင်ကို သား အဖြစ်က စွန့်လွှတ်ထားခဲ့တာ ဘယ်လောက်ကြာနေပြီလဲ၊ ပြီးတော့ သူယူထားတဲ့မိန်းမဟာ ပိုင်ဂေဟာအဆင့်အတန်းနဲ့ လုံးဝမအပ်စပ်တဲ့ မိန်းမ၊ မေမေကြီးပြောတဲ့ ပိုင်ဂေဟာရဲ့ ဂုဏ်အရှိန်အဝါတွေကို မေမေကြီးပဲ ပြန်ဖျက်ဆီးတာ၊ ကျွန်တော်တို့တတွေရဲ့ မျှော်လင့်ချက် တွေကိုလည်း မေမေကြီးပဲ ဖျက်ဆီးတာ"

"တော်စမ်း တိရစ္ဆာန်"

"ကျွန်တော့်ကို ရိုက်ချင်လည်းရိုက်တော့ မေမေကြီး ကျွန်တော် အရှမ်းကိုခံစားရတယ်ဗျာ၊ ဒီကြားထဲ ဟိုမိန်းကလည်း ပျော့စိ ပျော့စိနဲ့ လင်ကိုခွေးလုပ်သွားတယ်၊ သူတို့ကောင်းစားဖို့ ဒီကောင်က လုံးပမ်းလိုက်ရတာ၊ ဒင်းကတော့ သူ့ရဲကောင်းကြီးလုပ် ပြီး ရင်ကော့ထွက်သွားတယ်၊ ကိုယ့်လင်ကိုတောင် ဥစ္စာရှူးလို့ပြော တဲ့ မိန်းမ"

"ပြောတာမမှားဘူး ထက်ပိုင်၊ ကိုယ့်ညီအရင်းခေါက် ခေါက်ကြီးကိုတောင် ဘယ်နေရာမှာပဲ ငတ်သေနေနေ၊ ကိုယ်ကောင်း စားရင်ပြီးရောဆိုပြီး အမွေလုနေကြတာ၊ နင်တို့ ကိုယ့်ကိုယ်ကို မရှက်ကြဘူးလား"

ဘေးကထိုင်နေသည့် သက်သက်ပိုင်က တစ်စခန်းထ





ပြန့်သည်။

"မေကြီးပဲ မျှော်လင့်နေ ကြွင်နာနေတာပါ၊ ကိုလေးက ဖြင့် မေကြီးထက်တောင် မာနကြီးသေး၊ ထွက်သွားကတည်းက ခုထိ တစ်ခေါက်ပြန်လာသလား၊ သူတောင်မှ မိဘအမွေကို လက် မြန့်မတောင်းချင်တဲ့ မာနရှိရင် သက်တို့က ဘာဂရုစိုက်ရမှာလဲ"

သွက်လက်တဲ့ သက်သက်ရဲ့စကားက ထက်လှသည်။

မေမေကြီး မျက်နှာရဲခနဲဖြစ်လျက် ငိုင်ကျသွားလေသည်။

"အမွေကို သုံးပုံပြန်ခွဲပေးပါ မေကြီးရယ်၊ ဆက်ပိုင် တစ်နေ့ အကူအညီလာတောင်းရင် ထိုက်သင့်သလောက် ကျွန်တော်တို့ ပေးပါ့မယ်"

"ဘာ… ဘာပြောတယ်၊ ဆက်ပိုင်ကလည်း ငါမွေးတဲ့ သားပဲ၊ ငါ့သားက ငါပိုင်တဲ့ပစ္စည်းကို မင်းတို့ဆီမှာ လက်ဖြန့် တောင်းရမယ်၊ မသထာရေစာ တောင်းစားရမယ် ဟုတ်လား"

မေမေကြီးအသံက တုန်ခါနေသည်။

"မှတ်ထား ထက်ပိုင်၊ ငါမပြတ်သားသရွေ့ မင်းတို့ ပြောချင်းတိုင်း ပြောနေကြဦးမှာပဲ၊ အခု အမွေလေးပုံ ပုံပေးထားပြီး ပြီ၊ ဘယ်လိုအကြောင်းကိစ္စနဲ့မှ ဒီအမွေစာချုပ်ဟာ ပြုပြင်ပြောင်းလဲ သွားမှာမဟုတ်ဘူး၊ ပျောက်ကွယ်သွားမှာမဟုတ်ဘူး၊ ရှေ့နေကြီး သုံးယောက်စုံညီရှေ့မှာ ငါ စာချုပ်ချုပ်ပြီးပြီ၊ ထပ်ပြောရဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားကို ငါဟာ တရားဝင်သားအဖြစ်က စွန့်လွှတ်ခြင်း ကြေညာခဲ့တာ မဟုတ်တဲ့အတွက် ငါ့လုပ်ရပ်ကို ဘယ်လိုလူမျိုးမှ ဝင်စွက်ဖက်လို့မရဘူး၊ ဒါပဲ''

ဦးသက်ထက်ပိုင် မျက်နှာကြီးကလည်း သွေးတွေပေါက်ထွက်လာတော့မတတ် နီရဲခက်ထန်လာသည်။

''စကားတစ်ခွန်းကို မေမေကြီးပဲပြောတာ၊ ဝင်ချည် ထွက်ချည် စကားတစ်ခွန်းကို မေမေကြီးပဲပြောရဲတာ၊ ပိုင်ဂေဟာရဲ့ အရှင်သခင်တစ်ယောက်ဟာ စကားတစ်ခွန်းကို ဝါးလုံးကနေ ဝါးခြမ်းဖြစ်အောင် ပြောရဲတာ ရှက်စရာဗျာ''

''ဘာ… ကြည့်… ကြည့်စမ်း… ချွေး… ချွေး တိ… ရ… ဆွာန်… ချွေး''

ဒါပဲဆိုနိုင်ပြီး မေမေကြီး ပုံကျသွားလိုက်တာ အသက်ပါသွားရသည်အထိ ခံစားသွားခဲ့ရပါသည်။

အားလုံးအဖြစ်စုံ သက်သက်ပိုင် ဇာတ်စုံခင်းပြချိန်မှာ ဒေါ်ယဉ်မေပိုင် ဆေးရုံပေါ်မှာ မလှုပ်နိုင်၊ မရှားနိုင်ဘဝဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ကြားနာခဲ့ရပါသည်။

တကယ်တော့ သားဖြစ်သူကိုစောင့်လျက် တွေ့မသွားရပါ။ မေမေကြီးကံဆိုးသလို သူမဘဝလည်း မောင်ဖြစ်သူကို ခေါ်မရနိုင်သည့်အဆုံး အပြန်လမ်းမှာ ကားမှောက်လျှ ဆေးရုံပေါ်ရောက်ခဲ့





ရသည့် ကံဆိုးမတစ်ဦးပဲ မဟုတ်ပါလား။

ကားမှောက်တဲ့အထဲမှာ သူမ ကံဆိုးစွာ အောက်တစ်ပိုင်းသေခဲ့ရသလို ယောက်မဖြစ်သူခမျာလည်း ခြေတစ်ဖက်မသန်သည့် ဒုက္ခိတဘဝသို့ ရောက်ခဲ့ရရှာသည်။

အဲဒီကဂလည်းက ရမယ်ရှာကောင်းကောင်းနှင့် ကိုကြီးထက်ပိုင်တစ်ယောက် ဒေါ်အိမ့်နွေ့စိုးကို လှည့်၍ပင်မကြည့်တော့ဘဲ အပျော်ရှာတော့သည်။

ခြေတစ်ဖက်မသန်သည့် ဒေါ်အိမ့်နွေ့စိုးခမျာ ယောက်မဖြစ်သူ သူမကိုလည်း အားကိုး၍မရ။ လင်က မကြင်နာနှင့်၊ မျက်ရည်နှင့် မျက်ခွက် ပြတ်သည်မရှိ။

သက်သက်ပိုင်ကလည်း သူမနှင့် အိမ့်နွေ့စိုးကို ကြည့်မရဟု ဆိုကာ အစ်ကိုကြီးဖြစ်သူ ဘာလုပ်လုပ် အားပေးနေသည်။

လူကြီးတွေကြား မြေဇာပင်လေးဖြစ်ရသူက ယမာပိုင်စိုးလေး… သူကလေးခမျာ သူဌေးသမီးလေးဖြစ်ပါလျက် သူတကာတွေလို ဝတ်စားပျော်ရွှင်စွာ မနေရရှာဘဲ အမြဲအပူရုပ်ကလေး ဖြစ်နေရသည်။

အဲမြဲတမ်းကြည့် မျက်နှာပြောင်ပြောင်၊ အကျီ ဘိုသီဘက်သီနှင့် ဖရိုဖရဲ ကောင်မလေး…

''မမမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဟင်"

အတွေးတို့ တိခနဲပြတ်လျက် မျက်စိထဲမှာ ဒေါ်သက်သက်ပိုင်အရိပ်က ပြန်ထင်လာ၏။

"တော်သေးတာပေါ့၊ ပြန်ထူးသေးလို့၊ ငုတ်တုတ်ကြီးများ အသက်ထွက်နေပြီလားလို့"

ကြည့်စမ်း... အငယ်ဆုံးညီမငယ်က ပြောတဲ့စကား...

"အောက်ထပ်မှာ ဘယ်သူမှမရှိကြဘူးလား၊ မမမေက ရှိတယ်မှတ်လို့ပါကွယ်၊ ညီမလေး ကိစ္စရှိရင်သွားပါ"

"ကိစ္စတွေ ထွေထွေထူးထူး မရှိပါဘူး၊ မမမေဆီလည်း တမင်လာချင်လို့ တက်လာတာ၊ အောက်ထပ်မှာ ဘယ်သူမှမရှိကြဘူး၊ မမမေ ဘာနိုင်းစရာရှိလို့လဲ"

"နေပါစေတော့ကွယ်၊ မမမေ ပျင်းသလိုဖြစ်နေလို့ စကားပြောရအောင်ပါ၊ နိုင်းစရာလူတွေလည်း ရှိသားပဲ"

"ဒါနဲ့ မမမေ..."

"ဟင်..."

ဒေါ်သက်သက်ပိုင် မျက်မှောင်တစ်ချက်ကြုံလျက်...

"ဟို... တံခွန်ဆိုတဲ့မာနအိုးကို ဘယ်လိုမြင်လဲဟင်"

ဒေါ်ယဉ်မေပိုင် ယဲ့ယဲ့လေး ပြုံး...ည်။

"မာနအိုးလို့ ညီမလေးမြင်နေပြီပဲ...၊ မမမေက ဘာထပ်





ပြောရဦးမလဲ"

"အဲဒီကောင်လေးကို သက်တော့ အရမ်းမျက်မုန်းကျိုးတယ်၊ ကိုလေးကလည်း ဘယ်လိုစိတ်ကူးမျိုးတွေနဲ့ ဒီကောင်ကို ကောက်မွေးစားသလဲ မသိပါဘူး၊ သွေးမစစ်၊ မျိုးမစစ်ဆို ဘယ့်နှယ် လုပ်မလဲ"

"သိပ်သွေးမျိုးစစ်တာပေါ့ ညီမလေးရယ်၊ မောင်လေးက နိုးကုတ်မှာ ကြီးပွားချမ်းသာလာပြီး ရန်ကုန်မှာ လုပ်ငန်းတွေ မှားရာက အရမ်းအောင်မြင်လာတဲ့အချိန် တံခွန့်ကို တွေ့တာပဲ"

"အဲဒါပြောတာပေါ့၊ ကိုလေး စီးပွားရှာတာ သူမျိုးဖို့ ဆို့ဖို့ ဖြစ်ကုန်ဘာလေ"

ချမ်းသာကြွယ်ဝလိုက်တာ ခန့်မှန်း၍ပင်မရနိုင်အောင် ပြောင်းလဲသွားသည့် ဦးဆက်ပိုင်၏ဘဝနှင့် ဆုံးဖြတ်လုပ်ဆောင်ချက်တွေကို သူတို့မှာ မချိတင်ကဲ အံခဲကြည့်နေရုံမှအပ ဘာမှမတတ်နိုင်ခဲ့ကြ။

မေမေကြီး ဆုံးသွားပြီး ရွာပနကိုလာခဲ့သည့် ကိုလေး ချက်နှာငယ်ငယ်ကို အမွေစိတ်တွေလွှမ်းပြီး သူတို့ မညှာမတာ ပြောဆိုနှင်ထုတ်လိုက်ကြသည် မဟုတ်လား။

တကယ်ဆို ဦးဆက်ပိုင်ကလည်း ဒေါ်ယဉ်မေပိုင်တို့နှင့် တပါတည်း ပါလာတာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်နီးပါးသာ ပေါင်းသင်းလိုက်ရပြီး ဆင်းရဲပင်ပန်းစွာ ချို့တဲ့ပိန်လှီလျက် နာမကျန်းဖြစ်၍ ဆုံးသွားရရှာသော ချစ်ဇနီးလေးကို နှမြောတသမဆုံး ကြေကွဲနေရချိန်…

အစ်မဖြစ်သူနှင့် မရီးတို့လာခေါ်တော့ ရင်ထဲမှာ နာသွားမိသည်။ သူ့စည်းစိမ်ဥစ္စာများနှင့် ချစ်ရသူလေးကို တင့်တယ်စွာ သူ လက်ထပ်ခွင့်မရ။

သူလေးခမျာ လင်ဖြစ်သူက သူဌေးသားမို့ ဆင်းရဲဒဏ် မခံနိုင်စွာ သူမကို ထားရစ်ထွက်ပြေးမှာကိုပင် တမြွှေမြွှေ တွေးကြောက်ရင်း အားငယ်နေရှာသူ…

တကယ်ကျတော့ ဆင်းရဲပင်ပန်းမှုဒဏ်ကို မခံနိုင်စွာ ထားရစ်ထွက်ပြေးသူက သူမကိုယ်တိုင်ဖြစ်နေသည်။

အစ်မဖြစ်သူတို့ လာခေါ်ရာနောက်ကို လုံးဝမလိုက်နိုင်ပါဟု ဦးဆက်ပိုင် ခေါင်းမာစွာ ငြင်းဆိုခဲ့သူပါ။

ချစ်ရသူကို ဆင်းရဲတွင်းမှာ သေစေခဲ့ပြီးမှ သူ ရွှေဘုံပေါ်မှာ မစံလိုတော့…

အမွေဆိုတာ ဘာလဲ… ဘယ်သူယူယူ သူ မမက်မောပါ။ ချစ်ဇနီး ခေါင်းချခဲ့ရာမှာ သူ့ဘဝကို တိုးတက်အောင် ကြိုးစားဖို့ ဆုံးဖြတ်၍နေရစ်စဉ်…

အစ်မဖြစ်သူတို့ ကားမောက်သည့် သတင်းဆိုး…

သစ္စာမွန်စာပေ



မိခင်သေဆုံးသည့် နာရေးကြော်ငြာတို့ကို တစ်ပြိုင်တည်း တွေ့လိုက်ရသဖြင့် စိတ်ပူပန်လွန်းစွာ သူလိုက်ခဲ့ရခြင်းအကြောင်း…

အားလုံးဖြစ်ရခြင်းသည် သူ့ပယောဂမကင်းတာ သူသိနေသည်။ စိုးရိမ်ခြင်းအထွတ်အထိပ်နှင့် ပြေးလာခဲ့ရသူကို ငွေမျက်နှာတစ်ခုတည်းနှင့် ပက်ပက်စက်စက်ကြီး ပြောချလိုက်ကြတာ…

တစ်မိဝမ်းထဲ ဆင်းလာကြသည့် မောင်နှမတွေမဟုတ်သည့်နှယ်…

"လုံးဝပတ်သက်စရာမရှိဘူး၊ ဘာအကြောင်းနဲ့မှ မပတ်သက်နဲ့၊ ပိုင်ဂေဟာနဲ့ လုံးဝမပတ်သက်ဘူးဆိုတာတွေ" မောင်လေးအတွက် သူ မကြားရက်စွာ နားပိတ်ထားခဲ့ရသည်အထိ…

ခုတော့… ဒင်းတို့ ဒုက္ခလှလှကြီး တွေ့ကုန်ပြီလေ။

ဦးဆက်ပိုင်ကလည်း သူတို့ထက်ပြတ်တောက်သူပဲ…

ပိုင်ဂေဟာကလူဆို လက်ခံစကားပြောတာ သူမနှင့် အိမ်ခြွေရံနှစ်ယောက်တည်း…

ဒါတောင် ပိုင်မိသားစု အရေးခင်းနှင့်ပတ်သက်၍ စကားဟဟမှ ပြောတာ မကြိုက်ခဲ့သူ…

"ဒီကောင်လေးက ကိုလေးနဲ့သက်တို့ ယခင်ကရှိခဲ့တဲ့ပြဿနာကို သိထားပုံရတယ် မမမေ၊ စကားပြောတာ သိပ်မာတယ်။ 'ပိုင်'မိသားစုမို့ နည်းနည်းရှိန်နေလို့ တော်သေးတယ်"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုပြောချင်ပေမယ့် ဒေါ်ယဉ်မေပိုင် မပြောဖြစ်တော့ဘဲ မချိုပြုံးလေးတစ်ခု နှုတ်ခမ်းပေါ်မှာ တင်လာသည်။

"ကဲ… ညီမလေး၊ ကိစ္စရှိရင်သွားလေ၊ တော်ကြာ ဒီမှာကြာနေလို့…"

"လာပြန်ပြီ၊ ဘာလဲ မမမေက သက်ကိုနှင်တာလား"

"မဟုတ်ပါဘူးကွယ်၊ မမမေက အနားမှာ အဖော်လိုချင်နေတဲ့သူပဲဟာ…"

"ဒါကြောင့် အစက မမမေကို ယောကျ်ားယူပါလို့ သူများတို့ တိုက်တွန်းတာပေါ့၊ ခုတော့ ပြုစုမယ့်သူမရှိ၊ ကပ်ချင်သူမရှိနဲ့၊ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ"

"မမကုသိုလ်ပေါ့ကွယ်"

"မမမေအားကိုးတဲ့ ဟိုဟာမလေးကလည်း အခု ဓာတ်ပြလာပြီမို့လား၊ ဘာထူးလဲ… သူ့ဦးလေးအတိုင်းပဲ၊ သိပ်ရိုင်းစိုင်းတဲ့ဟာတွေ"

ဒေါ်ယဉ်မေပိုင် မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒီလိုမပြောပါနဲ့ သက်ရယ်၊ သမီးလေးက ဒီမှာရှိတုန်းကလည်း သူပဲ မမမေကို ဒိုင်ခံပြုစုပေးရှာတာပဲ၊ ဒီကထွက်သွားရတာလည်း သမီးလေးခမျာ ဘဝပျက်ရတာပဲကွယ်၊ ပြီးတော့ မမမေတို့၊ သက်တို့ မောင်နှမအားလုံးကို သူ ရိုင်းလို့လား"





"မောင်နှမတောင် ဘယ်ကမလဲ မမမေရဲ့၊ ဖအေကိုပါ စော်ကားနေလို့ပြောတာ"

"ဘာစော်ကားတာလဲကွယ်"

"ဆုံးမရင် တစ်ခွန်းမှမခံဘဲ ပြန်ကိုက်တာလေ"

"ဩော်… ဒါကတော့ သက်ရယ်၊ သမီးလေးခမျာ ဖအေတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတော့…"

"ဆုံးရှုံးရအောင် ကိုကြီးက သေသွားလို့လား မမမေရဲ့၊ အဓိပ္ပါယ်မရှိတာကို"

"မေတ္တာရဲ့သဘောကို သိသိကြီးနဲ့ ညီမလေးတို့က ကလေးကိုရွေးပြီး အပြစ်မြင်နေကြတာမျိုးလားကွယ်"

"မမမေကတော့ ဘယ်သူ့ဘက်ကမဆို ကာဆီး ကာဆီးပဲ၊ တစ်ခါလည်း မောင်ကြောင့် ခု ဒုက္ခတဖြစ်နေရပြီ၊ ခုတစ်ခါ တူမကြောင့် ဘာဖြစ်ဦးမလဲပဲ"

"ဖြစ်ပါစေ သက်ရယ်၊ အဲဒီဖြစ်လာမယ့်ဒုက္ခကို မမမေက ကျေနပ်စွာ ခံယူမယ့်မိန်းမပါ၊ မမမေသဘောကတော့ မျက်နှာငယ်သူကို ချစ်တယ်၊ အားလည်းအားပေးရမယ်"

"အားပေးရုံတင်ပဲလား မမမေရဲ့၊ မမမေရဲ့ အမွေတွေကော ပေးဖို့ သူ့ကိုပဲ ရွယ်ရူးထားတာမို့လား"

"မမမေမှ မသေသေးတာ၊ ဒီကိစ္စက ဆုံးဖြတ်ဖို့မလိုသေး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

မမမေမျက်နှာ မကြည်တော့တာကို ဒေါ်သက်သက်ပိုင် အကဲခတ်မိသည်။

"လိုလို မလိုလို၊ ရှင်းတော့ ရှင်းနေတာပဲ၊ မမေက အပျိုကြီး၊ မမေရဲ့ အမွေတွေကို ပေးစရာ တူ၊ တူမတွေပဲရှိတယ်၊ တူ၊ တူမဆိုတာလည်း ဒီတူမ သုံးယောက်ပဲရှိတာဥစ္စာ၊ ဟိုနှစ်ယောက်ကို မမေ လုံးဝမရှုယ်စူးတာ သေချာနေတာဆိုတော့ ယမာတစ်ယောက်ပဲ ရှိတာပဲ"

"အေး...ပေးချင်တဲ့စိတ်ကူးရှိရင်တောင် သူက မယူမှာ စိုးလို့ ပူရဦးမှာ"

ဒေါ်သက်သက်ပိုင် မဲ့ရွဲ့သွားလေသည်။

"အမွေပေးတာများ ဘယ်သူမယူတဲရှိမလဲ မမေရဲ့၊ မမေကလေ အဲဒီတူမ တစ်ယောက်ကျမှ သိပ်ကို အထင်ကြီးတာကိုး"

"ကြီးရမယ် သက်၊ ယမာက သူ့အသက်ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ တစ်ခါတည်း သူရရမယ့် အမွေကို ခွဲပေးရမယ်ဆိုတဲ့ အဖေ့ရဲ့ စာချုပ်အတိုင်း ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့မှာ ရတဲ့အမွေတွေကို တော့ သူသာမက်မောရင် မိထွေးတစ်ယောက်ကို သေတ္တာလိုက် 'ရော့'ဆို ချပေးနိုင်ပါ့မလား"





"ဟင်..."

ဒေါ်သက်သက်ပိုင် မျက်လုံးတွေ ပြူးကျယ်သွားတာကို မမေ သတိမထားမိလိုက်ပါ။

တူမလေးအတွက် ချေပမှုများကိုသာ တစ်လုံးချင်း ထုတ်ပြောနေသည်။

"တစ်ကယ်တော့ ဖအေကို သိပ်ချစ်ရှာတဲ့ကလေးပါကွယ်၊ ဒီဘာတွေရှိရက်နဲ့ အိမ်ထောင်မကျသေးတဲ့ မိန်းကလေးတစ်ယောက်ကို အမွေတွေ စောစောပုံပေးပစ်တာ သူတို့ကို စော်ကားတာလို့ ပြောပြီး ဟိုသားအမိတွေက ငိုကြ ရယ်ကြဖြစ်၊ သူ့အမေက သူ ပိုင်တာကို သူ့သမီးပေးသွားတာ ငါဘာတတ်နိုင်မလဲလို့ အစ်ကိုကြီးက ပြောတယ်၊ ဘယ်မှာလက်ခံလို့လဲ၊ ရက်ဖို့ကောင်းလိုက်တာ၊ သမီးလေးရဲ့မင်္ဂလာညမှာ ရန်တွေဖြစ်ကြတာလေ"

မမေက မသက် လက်ကိုဆွဲခနဲဆွဲယူကာ

"စဉ်းစားကြည့်စမ်း သက်၊ သမီးလေးက အိမ်ထွေသမီးပဲ၊ သမီးနဲ့ မအေလုပ်ခဲ့တဲ့ကိစ္စ သူဘာမှ သဝန်တိုဖို့ မလိုဘူးမို့လား၊ အစ်ကိုကြီးပိုင်တာ သူဖြုန်းနေတာပဲ၊ အဲဒီလို ဆူကြ ငိုကြဖြစ်တော့ သမီးလေးက သူ့အမွေတွေကို မက်ရင်ယူဆိုပြီး သေတ္တာလိုက် ချပေးသွားတာ"

"အဲဒါကို အစ်ကိုကြီးတို့က ယူတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



လေသံကတင်းတင်း မျက်နှာထားက မာလွန်းတာနှင့် မမေ မျက်နှာတစ်ချက် ပျက်သွားရသည်။

ဒီကိစ္စတွေ သက် မသိသေးဘူးများလား။

ယမာက အမွေတွေပေးပစ်တဲ့ကိစ္စ သူတို့ မသက် မသိအောင် ဖုံးထားကြတာလား အတွေးနှင့် မမေ ထိတ်ထိတ်ပျာ ပျာဖြစ်သွားလေသည်။

အားလုံးသိပြီးသားအထင်နှင့် သူက ခရေစေ့တွင်းကျ ထပ်မံ၍ ပြောနေမိသည်။

"အဲဒါ အကြီးဖြစ်ပြီး သက်သက် အချောင်ယူတာ၊ ယမာ့ အမွေကို ဘာကိစ္စ သူတို့က မြှုပြီး ယူထားတာလဲ၊ ဟိုကပေးတော့ ကော ဘာမှယူထားစရာအကြောင်း မရှိဘူး၊ အံ့ပဲအံ့ပါရဲ့တော် မိဘက ပေးတဲ့အမွေကိုများ…ကျောက်ခဲသလဲလို သူများချပေး တယ်လို့၊ အဲဒါကြောင့် ဒီလိုလူတွေဟာ လူတောထဲမဝင်ဆံ့တဲ့ ဘဝနဲ့ပဲ လမ်းဆုံးကုန်တာပေါ့"

ဒေါ်သက်သက်ပိုင် စကားတွေက ဒေါသသံတွေနှင့် ကြမ်း တမ်းနေ၏။

"မဖြစ်ဘူး၊ ဒီကိစ္စ ကိုကြီးကို သက်ပြောမယ်"

"ဖြစ်ရလေ သက်ရယ်၊ ဒီကိစ္စတွေ သက်က မသိသေးဘူး ကိုး၊ ဒီလိုမှန်းသိရင် မမေ ဒါတွေ ပြောမိမှာမဟုတ်ပါဘူးကွယ်





မမေကို သနားရင် သက်ဘာမှ ပြဿနာမရှာပါနဲ့ ညီမလေးရယ်… နော်… ပြဿနာဖြစ်ကြရင် မမေမျက်နှာ ဘယ်သွားထားရမလဲ၊ မမေက ဒုက္ခိတကြီးပါ"

"အို… မမေကလဲ သူတို့မမေကို လှည့်ရန်ရှာကြည့်ပါ လား၊ သက်နဲ့တွေ့သွားမှာပေါ့၊ မမေ သက်အိမ်မှာ လိုက်နေလဲ ရတယ်၊ ဒီမှာထက် မသာရင် ကြိုက်သလိုပြော"

မမေ စိတ်ပျက်စွာ ခေါင်းယမ်းနေဆဲ…

"မေမေကြီး ခေါင်းချတဲ့ ဒီအိမ်ကြီးက မမေ ဘယ်ကိုမှ မသွားဘူး၊ မမေ အေးဆေးနေရပါစေ သက်ရယ်၊ ဒီအမွေကိစ္စကို မေ့ထားလိုက်ပါ"

ဒေါ်သက်သက်ပိုင် ရှုံ့ကော့စ်မှာ ခပ်မှိုမှိုရပ်နေရာက မတ်ခနဲ ရပ်လိုက်ပြီးသားဖြစ်သွားသည်။

"မေ့ပစ်လို့ရမလား မမေရယ်၊ မမအိမ်ခြွေရဲ့ မိဘများ ဘယ်ထိချမ်းသာသလဲဆိုတာ မမမေက ပိုသိပါတယ်၊ အဲဒါတွေ အားလုံး မမအိမ်ခြွေက ရလိုက်တာ"

"ဟုတ်တယ်"

"ပြီးတော့ ကိုကြီးနဲ့ ညားခါကစ မေမေကြီးတို့ဘက်က တင်တောင်းထားတာတွေ၊ ရတနာ တစ်ဆင်စာစီကာတင် ကာလ တန်ဖိုးနဲ့တွက်ကြည့်ဦး၊ ဒီလောက် မနည်းမနောအမွေတွေကို မမ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူ့ခမီးကို သူပိုင်ပစ္စည်းအဖြစ်နဲ့ အားလုံးလွှဲပေးသွားတာ ဒါကျတော့ သက်က လိုချင်လို့ပြောနေတာမဟုတ်ဘူး မမမေ၊ ငယ်တဲ့သူက စိတ်လိုက်မာန်ပါပေးတော့ သူတို့က ယူထားလိုက်ရောလား ဒါကိုပဲ မကျေနပ်တာ၊ တစ်နေ့ ယမာဒုက္ခရောက်တော့ ဒင်းတို့က လှည့်ကြည့်မယ့်လူတွေမှ မဟုတ်ဘဲ''

ဒီလို ယမာ့ဘက်က ပြောပေးတာကို သက်ဟာမှ ကြားရတော့လည်း မဇွမ ယုံရခက်ကြီး ဖြစ်နေရပြန်သည်။

''မဖြစ်ပါဘူး၊ ဒီကိစ္စ ခုချက်ချင်း ကိုကြီးရှုံးခန်းလိုက်ရှင်းရမယ်''

''အို...သက်...သက်...ညီမလေး.. ဖြစ်ရလေကွယ်''

ဖြစ်လာမည့် ပြဿနာအတွက် ဒေါ်ယဉ်မေပိုင် စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းငိုက်စိုက်ကျသွားရလေသည်။

အမွေဆိုသည်နှင့် ဘီလူးသူရဲစီးသလို မီးပွင့်ထွက်လာတတ်သည့် ဒေါ်မိမိသွင် မျက်နှာကြီးက ပေါ်လာ၏။

မယား ခေါင်းတစ်ချက်ငေ့တာနှင့် ရှေ့နောက်မကြည့်ဘဲ လုပ်လာကတတ်သည့် အစ်ကိုကြီးမျက်နှာ ရှုတင်းတင်းကြီး

'ပိုင်ဂေဟာ'မှာ အမွေကိစ္စတွေ ဘယ်တော့များမှအဆုံးသတ်မှာလဲ''

❀❀❀





အခန်း - ၄

''အစ်ကို ခေါ်တယ်ဆိုလို့''

''အေးကွ...ထိုင်''

လက်ထဲက အထုပ်တွေကို စားပွဲပေါ်အသာချ၍ တံခွန်ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

''မင်းကို ပြောစရာရှိတယ် ကျော်ကျော်၊ ဒီလို 'နေတံခွန်'မှာ မင်းမလုပ်နဲ့တော့''

''ဗျာ''

ကျော်ကျော် ပြူးပြူးပျာပျာကြီး ဖြစ်သွားရသည်။

သူ့မှာ ဘာအပြစ်ရှိလို့လဲဟု မေးလိုပုံရသော်လည်း နှုတ်ခမ်းတွေသာ လှုပ်နေသည်။ ဘာသံမှ မထွက်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ပြုံးပြုံးပြဲပြဲနဲ့ကွာ၊ စကားမှ မဆုံးသေးတာ၊ မင်းကို 'နေတံခွန်'က ထွက်ခိုင်းတာ အကြောင်းရှိတယ် ငါ့ညီရ"

တံခွန် စီးကရက်ကို မီးညှိပြီး စီးကရက်ဗူးကို ကျော်ကျော့်ဘက် တွန်းပို့ပေးလိုက်သည်။

"ရော့…သောက်"

"ဟုတ်.."

ကျော်ကျော်တစ်ယောက် အဖိုးတန် စီးကရက်ကိုသော်မှ စိတ်မဝင်စားနိုင်ပါ။

တံခွန်ပြောမည့်စကားကို ကြားလိုလှသည်။

"ငါ…မိဘမဲ့ကလေးထိန်းဂေဟာနတစ်ခု ဖွင့်ထားတယ်ကွ၊ အဲဒါကိုကြီးကြပ်နိုင်ဖို့ တစ်ယောက်ကို ငါစိတ်ချလက်ချ လိုချင်တယ်၊ နံပတ်တစ် လူကဲခတ်ကောင်းရမယ်၊ နံပတ်နှစ် စာနာသနားတတ်ရမယ်၊ နံပတ်သုံး သုံးစွဲဖို့လိုအပ်တာ ကုန်တာဖြည့်တာ အားလုံးထောင့်စေ့အောင် မြင်တတ်၊ ကြည့်တတ်ရမယ်၊ နံပတ်လေး စိတ်ရှည်ရမယ်.. ပြီးတော့…"

တံခွန် စီးကရက်ကို တစ်ချက်ရှိုက်သွင်းလျက် နှုတ်ခမ်းခပ်ဟဟပြုကာ အခိုးဖြူဖြူလေးတွေကို မှုတ်လွှတ်လိုက်သည်။

"နံပါတ်ငါး.. ကိုယ့်လက်အောက်က လူကို နိုင်နင်းစွာ





အုပ်ချုပ်နိုင်တဲ့သူဖြစ်ရမယ်"

ပြော၍ စီးကရက်ကို ပြာခွက်ထဲထည့်သည်။

"အဲဒါ မင်းကို ငါ သဘောကျတယ်၊ 'နေတံခွန်'ကနေထွက်ပြီး အဲဒီကို မင်းပြောင်းပေးနိုင်ရင်ပေါ့၊ လခကတော့ အခုလက်ရှိ မင်းရတဲ့ ရိုးရိုးစာရေးလေးလခထက် နှစ်ဆ ပိုပေးမယ်၊ အဲ… ဖြစ်နိုင်ရင်တော့ မင်း အဲဒီမှာ ပြောင်းနေရမယ်၊ ဒါပေမယ့် လောလောဆယ် ပထမကိစ္စကို မင်း လက်ခံနိုင်မလား ခဉ်းစားပါဦး"

"ကျွန်တော်တစ်ခု မေးပါရစေ.. အစ်ကို"

"မေး.."

"ကျွန်တော့်မှာ ခုနက အစ်ကိုပြောတဲ့ အရည်အချင်းတွေ ရှိနေလို့လားဗျာ"

တံခွန်က ပြေပြစ်ခန့်ညားသည့် ကျော်ကျော့်မျက်နှာကို စိုက်ကြည့်၍ ပြုံးနေသည်။

"ငါအကဲခတ်ရသလောက် မင်းမဆိုးပါဘူး၊ လိုအပ်မယ်ထင်တာတွေတော့ ငါ အခုပြောပြီးပြီပဲ၊ ဒီအလုပ်ကို မင်း စိတ်ဝင်စားခယ်ဆိုရင် ပြောတဲ့အတိုင်း ကွက်တိဖြစ်နေ့အောင်တော့ မင်း ကြိုးစားရမယ်၊ အလုပ်ရှင်ဆိုတဲ့ မာန်နဲ့ ငါ ဘယ်အလုပ်သမားကိုမှ နှိမ့်နှိမ့်ချချ မလုပ်ခဲ့ဖူးဘူး၊ ဒါပေမယ့် စည်းကမ်းနဲ့ပတ်သက်ရင်တော့ ငါက ဘာကိုမှပြန်ကြည့်မှာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လည်း အစ်ကို့စိတ်ဓာတ်ကို ကျွန်တော်တို့ လေးစားပြီးသားပါဗျာ"

"ဖင်း ဒီမှာပဲ ဆုံးဖြတ်သွားလို့ရမလား၊ ငါက သိပ်မစောင့်နိုင်လို့"

"သိပ်ရတာပေါ့ အစ်ကိုရာ၊ လခလည်း တိုးရတယ်၊ စားစရိတ်ကလည်း ပေးဦးမယ်၊ ကျွန်တော်ဖြင့် ရှမ်းတောင်ထဲထိုးလိုက်ချင်တယ်၊ ပြီးတော့ ဟိုမှာဆို ကိုယ်က ဂိုက်နဲ့ဆိုက်နဲ့ လူကြီးလုပ်ရမှာ၊ တစ်ခုပဲရှိတာ..."

"ပြော"

"ကျွန်တော့်နေပုံ ထိုင်ပုံ အစ်ကို မကျေနပ်မှာကိုတော့ ပူတယ်"

"ဒါက တမင်ကြိုးစားယူဖို့မလိုဘူးလေ၊ မင်းဟာ မင်းရဲ့ လုပ်ငန်းကို အထူးအလေးထား ကြိုးစားသွားမယ့် ရည်ရွယ်ချက်ရှိရင် သူ့အလိုလိုပြည့်စုံသွားမှာပဲ၊ ဒါဖြင့် မင်းလက်ခံပြီနော်"

"ဟုတ်ကဲ့ အစ်ကို၊ ဝမ်းသာအားရကို လက်ခံတာပါ"

"ကောင်းပြီ၊ ဒါဆိုရင်..."

တံခွန်က စက္ကူထုပ်အရှည်ကြီးတစ်ခုထဲမှ စာရင်းစာအုပ်ကြီးတစ်ခုကို ယူ၍ ယူလိုက်သည်။

"အားလုံးအတွက် လစာကို ငါ ထိုက်ထိုက်တန်တန်





ချီးမြှင့်တယ်၊ ငါလိုချင်တာက ငါလုပ်တဲ့အလုပ်ဟာ ငါမျှော်မှန်းသလို အားလုံးကွက်တိအောင်မြင်လာဖို့ပဲ၊ ငွေက ဒုတိယ"

"ဝမ်းသာလိုက်တာ အစ်ကိုရာ၊ ဗိုက်ဆံချမ်းသာတဲ့လူတိုင်း အစ်ကို့လိုစိတ်ဓာတ်ရှိရင် သိပ်ကောင်းမှာပဲဗျာ၊ ဒါကြောင့် အစ်ကို အရမ်းချမ်းသာတာ"

တကယ့်လိုက်လျှော်လှလှ ကျော်ကျော်က ဆိုသည်။

"ချမ်းသာတာ ဘာလုပ်ရမှာလဲ ကျော်ကျော်၊ ငါ့စိတ်ကူးဟာ ငါ့စိတ်ချမ်းသာမှုပဲ၊ ငါစိတ်ချမ်းသာဖို့ ငွေက အဓိကမဟုတ်ဘူး၊ နောက်ဆုံးကွာ ငါစားဖို့ပဲကျန်တော့တဲ့အထိ ဖြစ်သွားပစေ၊ ငါ စိတ်ချမ်းသာတာကို ဆက်လုပ်မှာပဲ"

"ဟုတ်"

"မင်းသွားနိုင်ပါပြီ"

"ဘယ်နေ့ အလုပ်စဆင်းရမလဲ အစ်ကို"

"ခုဆင်းလည်းရတယ်"

"ဗျာ..."

တံခွန်က မသောက်ဖြစ်သေးသည့် ကော်ဖီပန်းကန်ကို ကောက်ယူလိုက်သည်။

"ငါ့မှာတော့ လိုအပ်နေတာပဲလေ၊ မင်းအဆင်ပြေမယ့်နေ့ပေါ့၊ မြန်လေကောင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ညနေ ကျွန်တော် တစ်ခါတည်းရှေ့မယ် အစ်ကို"

"အဆင်ပြေတာပေါ့"

"ကျွန်တော်.. ဟို... ကျွန်တော့်သမီးလေးပါ ခေါ်လို့ ရမလား အစ်ကို"

တခွန်က မျက်လုံးတစ်ချက်လှန်ကြည့်၍ ကော်ဖီပန်းကန် ပြန်ချသည်။

"ရတယ်လေ၊ မင်းအတွက် အဆင်ပြေတာပေါ့၊ ဘာလဲ... မင်းက ညအိပ်ပြောင်းမှာလား"

"ဟုတ်ကဲ့..."

"အိုကေ..."





"ကဲ... နင်က ငါ့ကိုလိုက်ပို့ပြီး စကားကောင်းနေတယ်၊ နင်ပြန်ဖို့ မိုးချုပ်နေပြီ၊ ဘယ်နှယ့်လုပ်မလဲ ကဲ..."

"ရပါတယ်ဟာ၊ ဘယ်လောက်ဝေးတာ မှတ်လို့"

"ဘယ်နှယ့်ရရမှာလဲ၊ နေဦး... ငါ လေးလေးကိုခေါ်ပြီး ပြန်လိုက်ပို့ဦးမယ်"

"တော်ပါတော့ မေရီရယ်၊ သူ့ပြန်ပို့၊ ငါ့ပြန်ပို့နဲ့ ဒီည သံသရာလည်နေလို့ ပြီးမှာမဟုတ်တော့ဘူး၊ အဓောကြီးရှိသေးတဲ့ဟာ၊ ငါ့ဟာငါပြန်မယ်"

"ဟဲ့... ဟဲ့... မရဘူး"

မေရီက ပျဉ်ထောင်တစ်ထပ်တိုက်လေးထဲမှ ခွတ်ပြေးထွက်လာသည်။

"ငါစိတ်မချပါဘူး ယမာရယ်၊ နေပါဦးဆို"



www.burmeseclassic.com

www.burmeseclassic.com



"မေရီရယ်… အဲဒီလိုငြင်းခုန်ရတာ ဒါအရမ်းစိတ်ဆင်းရဲ တာပဲ၊ ဖယ်…"

စိတ်တိုလာသံလေးနှင့်မို့ မေရီ ထပ်မဆွဲရဲတော့ပါ။

အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်လေးနှင့် ခေါင်းလျှော်ထား မို့ ဝေနေအောင် ဖြန့်ချထားသည့် ဆံနွယ်မည်းခက်ခက်ကြီးများက ဒူးခေါက်ကွေးနားထိ ဝဲဝဲဖြာဖြာ…

ချစ်သူငယ်ချင်း တဖွတ်ထိုးမလေး၏ နောက်ပိုင်းအလှလေး ကို စိတ်မချနိုင်စွာ လိုက်မျှော်ကြည့်နေမိရသူက မေရီပါ။

လမ်းမကြီးကို ဖြတ်မကူးမီကတည်းက တစ်ဖက် ပလက် ဖောင်းပေါ်မှာ လူသုံးယောက်ပုံစံ ကိုယ်စီရပ်လျက်… သူမထံ တန်းတန်းမတ်မတ် ကြည့်နေတာကို သတိထားမိလိုက်သည်။

အဲဒီဘက်ဆီကိုကူးမှ အိမ်ရောက်မှာမို့ မကူးလို့ကလည်း မဖြစ်သည့်ကိစ္စ။ လက်ဝဲ လက်ယာ ကားဟွေ့ပြတ်တောက်သွား သည်အထိ ခြေစုံရပ်နေသည့် သူမဆီကိုပဲ လှမ်းလာတော့မတတ် ရိုးတိုးရွတဖြစ်လာကြတာတွေ…

သေချာပါပြီ။ ဒါ သူမကိုစောင့်နေကြတာ ဖြစ်မည်။

အစတော့ ထိတ်ခနဲ ရင်ခုန်သွားလျက်… ဘေးဘီ လူသွား လူလာကို ဝိုက်ကြည့်လိုက်မိသည်။

ဘယ်လိုဖြစ်တာလဲ…





သူမမှာ မိန်းမသားဖြစ်ပါလျက် သူတစ်ပါးနှင့် တစ်ပါးသူ အပေါ် ရန်လိုမုန်းထားမပြုဘူးပါပဲလျက် အဘယ်ကြောင့် ရန်သူတွေ အပေါ်များနေရပါသနည်း။

ရှေ့နေပေါက်စမလေး ဒေါ်ယမာပိုင်စိုးဘ၀မှာ အရမ်းကို အပေါ်ချွင်အောင်မြင်စဉ်က တစ်ကြိမ်…

သူမ အသည်းအူပြုန်းမျှ အလန့်တကြား ကြုံခဲ့ရဖူးသည့် ဒီလိုယောက်ျားသားတွေပါပဲ…။

အဲဒီရှေ့နေအလုပ်ကို စိတ်ပျက်စွာ စွန့်ခွာမိသည်အထိ ရှုံ့ပျက်ဆင်းပျက် အရှုက်ရခဲ့ရသည့် သူမ။

ယမာ အံကလေးခဲလျက် ထမီကို တစ်ဖက်က ခပ်မြင့်မြင့် ဆွဲ မလိုက်သည်။

အနက်ရောင် နှစ်လက်မအမြင့် ဒေါက်ဖိနပ်ကလေးနှင့် ခြေသလုံးသားဝင်းနုနုလေး လင်းခနဲ မြင်၏။

စိတ်က အနည်ငယ်းလှုပ်ရှားနေလျက် ဝင်းလက်နေသည့် ကားမီးရောင်တွေကြားမှပဲ ရှေ့တိုးရပ်တန့် ပုံစံလေးနှင့် တစ်ဖက်ကို ကူးခဲ့သည်။

မိန်းကလေးပေမယ့် နောက်မှဘာဖြစ်နေစဲ ထွက်ပြေးရှောင် တိမ်းသွားရမှာထက် ပြဿနာတွေ့ပစ်ချင်သည့် ခေါင်းမခံလိုစိတ်က ရှေ့က။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ…

သမင်သားကိုမြင်သည့် ကျားသစ်တွေပါကြီးတွေလို လှုပ်ရှားလာကြသည်။

ကံဆိုးလှစွာ ကျွဲလှသည့် အလှမ်းဝေးဝေး မီးတိုင်နှစ်ခုကြား ရောက်နေသည်။

ဒီကြားထဲ… အဝေးပြေး ဟီးနိုးကားကြီးနှစ်စီး၊ သုံးစီး ခန့်က ရပ်ထားသေးတော့ မှောင်မိုက်သည့်နေရာ…

"ရှူး"

"ဟိတ်"

"လာတော့ လာရဲပြီး မပြေးနဲ့လေကွယ်"

ပြေးလာလိုက်လျက် ယမာ့ကို နှစ်ယောက်ရံသည်။ တစ်ယောက်က ပိတ်ရပ်ထားလိုက်၏။

"ဒါ ဘာလုပ်တာလဲ"

"တားဆီးတာလေ"

"ဟား ဟား တား… ဆီးတာ… အချစ်… တစ်ခုပါ"

တစ်ယောက်ကဖြင့် သီချင်းများတောင် ဟစ်လိုက်သေး။

"ဘယ်နှယ့်… ဟိတ်ကောင်တွေ၊ ချစ်ဖို့မကောင်းဘူးလား"





"သိပ်ကောင်း၊ ကောင်းရုံတင်မကဘူးကွာ၊ ဖျစ်ညှစ်ဆွဲတင်းပစ်ဖို့ကောင်းတဲ့ အရုပ်လေးပဲ… ဟား… ဟား…"

"ရေရေလည်လည် နိပ်တာကွာ"

"နင်တို့ မိကောင်းဖခင်သားသမီးတွေဆိုရင် လမ်းဖယ်ပေးပါ"

တစ်ယောက်က ဟက်ခနဲ ရယ်သည်။

"မိကောင်းဖခင်က မွေးထားတာမှန်ပေမယ့် တို့ကျတော့ သူဆိုးလေးတွေ ဖြစ်နေတယ်ကွ၊ ဟိတ်ကောင်… စလေကွာ၊ မင်းရဲ့ ကျော့ပွဲလေ"

"ဟော့… မင်းပဲလေ ရှေ့နေဆရာမကြီး၊ တို့ကို မှတ်မိသား"

ယမာ ဘယ်သူ့ကိုမှမကြည့်ဘဲ ရှောင်ထွက်သွားဖို့ ဘာစ်ဖက်ကကွေ့စဉ်…

"ဟာ… ဒီလိုဘယ်ရမလဲ၊ ဟဲ ဟဲ… ဟိုတစ်ခါကတော့ တို့ကြောင့် ပတ်သက်ပြီးထင်ပါရဲ့၊ အလုပ်ကထွက်သွားတယ်လေ၊ ဒီတစ်ခါတော့ ဘဝဟောင်းကိုစွန့်ပြီး တို့ရင်ခွင်ထဲမှာ ဘဝအသစ်အနေနဲ့ ထာဝရအိပ်စက်စမ်းပါကွာ"

"တိုရစ္ဆာန်"

"ဖြန်း… ဖြန်း…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကနိုင်းပြီ။

မျက်လုံးတွေ ပြာကုန်သည်။

အသိစိတ်က မှောင်မိုက်သွား၏။ တန်ပြန်လာမှာကို သတိ မထားနိုင်မီ ယောကျ်ားသားနှစ်ယောက်၏ပါးကို ဆက်တိုက် အားကုန်လွှဲရိုက်ပစ်လိုက်ခြင်းသည် လျှပ်တပြက်...

ဟာခနဲ ဖြစ်ကာ ပါးတွေကိုပွတ်လျက်။ ပြီးတော့ အမိယုတ်ရဲ့သား နှုတ်သရမ်းသူ၏ပါးစပ်က ဟောင်းလောင်းပွင့် လျက် တဒင်္ဂငိုင်ကျသွားသည်။

ယမာ နေရာမှလှည့်အပြေး...

"ကောင်မ... လာခဲ့"

"လွှတ်... လွှတ်စမ်း၊ အယုတ်တမာကောင်တွေ"

"ဟိတ်ကောင်... ကားသွားမောင်း"

"လွှတ်နော်"

"ငြိမ်ငြိမ်နေစမ်း"

ယမာ့ကို ဆွဲမွေ့ဖို့ကြိုးစားပေမယ့် မအောင်မြင်သည့် ဒီအတိုင်း ဒရွတ်တိုက် ညှပ်၍ဆွဲခေါ်လာကြပြီး ထိုးရပ်လာသော ကားနားမရောက်မီပင်...

ဝင်းခနဲထိန်သွားသည့် ကားမီးရောင်...

"ဂျိုင်း"





"အား"

ရပ်ထားသည့် အဲကွန်းကားကြီး၏ နောက်တံခါး ဂျိုင်းခနဲ ပွင့်လာလျက် ယမာ့ကို ချုပ်ကိုင်ထားသည့် ကား ဘက်ကလူ ဒိုင်းဆို နောက်လန်ကျသွားသည်။

"ခင်ဗျားတို့ သူ့ကိုထားခဲ့ပြီး ပြန်လှည့်သွားမလား၊ ကျုပ် ရှင်တို့ အကြောင်းကြားလိုက်ရမလား"

အသံနှင့်အတူ လူကပါ ပေါ်လာသည်။

သတိပြုမိလောက်အောင် မြင့်လွန်းသောအရပ်နှင့် ဂုတ်ထိ ရှည်အောင် အုပ်အုပ်သိုက်သိုက်ရှိနေသည့် ဆံပင်နှင့်လူ...

ကားတွင်းမှလင်းနေသည့် မီးရောင်ကို ကျောပေးထားသည် ၍ မျက်နှာကို မမြင်ရ။

အသံကတော့ အမြဲတမ်း အမိန့်စကားများပြောနေကျ အသံအတိုင်း... သြဇာသံအပြည့်။

မာန်တွေအပြည့်နှင့်...

သူ့လက်ထဲမှာ ဆယ်လူလာဖုန်းလေး ကိုင်ထားလျက်။

"ဟိတ်ကောင်... မင်း ဘာဝင်ရှုပ်တာလဲ"

"ရဲမလာခင် မင်းသေမှာကောမြင်ရဲ့လား၊ ခွေးမသား"

"ခွပ်... ဘုန်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအောင် ဆဲခွင့်မရလိုက်ပါ။

ဆံရှည်ကိုယ်တော်က မြန်သည်။

ကားခြေနင်းခုံအမြင့်မှပင် မဆင်း...

တစ်ခါတည်း ထိုး၊ တစ်ဆက်တည်း ပစ်ကန်ထည့်လိုက်သည်။ ကိုယ်လုံးပညာလည်း ကျွမ်းပုံရ၏။

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ သူတို့မှာ ဒဏ်ရာကိုယ်စီလည်း ရထားကြပြီ။

အသာကန်ပေမယ့် လွှတ်လိုက်ရမယ့် အသားက အဆီတဝင်းဝင်းမို့ အသဲတော့ နာလှသည်ပေါ့။

ဆံရှည်က ဘာမှထပ်မလှုပ်ရှားတော့...

ဆယ်လူလာဖုန်းလေးမှ ဂဏန်းတွေ နှိပ်နေသည်။

အခြေအနေကို တွေးမနေအားတော့ပါ။

ကျားသုံးကောင် သူတို့ကားလေးပေါ် ပြေးတက်ကုန်သည်။ ဟူးခနဲ မောင်းထွက်သွား၏။

သူ...

တောင့်တောင့်လေးရပ်နေဆဲ မိန်းကလေးကို လှမ်းကြည့်သည်။ မီးရောင်ကို မျက်နှာမူထားသည်မို့ ပထမဆုံး သတိထားမိသည်က ထင်းနေသည့်မျက်ခုံးနှင့် နှာတံ....

နှုတ်ခမ်းနီ ဆိုးထားတာလား... မဆိုးတာလား မသိ။





ကြွသည့်နှုတ်ခမ်းအစုံက အိတွေးလျက် ပန်းနုရောင်သမ်းနေသည်။

မျက်ဝန်းလေးတွေ မည်းနက်နေလျက် ရှည်လျားသည့် မျက်တောင်လေးတို့၏အရိပ်က မျက်ခုံးစပ်နားမှာ တချို့တဝက် ဆင်သည်။

အသားကတော့ အဖြူကြီးထဲက မဟုတ်။

ခပ်ညိုညိုလေး... ညိုပေမယ့် ဝင်းဝါစိုပြေလျက် ညိုပုံမျိုး...

ခြုံကြည့်လိုက်တော့ ကုလားမင်းသမီးလေးလို ပေါ်လွင်နေသည်။

မြန်မာရုပ်လေးလည်း မပျောက်တော့။

သူ မိန်းကလေးကို တစ်ချက်ငေးကြည့်လိုက်မိတာ အမှန်ပင်။

"မင်း ဘယ်ပြန်မှာလဲ"

"ဟင်..."

ကောင်မလေး သူ့ကို ဖျတ်ခနဲ မော့ကြည့်၏။ ခေါင်းလေးကို မသိမသာ ငုံ့သည်။

သူ့မျက်နှာကို ရပ်ဖမ်းကြည့်လိုပုံရသည်။

"မင်း ဘယ်ပြန်မှာလဲလို့ မေးတာကွ"

"ရွှေတောင်ကြား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ… လိုသေးတာပဲ၊ နေပါဦး၊ မင်းက ရဲတင်းလှချေလား၊ ဒီလိုပဲ ထွက်နေကျလား"

"ရှင် ကျွန်မကို ကူညီထားတဲ့အတွက် အဲဒီစကားကို ခွင့်လွှတ်လိုက်မယ်၊ ရှင်မေးစရာရှိသေးလား"

"ဘာ… ဘယ်လိုကွ"

သူ့ထံမှ တအံ့တသြကြီးအသံနှင့်အတူ ယမာ့နား ဆင်းချလာသည်။ မြင့်လိုက်သည့် အရပ်ကြီး…

ယမာ အရပ်မြင့်တာတောင် သူ့ပခုံးကိုမှီရုံရှ၏။

"ဒီမှာ… မင်းကို ဟိုကားပေါ်တင်လိုက်နိုင်တာနဲ့ မင်း ဘယ်ဘဝရောက်သွားမယ် ထင်သလဲ"

"ဟင်…"

မထင်မှတ်စွာ မိန်းကလေးက နှုတ်ခမ်းမဲ့ပစ်သည်။

"မှတ်ထားပါ ကိုအဝှာ… ကျွန်မက မိဘအုပ်ထိန်းမှုနဲ့ နေတဲ့ မိန်းကလေး၊ ရှင် ချိုးချိုးဖဲ့ဖဲ့ ပြောထည့်လိုက်တဲ့ အတန်းအစားမျိုး မဟုတ်ဘူး"

"အဲလိုမိန်းကလေးဆို ဒီလိုပုံစံနဲ့ ဒီလိုထွက်သင့်သလား၊ ကျုပ်က ခင်ဗျားကို ဒုက္ခရောက်မှာစိုးလို့"

"ကူညီတာကို ကျေးဇူးတင်ပေမယ့် ရှင့်စကားတွေကြောင့် ဆောရီးလို့ ပြန်ပြင်ရမှာပဲ၊ ကူညီတာလေးနဲ့ပဲ သူများသားသမီးကို





အရှက်ကွဲသွားအောင် ချိုးဖဲ့ပြောဆိုတာ စေတနာရှင်တဲ့လား"

"ငါပြောတာထက် မင်းဘဝပျက်ရမှာကိုကော…"

"ကျွန်မ ဘယ်တော့မှ ဘဝမပျက်နိုင်ပါဘူး"

"ဘာ…"

"ကျွန်မ မဟုတ်တာဘာမှမလုပ်ဘူး၊ မတရားမလုပ်ခဲ့ဘူး၊ ဒါပေမယ့် သူတို့အတွက်တော့ ကျွန်မကို အကျိုးယုတ်စေချင်ကြတယ်လေ၊ ကျွန်မအမှုသည်တစ်ဦးကို လျှောက်လွှဲချက်ပေးခဲ့ဖူးတယ်၊ အဲဒါ သူတို့ သိပ်နစ်နာသွားတယ်"

"သူတို့ဆိုတာ"

"စောစောကထဲက တစ်ယောက်ပါ"

"အင်း… ပြောပါဦး"

"အဲဒါကို မကျေနပ်ပြီး ကျွန်မကို တစ်ခါ ကားတင်ဖူးတယ်၊ ဒါပေမယ့် ခုလိုမှောင်မည်းမည်းထဲမှာ မဟုတ်လို့ ကျွန်မ လွတ်မြောက်ခဲ့ပေမယ့် လူသိရှင်ကြား အရှက်ကွဲခဲ့ရတယ်၊ ခုလည်း ကျွန်မဟာ မှန်သောတရားကို လက်ကိုင်ထားတဲ့သူ၊ ယုတ်မာတဲ့ သူတွေကို ယုတ်မာတဲ့လမ်းသွားဖို့ ဒီနေရာမှာ ရှင်မဟုတ်လည်း အခြားတစ်ယောက်ပေါ်လာမှာပဲ"

"မင်းက ကျေးဇူးမဆောင်ဘူးပေါ့"

"ပြန်ရုပ်သိမ်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ ဒီကလည်း ကျေးဇူးတွင်ခံချင်လို့မှ မဟုတ်တာ"

"ကျွန်မသိတယ်၊ ရှင်က တစ်ဖက်သားကို စိတ်ကျေနပ်အောင် ချိုးဖဲ့ပြောလိုသူပဲ"

"မင်း ထပ်ပြောပြန်ပြီ"

"ကျွန်မ အဲဒါကို လုံးဝမကျေနပ်တာ"

"မင်းလို ကျေးဇူးကန်းတဲ့လူမျိုး မြန်မာလူမျိုးထဲမှာ တစ်ယောက်မှ မကြုံဖူးသေးဘူး"

"ကျွန်မလည်း ရှင့်လို အားနွဲ့တဲ့မိန်းမသားအပေါ် အခွင့်အရေးနဲ့ တစ်ဖက်သတ်ပြောရဲတဲ့လူ ယောကျ်ားတွေထဲမှာ ရှင်တစ်ယောက်ပဲရှိတယ် မှတ်တယ်"

"တောက်"

တက်ခေါက်သံက ပြင်းလှသည်။

နှုတ်ခမ်းလေးမဲ့လျက် ကောင်မလေး ချာခနဲ လှည့်ထွက်သွားသည်။

မဲခက်သော ဆံနွယ်ရှည်ကြီးများက ကျောလယ်ဆီမှ အောက်ဖျားထိ ဝိုက်ခနဲ လွန့်လူးတက်ဝဲကျသွားပုံက ဒေါသဇာလွှနှင့်ပင် မျက်နှာလွှဲဖို့ ခက်သွားရသည့်အဖြစ်...

ဘာပဲဖြစ်ဖြစ်...





"တော်တော်ရိုင်းတဲ့ဟာလေး"

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

စီးကရက်မီးခိုးလေးတွေက ကိန္နရီ ကိန္နရာ ပန်းချီကားလေး တစ်ချပ် အသက်ဝင်လှုပ်ရှားသွားသည့်နှယ် လှုပ်ရှားလွန့်လူးလျက် ဝေ့ဝဲမျောပါနေကြဆဲ…

အဆက်မပြတ် မီးခိုးလေးတွေ ညှင်းသက်စွာ လွှတ်ထုတ်နေမိရင်း အတွေးတို့သည်လည်း အမျှင်မပြတ်နိုင်။

ဆံနွယ်အုပ်မည်းမည်း ရှည်ခက်သွယ်ပျောင်းလျက် မျက်နှာလေးသည်လည်း ညိုမွတ်ဝင်းနုလျက်… နုနုညက်ညက်…

အဲဒီလိုမိန်းကလေးက သူ့စေတနာ၊ သူ့ရဲ့မဟာကရုဏာ ဒေါသတရားတို့ကို နားမလည်နိုင်စွာ ရန်လိုခြင်း၊ မာန်ကြီးခြင်းတို့ဖြင့် သူ့ကို စစ်ခင်းသွားသည့်အဖြစ်။

သူမနေရာမှာ တခြားမိန်းကလေးတစ်ယောက်သာဖြစ်လျှင်…





“ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ ကျွန်မကလေ (…) မှာ နေတာပါ၊ အစ်ကို့ကျေးဇူး…” ဘာညာ သာတာကာဖြင့် ဇာတ်လမ်းရှည်လိုက်ကြမယ့်အမျိုး။

သူ့ဝသီအတိုင်း ဒီစကားတွေကို သူ စိတ်ညစ်ညူးစွာဖြင့်၊ ဒီကျေးဇူးတင်တာတွေကို မကြားချင် ကြားချင်ဖြင့် လက်ခံ ခေါင်းညိတ်ခဲ့ရဦးမည်။

ခုတော့… ကြည့်ဦး။

ကိုယ့်စကားက ဘာများ အမှားတွေဖြစ်သွားခဲ့သလဲ။ ကိုယ့်မှာကော သူမစွပ်စွဲသလို အခွင့်အရေးနှင့် ချိုးနှိမ်ပြောဆိုလိုသော ဆန္ဒတွေ ရှိခဲ့လို့လား…

တစ်ယောက်တည်းနေရင်း ‘ကျွတ်’ ခနဲ အံကြိတ်မိသည်။ ‘ဒေါသ’… စားစား သွားသွား ဒီမျက်နှာက နှိပ်စက်နေသည်။

တံခွန့်ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်ကို ဖြစ်နေသည်။

မျိုချလို့လည်း မကျ…

ဖွင့်ထုတ်လို့လည်း မဖြစ်နိုင်တော့…

နှုတ်ခမ်းမွဲမွဲ၊ ကိုယ်ဟန်စွံ့စွံ့နှင့် တစ်ဖက်သားသူက သူ့အပေါ် နိုင်စားခြင်း ရာနှုန်းပြည့်ဖြင့် ထားရစ်ခဲ့ပြီ။

သူ့မှာသာ ဒါတွေကို မရှုနိုင် မကယ်နိုင်…

“ကျွတ်… ငါကိုက မှားတာ”



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို မကူညီဘဲနေရမှာ။

တစ်ယောက်တည်းနေပြီး စကားပြောမိလို ပြောမိ…

မခံချင်မှု ဒေါသတွေက ရင်မှာအပြည့်အကျပ်…

အဲဒီမိန်းကလေးကို အခုနေ တစ်နေရာမှာ သူ တွေ့ခဲ့လျှင်… ခုဖြစ်နေရတဲ့ ဒေါသတွေကို အရည်ဖျော်ပစ်ရမှာလား။

ပြဿနာကို အစကပြန်ချိုပြီး ရန်ဖြစ်ကြမလား။

မဟုတ်သေးပါဘူး။

ဘယ်ဘက်ကတွေးတွေး ကိုယ်က ခံဖို့ချည်းဖြစ်နေဆဲ…

စီးကရက်ကို ခွက်ထဲ ထိုးချေထည့်ပစ်ရင်း လက်တစ်ဖက်က အအေးခွက်ကို ကိုင်၍မော့လိုက်သည်။

သူများကို သူရင်ဖွင့်ပြောတော့ကော…

"ဒါလေးများကွာ" ဆိုပြီး သူ့ကိုပဲ ဝိုင်းရယ်ကြဦးမည်။

တကယ်ဆို ကိုယ့်မှာတော့ ဒါလေးကိုပဲ မမေ့နိုင်၊ မေ့မရဖြင့် နာနာကျင်ကျင် ခံစားနေရသည်။

"အစ်ကို"

အတွေးလွန်နေဆဲ အနီးကပ်ထွက်လာသည့် မိန်းကလေးအသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သူ့ရှေ့ခန်းရှေ့တည့်တည့် စားပွဲမှ စာရေးမလေး အေးနန္ဒာ…





"အခန်းထဲမှာ ဖုန်းလာနေပါတယ်"

သူ ခေါင်းညိတ်၍ နေရာမှ ထရပ်သည်။

အေးနန္ဒာ ခေါင်းလေးငုံ့၍ သူ့ရှေ့က ခပ်သုတ်သုတ်လေး လျှောက်သွားသည်။

သူရုံးခန်းထဲ လမ်းတလျှောက် စာရေးမတွေ၊ စာရေးတွေအားလုံး သူ့ကို တစ်ယောက်တစ်မျိုး လိုက်ကြည့်ကြသည်။

"ဟ… ဘာငေးတာလဲ"

"ငေးတာမဟုတ်ပါဘူး ကိုအာနိုးရယ်… ကြည့်တာ၊ ကြည့်တာ"

"ဘာထူးလဲ"

"အေးလေ… ကြည့်ရင်လည်း မျက်နှာချင်းဆိုင်တုန်းက ကြည့်ပါလား၊ ခုတော့ ကျောခိုင်းသွားမှ"

"အမလေး…, တည့်တည့်မကြည့်ရဲပါဘူးတော်၊ ကျောချမ်းလိုက်တာ"

စာရေးမတွေ ကျိတ်ရယ်နေကြသည်က ခိုးခိုးခိခိသံလေးတွေ ထွက်နေသည်။

'ကျောချမ်းလိုက်တာ' ဆိုတာ ဘာကိုရည်ရွယ်မှန်း သူတို့ချင်းတော့ သိပြီးသား။

တဲ့ခွန့်မျက်လုံး'တွေကိုပါ…



www.burmeseclassic.com

www.burmeseclassic.com



တံခွန်အသားက အသားလတ်စာရင်းထဲမဝင်ဘဲ ခပ်ညိုညို ထူထဲမှုလွန်နေသည့် မျက်ခုံးမွေးက တန်းနေလျက် မည်းနက်နေသည်။

တံခွန့်မျက်နှာက ချောလှပါသည်ဟု ပြောမရပါဘဲ ဘယ်နေရာကကြည့်ကြည့် မိန်းကလေးတိုင်း စိုက်ကြည့်နေချင်စဖွယ် ရုပ်မျိုး။

ဒါပေမယ့် ဟောဒီရုံးခန်းက စာရေးမလေးကဖြင့် ရင်တုန်ပန်းတုန်ဖြစ်လွန်းလို့ တံခွန့်မျက်လုံးကို နောက်တစ်ကြိမ်ရင်မဆိုင်ရဲပါဟု ဆိုနေကြပြီ။

စာရေးမတွေ အသံထွက်နေကြတာကို မျက်ကွယ်ပြုလျက် တံခွန် တံခါးရွက်တိုလေးနှင့် တွန်းတံခါးကို ဖွင့်၍ ရုံးခန်းထဲ ဝင်လိုက်သည်။

"ပိုင်ဂေဟာကလို့ပြောတယ် အစ်ကို၊ ကျွန်တော် ခဏစောင့်ပါလို့ ပြောထားတယ်"

တံခွန့်အတွင်းရေးမှူး ကောင်လေးက တလေးတစား ထပြော၍ ထိုင်သွားသည်။

ချထားသည့် ဖုန်းခွက်ကို တံခွန် ကောက်ကိုင်လိုက်၏။

"ဟလို… တံခွန်ပါ"

"တံခွန်လား၊ ငါပါ… ဦးသက်ထက်ပိုင်"





"ဟုတ်ကဲ့… ပြောပါ"

တံခွန့်မျက်ခုံးတွေ တွန့်ချိုးသွားသည်။

"ကိစ္စကတော့ လူချင်းတွေ့ပြီးပြောမှ ကောင်းမှာပဲ၊ ဒါပေမယ့် ငါလည်း အားမှာမဟုတ်ဘူး၊ မင်းလည်းမအားလောက်ဘူးထင်လို့၊ အခုကော အချိန်ရရဲ့လား"

"ဦး ပြောစရာရှိတာကို ပြောပါ"

"အလုပ်ကိစ္စဆိုပါတော့ကွယ်၊ ဒီနှစ်ထဲမှာ 'နေတံခွန်' နာမည်နဲ့ကျမှ ပန်းအလှဟာ တအားအောင်မြင်လာတယ်ဆိုတာ အားလုံးသိကြတယ်၊ အဲဒီအထဲမှာ တို့တွေကောပေါ့ကွယ်၊ ဝမ်းလည်းသာပါတယ်"

စကားက ခဏရပ်သွားသည်။

တံခွန် ဘာမှဝင်မပြောဘဲ အသာစောင့်နေလိုက်၏။

အတော်လေးကြာမှ…

"ဆိုလိုချင်တာက ဒီလိုပါ၊ မင်းရဲ့ နေတံခွန်ကုမ္ပဏီထဲမှာ ဦးကို ရှယ်ယာဝင်ခွင့်ပြုနိုင်မလား"

ရင်ထဲမှာ ဒေါသက ထောင်းခနဲဖြစ်သွားသည်။

ဒက်ခနဲပြောချလိုက်ချင်သည့် စကားကို နှုတ်ပိတ်တားဆီးထားရင်း စကားလုံးရွေးနေရသည်။

ဒါ လေးလေးဆက်ရဲ့ အစ်ကို…



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အသိက တံခွန့်ကို သတိပေး၏။

"တံခွန်… ဒီကိစ္စ ချက်ချင်းအဖြေမပေးလည်း ရပါတယ်"

"ချက်ချင်းအဖြေပေးလို့ရပါတယ် ဦး၊ နေ့တံခွန်မှာ ဘယ်ရှယ်ယာမှလက်မခံဘူးဆိုတာ အားလုံးကို အသိပေးပြီးသားပါ၊ ဦးမသိသေးလို့ ဖြစ်ပါလိမ့်မယ်"

တစ်ဖက်မှ ဖြုန်းခနဲ အသံထွက်မလာသေး…

"ဒါက ဒီပြင်လူတွေအတွက် ဟုတ်လိမ့်မယ်၊ ဦးကိုတော့ မောင်တံခွန် မငြင်းသင့်ဘူး"

"ကျွန်တော့်အတွက် ပုဂ္ဂိုလ်ရေးအနေနဲ့ကော၊ လူမှုရေးအနေနဲ့ပါ စီးပွားရေးကဏ္ဍနဲ့ လုံးဝမရောပါဘူး ဦး၊ ဒီအတွက် စိတ်မကောင်းပါဘူး"

"ဦးဟာ မင်းရဲ့…"

"ကျွန်တော် ပြောပြီးပါပြီ၊ ဦးပြောတာဟာ ပုဂ္ဂိုလ်ရေးကိစ္စပါ၊ ကျွန်တော် မစဉ်းစားပါဘူး"

"မင်း ဒီစကားကို စဉ်းစားပြီးမှပြောတာလား"

"နေ့တံခွန်ဆိုကတည်းက သေချာစဉ်းစားဆုံးဖြတ်ပြီးမှ အားလုံးသိအောင် ကြေညာထားတဲ့အကြောင်း ခုနက ကျွန်တော် ပြောပြီးပြီပဲ"



BURMESE CLASSIC .com



"ငါကတော့ အားလုံးထဲမှာ မတူတဲ့လူတစ်ယောက် ဖြစ်ချင်တယ်၊ မင်း အခွင့်အရေးပေးရမယ့်လူလို့ မြင်တယ်"

"ကျွန်တော် ဝမ်းနည်းစွာပဲ ငြင်းဆိုပါတယ်"

တစ်ဖက်က အသံအကြာကြီးတိတ်သွားသည်။

တံခွန် စိတ်ရှည်စွာ စောင့်နေလိုက်၏။

ဒေါသဖြစ်နေသည့်မျက်နှာကို မြင်နေရသည်။

သည်းခံခြင်းတွေကို အဲဒီမျက်နှာမှာ မြင်နေရသည်မို့ တစ်ဖက်စားပွဲက အတွင်းရေးမှူးလေးက မသိမသာ အကဲခတ်နေသည်။

တံခွန်ဆိုတာက စိတ်မထင်လျှင် ရင်ထဲရှိတာ ဘွင်းဘွင်း ပြောချလျက် ဖုန်းကို ခွက်ခနဲချပစ်တတ်တာမျိုး။ ခုကျတော့…

"ပိုင်ဂေဟာကမို့ ထင်ပါရဲ့" ဟု တွေးလျက် သူ မျက်နှာပြန်လွှဲသည်။

ချက်ချင်း စကားသံက ပေါ်လာပြန်သည်။

"တစ်ခုတော့ရှိတယ်ကွ"

"ပြောပါ"

"မင်း စဉ်းစားပါဦး၊ ခေါင်းအေးအေးပေါ့၊ အဖြေဟာ ပြောင်းလဲလာခဲ့ရင် ပြန်ဆက်သွယ်ပါ"

"ဟုတ်ကဲ့… ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုပြောလိုက်ပါရစေ၊ ကျွန်တော် အချိန်မရလို့ ခွင့်ပြုပါ"

ဖုန်းကို ပြန်ချ၍ သူ အကြာကြီး ငိုင်နေမိသည်။

သူ တယူသန်နေပြီလား…

မဟုတ်သေးပါဘူး။ အဲဒါ လေးလေးဆက်ကို သိပ်လေးစားလို့။ ခွင့်လွှတ်ပါ လေးလေးဆက်ရယ်…

ဦးဆက်ပိုင်က လွှတ်လပ်ခွင့်ပေးထားခဲ့ပေမယ့် တကယ်တန်း ခုလိုကြုံလာတော့ သူ့ရင်ထဲမှာ စနောင့်စနင်း ဖြစ်လာရသည်။

ဦးဆက်ပိုင် မသေဆုံးမီ သုံးလခန့်က အိပ်ခန်းထဲမှာပဲ သူ့ကို စကားတွေ အများကြီး ပြောခဲ့ဖူးသည်။

အဲဒီစကားတွေဟာ သူငယ်စဉ်ကတည်းက ကြားဖူးပြီးသား ဓာတ်လမ်းတစ်ပုဒ်ပါ။

ထိုအထဲမှာမှ သူ့အတွက် စကားသစ်တစ်ခုကိုသာ လက်ဆောင်ပေးခဲ့တာ။

"မင်း တစ်နေ့ အဲဒီပိုင်ဂေဟာနဲ့ ပတ်သက်လာရလိမ့်မယ် မလွဲမသွေကို ပတ်သက်ရမယ်၊ အဲဒီတစ်နေ့ဟာ ငါမရှိတော့တဲ့ တစ်နေ့ပေါ့ကွာ၊ အဲဒီအခါမှာ မင်းအတွက် စိတ်စနောင့်စနင်း ဖြစ်စရာ ဆုံးဖြတ်ရခက်စရာ အကြောင်းတစ်ခုခုရှိလာရင် ငါ့မျက်နှာကို လုံးဝ မထောက်ဘဲ မင်းစိတ်ကြိုက် ဆုံးဖြတ်ခွင့်ရှိတယ်"

ပြတ်ပြတ်သားသားကို လွှတ်လပ်ခွင့်ပြုခဲ့တာပါ။





ဒါတင် ဘယ်ကဦးမလဲ…

သေဆုံးသွားချိန်မှာ လေးလေးဆက် စာကြည့်ခန်းထဲက တွေ့ရတဲ့ သူ့ရဲ့ဒိုင်ယာရီ…

သူ အဲဒီဒိုင်ယာရီကို ဖတ်မကြည့်ခဲ့ပါ။

အစဉ်တစ်လျှောက်လုံး လေးလေးဆက် အရေးတယူရှိခဲ့သော… သူမဘက်ကလည်း အရေးတယူ ကြင်နာလှသော အန်တီမေ့လက်ကို သွားအပ်ခဲ့သည်။

တစ်ပတ်ခန့်ကြာတော့ အန်တီမေက သူ့ကို ဖတ်ခွင့်ပေးခြင်းနှင့်အတူ ဒိုင်ယာရီကို ပြန်သိမ်းထားပေးဖို့ ပြောလာခဲ့တာ။

အဲဒီတော့မှ လေးလေးဆက်ရဲ့ ခံစားချက်အားလုံး သူသိခွင့်ရခဲ့ပါ၏။

※※※



www.burmeseclassic.com

www.burmeseclassic.com



*အကြင်နာတရားဆိုတာ ဘယ်မှာသွားရှာရမလဲ…*

*ငါ့ကို သူတို့ ရက်ရက်စက်စက် ပြောထုတ်လိုက်တာ…*

*ငါဟာ ခွေးတစ်ကောင်မောင်းသလို မောင်းထုတ်ခံရတဲ့ ကောင်…*

*သေဆုံးသွားသူကို တမ်းတငိုကြွေးနေရုံနဲ့ မပြီးသေးဘူး… လောကကြီးနဲ့ သူတို့ကို ရင်ဆိုင်ဖို့ ငါ့မှာ ခွန်အားတွေလိုနေပြီ၊ မမမေတစ်ယောက်လည်း ငါ့ကြောင့် ဘဝပျက်ခဲ့ရပြီ။*

*အားလုံးအတွက် ငါ ကြိုးစားမယ်…*

သစ္စာမှန်စာပေ



*စုမိတဲ့ငွေတွေလည်း လူလိမ်ခံလိုက်ရတယ်…*

*ဘာမှဆက်လုပ်လို့မရတော့ဘူး။ ကိုအောင်ရွှေပြောသလို သူတို့အဖွဲ့နဲ့ ကျောက်တူးလိုက်မှဖြစ်တော့မယ်…*

*အဝင်းရေ… အစ်ကို့ကို ခွင့်လွှတ်ပါတော့ကွယ်… မင်း ဆေါင်းချတဲ့အရပ်က အစ်ကိုကို သွားခွင့်ပြုပါကွယ်… ညီမရယ်…*

*ငါ့လက်ထဲမှာ တလျှံတလက်လက်ထွက်နေတဲ့ ပတ္တမြား ကြီးတစ်လုံး… ပတ္တမြားကြီးရဲ့တန်ဖိုးကို တွက်ချက်ခန့်မှန်းပြီးတော့ တို့သုံးယောက် တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး တဲထဲမှာ ပျော်မြူးကြတယ်…*

*အားလုံးရဲ့ဘဝဟာ မထင်မှတ်ဘဲ ပြောင်းလဲကြတော့ မယ်… ညီမရယ်… ညီမလေးဝင်း၊ အစ်ကိုဘယ်လိုဖြေရမလဲ ကွယ်…*

*ငါ သိပ်ကိုချမ်းချမ်းသာသာ ထားချင်တဲ့ ငါ့ရဲ့နှမ်းမရှိတော့ တဲ့နောက်ပိုင်း ဒီလိုစည်းစိမ်ခံစားရတာ ငါ ဝမ်းမသာဘူး၊ မက်လည်း မမက်ဘူး၊ တစ်ခုပဲ ကျေနပ်တယ်…*

*အဲဒီငွေတွေဟာ လူနဲ့ လူ့အသိုင်းအဝိုင်းကြားမှာ လူတွေ ဆေါင်းပေါ် နင်းလျှောက်ဖို့အတွက် နင်းကြမ်းဖြစ်လာလို့ပေါ့…*

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ငါ့ကို တအံ့တသြရှိကြမယ်၊ အရေးတယူ လုပ်ချင်လာတယ်၊ ဆက်ပိုင်ဆိုတဲ့ကောင်ကို သူတို့မောင်းထုတ်လိုက်တဲ့ ခွေးတစ်ကောင်လို မမြင်ကြတော့ဘဲ အိမ်ဦးခန်းမှာ ကိုးကွယ်စရာလို့ ထင်လာကြတယ်၊ ငါဟာ လူပျော့တစ်ယောက်မဟုတ်ဘူးဆိုတာ ဒင်းတို့သိရမယ်"

❋

အစ်ကိုကြီး ရှက်သွားလိုက်တာ... ဒေါသတွေဖြစ်လိုက်တာ... ဒီနေ့ ငါ အပျော်ဆုံး... အကျေနပ်ဆုံးနေ့ပဲ...

ဒီဘဝရောက်အောင် ကြိုးစားခဲ့သမျှ ဒီတစ်နေ့တည်းနဲ့ပဲ စည်းစိမ်အားလုံးကို စွန့်လွှတ်လိုက်ရပစေဦး... ကျေနပ်ပြီ၊ ပိုင်ဂေဟာဆိုတာ ငါ့ရင်ထဲမှာ ဘယ်တော့မှမရှိစေရဘူး၊ မမမေဟာ ပိုင်ဂေဟာက မဟုတ်ဘူး၊ ငါ့ရင်ထဲမှာအမြဲရှိတဲ့ မမမေ၊ အမေမရှိပေမယ့် အမေ့မေတ္တာလို နွေးထွေးကြင်နာတတ်တဲ့ အစ်မတစ်ယောက်ပဲ"

❋

ကောင်လေးတစ်ယောက်ကွယ်..

ရုပ်ရည်လေးကသန့်ပြီး အရွယ်တောင်မရောက်သေးပေမယ့် ဥပဓိရုပ်က အရမ်းကိုကောင်းနေပါလား...

ကလီဆိပ်ကမ်းမှာ အလုပ်တောင်းနေတယ်လေ...

အလုပ်သမားတွေက သူ့ကို ချစ်ကြ၊ သနားကြပါတယ်၊





ဒါပေမယ့် အလုပ်သမားဘဝဆိုတာလည်း အထက်လူကြီးက ရှိသေးတာပဲ... အခက်အခဲတွေ ဖြစ်ကြတာပေါ့။

အသက်ကလည်း ဆယ့်နှစ်ကျော်လေးဆိုတော့ ပိုဆိုးတယ်... အဲဒီအချိန်မှာ ငါလည်းရှိနေတယ်...

မြင့်မြင့်ချင်းပဲ အရမ်းကို သဘောကျ ခင်တွယ်သွားမိတဲ့ ငါ့ရင်ထဲကတိုက်တွန်းချက်ကြောင့် လေလွင့်ရတော့မယ့် ကောင်လေးဘဝဟာ ငါ့လက်ထဲ ရောက်လာတာပေါ့...

မိဘတွေမရှိတော့ဘူးဆိုတာနဲ့ ငါ ဘာမှဆက်မစုံစမ်းဖြစ်သေးဘဲ ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်းမွေးခဲ့တဲ့...

ဒါက ငါ့ရင်ထဲက သူ့အပေါ်ထားမိတဲ့ မြင့်မြင့်ချင်းသံယောဇဉ်...

❋

တံခွန်က ငါထင်တာထက် ပိုထက်မြက်တဲ့ကလေးပဲ...

သူ့ရဲ့ ပြင်းထန်လွန်းတဲ့ တယူသန် နာကြည်းမှုတွေက အရွယ်နဲ့မမျှဘူး၊ အဲဒီကျမှ ငါလည်း သူ့ဘဝကို စိတ်ဝင်စားလာပြီး ကိုယ်တိုင်စပ်စုတော့တယ်...

တံခွန်ဟာ ဆွေသန့်မျိုးသန့် လူချမ်းသာတွေရဲ့ မျိုးဆက်ဆိုတာ ငါသိလာခဲ့တယ်...

သူပြောတာတွေ တစ်ခုမကျန်မှန်နေတယ်...



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေတယ်ဆိုတဲ့ သူ့ညီမလေးသတင်းတော့ ဘာမှ မရတော့ဘူး။ ကံတူအကျိုးပေးမို့လား မသိဘူး...

တံခွန်ဟာ လူတွေကို ခပ်စိမ်းစိမ်းနေချင်တယ်...

ပိုက်ဆံချမ်းသာတာကို မနှစ်မြို့ဘူး။ ဒါပေမယ့် သူ့အမှ က ချမ်းသာချင်နေပြန်တယ်...

အဲဒါဟာ လူတွေကို သူသိပ်မုန်းတဲ့အချက်ပဲ...

သူဟာ ငါနဲ့ ကံတူအကျိုးပေးပါလားဆိုတာ သိလာတယ်။ သူလေးရဲ့စိတ်ဓာတ်ကိုလည်း ယုံကြည်လာတယ်။

တံခွန့်ကို အမွေစား အမွေခံ မွေးစားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်...

❈

မောင်နှမအားလုံးထဲမှာ ငါ့အပေါ် ဘယ်ဘဝရောက်ရောက် ကရုဏာမပျက်စွာ ငါ့ကို အလေးထားတဲ့ မမမေ...

ငါ့ကိုချစ်တဲ့ မမမေ...

တံခွန့်ကို အမွေစား အမွေခံ မွေးမယ်ဆိုတာ သူ သဘောတူတယ်တဲ့...

မမမေခမျာ ဒုက္ခိတမို့ ဖုန်းပြောခွင့်ရဖို့တောင် မနည်းကြိုးစားရရှာတာ။

အဲဒါ ငါကြောင့်...





မမမေ ဒုက္ခိတဖြစ်ရတာ ငါ့ကြောင့်...

❈

တံခွန်ဟာ စိတ်ဓာတ်ခိုင်မာသလောက် အလုပ်အကိုင် သေသပ်တယ်... အားလုံးဟာ ငါလိုချင်တဲ့အတိုင်း ကွက်တိပဲ။

ပညာကြိုးစားတဲ့နေရာကျတော့လည်း သူ့ခမျာ အသက်ကြီးပြီး အတန်းငယ်ငယ်ဘဝနဲ့ မရှက်မကြောက် ကြိုးစားခဲ့ရတာ...

သူ့ဘဝတော့ အားလုံးပြည့်စုံသွားပါပြီ။

ငါဆုံးဖြတ်ချက်တစ်ခုပဲ လိုတော့တယ်...

❈❈❈



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စက ရှင်ဆုံးဖြတ်ဖို့မလိုဘူးရှင့်၊ ဟိုက ဆုံးဖြတ်ရမှာ"

"အေး… ဒါဖြင့်လည်း ပြီးရော၊ အခု သူဆုံးဖြတ်ပေးသွားပြီ၊ ရှယ်ယာ လုံးဝမရဘူး၊ ဒါပဲ"

သူ့ကို ရှင်တွေ ဘာတွေ သုံးလာသည့်ဖနီးသည်အပေါ် ဦးသက်ထက်ပိုင် ဒေါသထွက်လာမိပြီ။

ဒီလိုမိန်းမကို ခက်တာပါ။

အမွေကိစ္စဆိုလည်း သူပဲဆုံးဖြတ်ချင်၊ ဆန္ဒမပြည့်ဝခြင်းနှင့် တနင်နှင်၊ လူမှုရေးကိစ္စလာမလား… သူပြီးလို့ပြီးမှ…

ပိုင်ဂေဟာရဲ့ ဦးစီးတစ်ယောက်ဖြစ်နေပြီမို့ တချို့နေရာတွေမှာ သူ့သိက္ခာကိုတော့ ဇနီးတစ်ယောက်က ပြန်ငဲ့ပေးဖို့ကောင်းသည်ပေါ့။





"အစ်ကို… အစ်ကိုကြီး"

နောက်ဖက်မှ သူ့လက်မောင်းအိုးဝဝကြီးကို ဖျစ်ဖျစ်ညှစ်ညှစ် ဆုပ်ကိုင်လိုက်သူက ဒေါ်မိမိသွင်။

သူသိလိုက်ပါသည်။

ကိုယ်က သံချောင်းဆို သူမက ဖယောင်းလေးသဖွယ် မြှုပေးတော့မည်ဆိုတာ။

"စဉ်းစားကြည့်ပါဦး အစ်ကိုကြီးရယ်… နေတံခွန်ကုမ္ပဏီဟာ ပြောင်းလိုက်ပြီဆိုကတည်းက တက်လာလိုက်တာ စီးပွားရေးသမား ကုန်သည်တိုင်း သွားရည်ယိုစရာပဲ"

"အဲဒါ မင်းတစ်ယောက်တည်းသိတာ မဟုတ်ဘူး"

"ကြည့်… ကိုကြီးက ခုထိ ဒေါသမပြေသေးဘူး၊ တွေ့လား…. မိမိက ကိုယ့်လောဘနဲ့ကိုယ် စကားမှားသွားတာပါ၊ ကိုကြီးကို ဆရာလုပ်တာ မဟုတ်ပါဘူး"

လေပြေလေးတိုး၍ သူ့ခါးကြီးကို သိုင်းဖက်ပူးကပ်လိုက်တာနှင့် ဦးသက်ထက်ပိုင် ကိုယ်လုံးကြီးက လှုပ်ချင်လာပြီ။

"အစ်ကိုကြီး"

"ပြော"

"နေတံခွန်မှာဝင်နိုင်အောင် အစ်ကိုကြီးမှာ အခွင့်အရေးတွေ ဘာတွေမရှိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါခက်နေလို့ပေါ့ကွ"

"အစ်ကိုကြီးညီရဲ့ ပစ္စည်းတွေဥစ္စာ"

"အခု တံခွန်ပိုင်ပစ္စည်းတွေဖြစ်နေပြီလေ၊ အားလုံးသော အခွင့်အရေးတွေဟာ ဆက်ပိုင်နဲ့ ဘာမှမဆိုင်တော့သလို ပိုင်မိသားစုနဲ့လည်း မဆိုင်တော့ဘူး"

"ဟင်... ဒါ... ဒါဖြင့်"

"ဒီပြင်နည်းနဲ့ ကြိုးစားကြည့်ရမှာပဲ"

"ဘယ်နည်းများရှိသေးလို့လဲ အစ်ကိုကြီးရယ်..."

"အဲဒါ မင်းရဲ့ ဉာဏ်နီဉာဏ်နက်တွေနဲ့ ထုတ်ကြည့်ဦးပေါ့"

ဒေါ်မိမိသွင် လက်တွေ ဆတ်ခနဲ ခွာထွက်သွားသည်။

ကိုယ်ကို မတ်မတ်ပြန်ရပ်ရင်း ဦးသက်ထက်ပိုင် အေးစက်စွာ ကြည့်၏။

"အစ်ကိုကြီးစကားပြောတာ မိမိကို အထင်သေး၊ အမြင်သေးနဲ့ နှိမ့်ချနေတာ သိပ်ကိုရှင်းတာပဲနော်၊ တကယ်ဆို မိမိ တစ်ချိန်က ဘယ်လိုသည်းခံပြီး၊ ဘယ်ဘဝမျိုးနဲ့ အနစ်နာခံနေခဲ့တဲ့ မိန်းမလဲ၊ ဒါ အစ်ကိုကြီးက အသိဆုံးပဲ၊ သားသမီးတွေကြီးလာမှ ပိုင်ဂေဟာမှာ နေခွင့်ရပြီး စည်းစိမ်ဆိုတာကို မြင်ဖူးခဲ့ရတဲ့ မိန်းမကြမ်းကြီးလေ၊ ကြည့်ပါဦး၊ အစ်ကိုကြီးရဲ့ မိန်းမကြမ်းကြီး ဉာဏ်နီဉာဏ်နက်တွေနဲ့





သိပ်လောဘတက်နေတဲ့ တစ်ချိန်က အစ်ကိုကြီး တိတ်တိတ်ပုန်း ယောင်ယဘဝနဲ့ သမီးနှစ်ယောက် ကျိတ်မွေးခဲ့ရတဲ့..."

"တော်... တော်ပါတော့ မိမိရယ်"

အသံကုန်ခြစ်အော်နေသည့် ဇနီးသည်ကို ကြောင်ငေးကြည့်နေရင်းမှ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

ပိုင်ဂေဟာရဲ့ သိက္ခာတရားတွေ ရေထဲမျောပါသွားသလို သူ့ခေါင်းတွေ ပူထူကုန်ပြီ။

"မတော်နိုင်ဘူး အစ်ကိုကြီး၊ မိမိတို့များ ဉာဏ်နီဉာဏ်နက်တွေနဲ့ လောဘကောင်မကြီးတဲ့၊ အသည်းနာလိုက်တာ အစ်ကိုကြီးရယ်၊ လီလီတို့ မူမူတို့က အစ်ကိုကြီးသမီးတွေပါ အစ်ကိုကြီးရဲ့ သမီးချင်းအတူတူ မိမိ့သမီးတွေမို့ အစ်ကိုကြီးက မသထာနိုင်တာလား၊ ပြောပါဦး"

"ဟာ... ဘာဆိုင်လဲ မိမိရာ၊ ခုပြောနေတာ ကုမ္ပဏီ ရှယ်ယာကိစ္စပဲ၊ ဘာကိစ္စ ဒီအကြောင်းတွေထည့်ပြောနေရတာလဲ"

"ပြောရမှာပေါ့၊ ပြောမှကိုဖြစ်မှာ၊ ဖခင်ရှိလျက်နဲ့ ဒီသမီးတွေကို အဖမဲ့ တိတ်တိတ်ပုန်းမွေးခဲ့ရတယ်၊ ဘယ်လောက်မျက်နှာငယ်ခဲ့ရတဲ့ ကလေးတွေလဲဟင်၊ အခု ဖအေရှိလို့ ဖအေက သူဌေးတစ်ယောက်ဖြစ်နေပြန်တော့လည်း"

"တော်တော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အခုထိ မိမိသမီးတွေ မျက်နှာငယ်နေရတာ ဘာကြောင့်လဲ၊ ယောက်မချင်းမတူတာကလွဲရင် ဒီအစ်ကို၊ ဒီမောင်က မွေးလာတဲ့ သွေးတွေပဲမို့လား၊ ဘာဖြစ်လို့ စေတနာမရှိကြတာလဲ"

ပြောရင်း ငို…

ငိုရင်းလည်း ပြောမကုန်နိုင်ရှာ ဒေါ်မိမိသွင် ခံစားချက်တို့က အစိုင်အခဲနှင့် ရှိနေဆဲ…

"မိမိဟာ အစ်ကိုကြီးနဲ့ညားခဲ့စဉ်က အခွေခြံအနေ နိမ့်ပါးနေခဲ့ပေမယ့် မိမိတို့ဘဝက အောက်တန်းစားဘဝမျိုး မဟုတ်ခဲ့ပါဘူး၊ အသိုင်းနဲ့အဝန်းနဲ့ပါရှင်"

ဒါက သူ့အပြော…

ဒေါ်မိမိသွင်ကို သူ တွေ့ခဲ့စဉ်က ကုန်တိုက်တစ်ခုမှာ စာရေးမလေးအဖြစ်…

ချို့တဲ့နွမ်းပါးပုံလေးက ပေါ်နေသည့်တိုင် ညို့ငင်အားကောင်းလှသည့် မျက်နှာလှလှလေးကို သူ မေ့မရဖြစ်ခဲ့ရတာ။

ဒီအချိန်မှာပင် အိမ်ကမယားက သူ့ကို ဆန့်ကျင်ပြလာသည့် ကိစ္စပေါ်လာတာ။

ဦးဆက်ပိုင် အမွေမရရှိနိုင်ရေး၊ ဆက်ခံခွင့် ပျက်သုဉ်းသွားရဖို့အရေး သူ အပြင်းအထန် တိုက်စစ်ဆင်နေဆဲ…

ဇနီးသည် ဒေါ်အိမ်ငြွေစိုး…





သူမက ယောက်မနှင့်ပေါင်း၍ ဦးဆက်ပိုင်ကို ကူညီဖို့ ကြိုးစားနေပြန်သည်။

အဲဒီတုန်းက သူချစ်သောမယားကို သူစိတ်နာလျက် မအေကိုပင် အသက်သေဆုံးသွားရသည့် စကားလုံးပြင်းပြင်းတို့နှင့် ပစ်ပေါက်ရက်ခဲ့သည်။

သူ့ကြောင့် မေမေကြီး သေရတာ အရှင်းကြီး…

ရင်ထဲမှာ ဘယ်လိုမှဖြေလို့မရနိုင်…

တကယ်ဆို မိမေနှင့် အိမ်ငြွေတို့ ဆက်ပိုင်ကို သွားခေါ်ကြပြီ ဆိုသည့်သတင်းကြောင့် သူ အရှက်သည်းစွာ၊ ဒေါသကြီးစွာ၊ သည်းခံခြင်းကင်းစွာဖြင့် သူ မိဘကို စော်ကားခဲ့မိသည်။

တရားခံက အိမ်ငြွေပဲ…

အိမ်ငြွေကို သူ နာကြည်းမုန်းတီးလျက် ကျောခိုင်းပစ်ခဲ့သည်။

"ကိုယ့်ယောက်ျားကိုကျော်ပြီး တစ်ဖက်မျက်နှာလုပ်ချင်တဲ့ မိန်းမ၊ ခုတော့ ခြေတစ်ဖက်ကျိုးသွားပြီ၊ ကောင်းတယ်… ကိုကြီး လုံးဝကရုမစိုက်နဲ့တော့၊ ခြေကျိုးကြီးနဲ့ ပွဲထွက်မယားဖြစ်လာဖို့လည်း မရှိဘူး၊ ကြားထဲက ကိုကြီးအစား သက် အရှမ်းစိတ်ဆိုးတယ်"

စကားလုံးအမျိုးမျိုးနှင့် မိသက်ကလည်း မြှောက်ပင့်နေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

သူနှင့် မိမိတို့ တရားဝင်ဆုံဆည်းဖြစ်ကြဖို့ အခြေအနေပေးခဲ့သလို မိမိအတွက် ကံကြမ္မာက ပေးခဲ့ခြင်း။

မေမေကြီးရှိစဉ်ကဆို မေမေကြီးနဲ့ မိမေက၊ အိမ်ခြေတိုတစ်စက်မှ အထိမခံ။

မျက်နှာမငယ်ရ။

မိဘများမရှိတော့သည့် တစ်ကောင်ကြွက်လေးမို့ ချေးမလိုတစ်မျိုး၊ သမီးလေးလိုတစ်ဖုံ၊ ဂရုတစိုက်ရှိလှသည်။

အဲဒီအချိန်ကတော့ မေမေကြီးလည်း မရှိတော့…

ယဉ်မေပိုင် ခေါ် မိမေကလည်း ဒုက္ခိတဖြစ်နေပြီမို့ အိမ်ခြေစိုးတစ်ယောက် သမီးလေး ယမာပိုင်စိုးကို မြတ်နိုးစိုးငယ်စွာ ပွေ့ဖက်ရင်း သူ့မျက်နှာတကြည့်ကြည့်နှင့် သောကများစွာ ကြိတ်မှိတ်ခံစားနေရတာ သူအသိ။

ဒါပေမယ့် သူ့စိတ်၊ သူ့အသိအားလုံးက မိမိသွင်ဆီမှာပင်။ ပိန်လှီညှိုးငယ်လျက် ခြေတစ်ဖက်မသန်တော့သည့် အိမ်ခြေစိုးကို အနားကပ်တာပင် မကြိုက်ချင်တော့သည်အထိပါ။

မိမေကိုယ်တိုင်ကျတော့ကော… သူမ ဒုက္ခိတဖြစ်ရသည့်တိုင် ယောက်မဖြစ်သူရဲ့အဖြစ်ဆိုးကို ရင်နင့်သည်းစွာ သနားမဆုံးနိုင် စာနာခဲ့သူ။





သက်ကတော့ အစက အားပေးအားမြှောက်ပြုခဲ့သည်တိုင် ဘာကယ်တမ်း မိမိသွင်ကို သူယူလိုက်တော့ သိပ်အရောတဝင်မရှိလှသလို အနေက ခပ်တင်းတင်း။

မိမိသွင်ဆိုသည့် ဒေါ်မိမိသွင်….

သူမကို ဘယ်သူကမှ စေတနာမရှိကြဘူးဟု သိလာရသည့်စိတ်နှင့် အံကြိတ်မျိုသိပ်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။

ဒီအစ်ကိုနှင့်ပဲ မွေးထားရသည့် ဒီကလေးတွေကိုတော့ အကြင်နာ နည်းနည်းရှိသင့်သည်လေ။

ခုတော့…

"ဟိုနေ့ကပဲကြည့်၊ ညီမအငယ်ဆုံးကများ အစ်ကိုအကြီးဆုံးကို အလုပ်ခန်းထဲလာပြီး စော်ကားသွားတာလေ၊ သူ့ဟာသူကြည်ကြည်ဖြူဖြူ ချပေးသွားလို့ မိမိတို့ကယူထားလိုက်တာ၊ ဘာဖြစ်လဲ… မိမိက အဓမ္မသိမ်းပိုက်ယူထားတာလည်း မဟုတ်ဘူး"

"ဒါကတော့ ကလေးရဲ့ပစ္စည်းတွေ…"

"တော်ပါတော့ အစ်ကိုကြီးရယ်၊ ရှင်ပြောမှာတွေ မိမိသိနေပါတယ်၊ အစ်ကိုကြီးကအစ အားလုံးအဆုံး မိမိတို့သားအမိကို ဘယ်သူမှ စေတနာရှိကြတာ မဟုတ်ဘူး၊ ဘာလုပ်လုပ် ကြည့်ပြောမယ်၊ အတို့အထောင်လုပ်မယ်၊ ဒါပဲ"

"မိမိ တော်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မိမိ သိပါတယ်ရှင်၊ ဒီပြဿနာတွေဖြစ်ရတာ ဘယ်သူ့ စနက်လဲဆိုတာလေ"

ကြားရသည့် ငိုသံတွေ၊ စကားသံတွေက ရင့်သီးကြမ်းတမ်း လှသည်။

တစ်ဖက်က ဘုရားခန်းမှာ ပုတီးစိပ်နေသည့် ဒေါ်ယဉ် မေပိုင် အာရုံတွေလွင့်ပျံ့ကုန်သည်။

စကားသံတို့က တစ်လုံးချင်း ပီသစွာကြားနေရလျှင် ပစ်မှတ်က သူ့ကိုချိန်နေတာမှန်း သိလာရ၏။

စိပ်ပုတီးကို လက်ဝါးနှစ်ဖက်တွင် ပူးယှဉ်ဆုပ်ကိုင်လျှင် ဘုရားဝတ်ပြုလိုက်၏။

"မသူဇာ"

"လာပြီ မမမေ"

မသူဇာ ချက်ချင်းဝင်လာသည်။

သူမအတွက် မသူဇာက အနားမှာ အမြဲရှိနေရမည့်သူ။

"မြန်လှချေလား မမမေ၊ တော်သေးတယ်၊ ခါတိုင်းလို မှတ်လို့၊ သူဇာ အောက်ဆင်းလိုက်ဦးမယ် စိတ်ကူးနေတာ၊ ထ… မမမေ"

မသူဇာ အကူအညီနှင့် သူ ဝှီးချဲရ်(Wheel Chair) ပေါ် ပြန်ထိုင်သည်။ မျက်ရည်တွေဝဲနေသည့် သူမမျက်နှာကို သတိ





ထားမိလျက် မသူဇာ ဘာစကားမှ ထပ်မဆိုရဲတော့ပါ။

"ဘယ်သွားမလဲ မမမေ"

သူမ တစ်စုံတစ်ခုပြန်ပြောတော့မည်ပြင်ဆဲ တစ်ဖက်ခန်းမှ ဖြန်း ခနဲ ရိုက်ချလိုက်သံနှင့်အတူ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေပါ ဆူညံစွာ ထွက်လာလေသည်။

သူမခေါင်းထဲ မိုက်ခနဲဖြစ်လျက် တစ်ကိုယ်လုံး တုန်ရင် သာသည်။ ဘီးတပ်ကုလားထိုင်ကို သူမ တွန်းလှည့်နိုင်သည့် ခွန်အားတွေ ကုန်ခမ်းကုန်သည့်နှယ်။

"မသူဇာ… ငါ့ကို ဒီနားကနေ ဝေးတဲ့တစ်နေရာကို ပို့ပေး"

စောစောလေးကပဲ ခေါင်းခါလျက် ဝေးဝေးသွားနေဖို့ အမူအရာပြခဲ့သော မမမေက ချက်ချင်း ပြန်တွန်းလာခိုင်းသည် မို့ မသူဇာ ကြောင်သလိုဖြစ်သွားသော်လည်း အခြေအနေကို ချက်ချင်း သဘောပေါက်သွားသည်။

ထို့ကြောင့် မမမေရဲ့နောက်ကျောဆီ ပြေးကပ်သွားလိုက် သည်။

"ဒုက္ခိတမို့ တော်သေးတာပေါ့၊ အကောင်းတိုင်းသာဆို မိမိတို့ကို…"

ဘာတွေမှန်း ဆက်ကြားနိုင်စွမ်းမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နားနှစ်ဖက်ကိုပိတ်လျက် ပါးပေါ်သို့ မျက်ရည်ပူတို့ လိမ့်ခဲ လိမ့်ခဲနဲ့ ဆင်းလာခြင်းသည်သာ...

❋❋❋





"သမီးရေ... ဧည့်သည်ကွဲ့"

"ဘယ်သူလဲ ကြီးဆင့်"

"မိမိသမီးပဲကွယ်"

လက်ထဲက စီရင်ထုံးစာအုပ်ကို ပြန်ပိတ်၍ စာကြည့်စားပွဲမှ ထလိုက်သည်။

"နှစ်ယောက်လုံးပဲလား"

"အေး... ပြဿနာမတွေ"

ကြီးဆင့်က ယမာငယ်ငယ်လေးကတည်းက ထိန်းကျောင်း စောင့်ရှောက်လာခဲ့သည့် နို့ထိန်းကြီးပါ။

ယမာတို့ဘွားဘွားလက်ထက်ကတည်းက သစ္စာရှိရှိ ရိုးသားကြိုးစားစွာ တာဝန်ကျေခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



ယမာ ပိုင်ဂေဟာကို ကျောခိုင်းထွက်လာကတည်းက သူ့မေ လည်း ယမာနဲ့အတူ လိုက်ပါလာခဲ့သည်။

ဆင်းရဲချမ်းသာမတွက်ဘဲ ယမာ့ကို စိတ်မချနိုင်ဖွာ ချစ်ရှာသူပါ။ ညှော်ခန်းထဲရှိ ကြိမ်ကုလားထိုင်တွေမှာ ရိုးတိုးရွတ ခပ်ဖွဖွ ထိုင်နေကြပုံကိုက ဖင်ချထိုင်ရမှာ မတွေမတန်ရှိနေသည့်နှယ်။

ဒါပေါ့လေ… သူတို့က ဆိုဖာအိအိနဲ့ ငြိမ့်ငြိမ့်ထိုင်လိုသူတွေပဲ။ ယမာက ခြေလှမ်းကို တစ်လှမ်းချင်းရွှေ့၍ သူတို့ကို စူးစူးစိုက်စိုက် ကြည့်လာသည်။

အဲဒီမျက်နှာတွေကိုမြင်တိုင်း သူမဘဝသည် စစ်တလင်းမှာ စီးချင်းထိုး ယှဉ်ပြိုင်တိုက်ခိုက်ရတော့မည့် စစ်သူကြီးတစ်ယောက်၏ ခိုင်မာသော၊ ရဲဝံ့သော၊ ညှာတာမှုကင်းသော ခံယူချက်မျိုးစုံတို့နှင့် ပန်းကလေးတစ်ပွင့်လို ပွင့်ဖတ်လေးတစ်ဖတ်လို နုရွလှပခြင်းတွေ ပျောက်ဆုံးကုန်တတ်သည်။

အကြမ်းတမ်းဆုံး စိတ်ဓာတ်အဟုန်က တားဆီးမနိုင်။

ယမာပိုင်စိုးမှသည်…

ယမာဆိုသည့် တစ်ကောင်ကြွက်မလေးဖြစ်ခဲ့ရတာ သူတို့ကြောင့်။ သူတို့နဲ့ယမာ ပြဿနာမျိုးစုံ ဖြစ်ခဲ့ဖူးသည်။

ဒယ်ဒီသည် ယမာ့ဘက်မှာမရှိ။

ယမာ့ပါးကို ဒေါ်မိမိ တအားလွဲရိုက်ခဲ့ဖူးသည်။





အဲဒီအချိန်က ယမာက ကလေးသာသာအရွယ်…

ဒါတောင် ဒယ်ဒီတစ်ယောက် သမီးဖြစ်သူကို တစ်ချက်မှ ငုံ့မကြည့်ခဲ့။ ရှေ့နေပေါက်စမလေး ယမာပိုင်စိုးဖြစ်လာမှ ဒေါ်မိမိသွင် က လက်ဝါးကောင်းလာတော့ ယမာ့ဗီဇစိတ်က ခေါင်းငုံ့မခံတော့…

သူတစ်ချက် ကိုယ်တစ်ချက် ပါးရိုက်တာတွေ ဖြစ်ကြတော့လည်း ဒယ်ဒီက မိန်းမကို ပြေးပွေ့သည်။

သမီးဆီကိုတော့ ပြေးလာပါ၏။

ပြေးပွေ့ဖို့ မဟုတ်ပါ။

'ဖြန်း' ခနဲဆို လက်ပြန်ရိုက်ချလိုက်သော ဒယ်ဒီ့လက်ဝါးချက်က အားပြင်းလှရုံမက စောစောက ဒေါ်မိမိရိုက်လိုက်သည့် ပါးမှာပဲမို့ နှစ်ချက်ခံလိုက်ရသည့် ယမာ့ဦးခေါင်းတစ်ခုလုံး ပွင့်ကွဲထွက်သွားပြီလားဟု ထင်ရလောက်အောင် ရှိတော့သည်။

ဒီအုပ်စုနှင့် နှိုင်းယှဉ်တိုင်း ယမာသည် အမြဲဒယ်ဒီနဲ့ ရင်ဆိုင်ခဲ့ရသူ။ ဒါကြောင့်လဲ 'ပိုင်ဂေဟာ' က နောက်ဆုံး ကျောခိုင်းခဲ့ခြင်းတွင် ယမာမှာ ဘာသံယောဇဉ်မှ တွယ်ကပ်ပါလေခြင်း မရှိသလို ပြတ်တောက်ခဲ့သည်။

မအေမရှိ မျက်နှာငယ်မလေး၊ အမေ့မေတ္တာ အကြင်နာငတ်မွတ်ခဲ့သူလေး၊ တစ်ဦးတည်းသော သမီးလေးကို မငဲ့ညှာ



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ကျဉ်လျက် ဒယ်ဒီသည် လင်စုံမယားဖက် သမီးတွေကို ပိုချေ သည်လား မယားပြောတစ်ည ဆိုတာမျိုးလား။

ဒါတွေတော့ ယမာ နားမလည်။

တစ်ခုပဲရှိသည်။

သူမ ခါးသီးစွာရရှိလိုက်သည့်က ဒယ်ဒီ့ဥပေက္ခာများ မထင်မှတ် ရက်စက်သည့် စကားလုံးများ။

ယမာ့ အသိမှာ၊ အသွေးအသားထဲမှာ၊ ဆုံးဖြတ်ချက်တိုင်း မှာ၊ စွဲဝင်ရူးနစ်ကျန်ခဲ့သည်က လူတွေအပေါ် ယုံကြည်မှု ကင်းခဲ့ လျက် အထင်မြင်သေးစွာ ကြည့်တတ်လာခဲ့ခြင်းများ။

တကယ်ပဲ ယမာ အထင်ကြီးရမည့်သူမရှိ။

ဘယ်သူ့ကိုမှလဲ အထင်ကြီးယူဖို့ သူ မကြိုးစားနိုင်ပါ။

ဆက်ဆံဖူးသမျှ သူမရှေ့မှာ ဆက်စပ်ပတ်သက်လာသူ အားလုံးသော လူအပေါင်းတို့သည် အထင်ကြီးဖွယ်လုံးဝမရှိဟု မြင်သည့်သူ။ အဆုံးစွန်ပြောကြေးဆို..

ဖခင်ဖြစ်သူကိုတောင် ယမာ စေ့စေ့ကြည့် စကားလက်ဆုံ ကျလိုစိတ်မရှိတော့။

သူမ စိတ်ဓာတ်ကို အရောင်ဆိုးခြင်း ဖြစ်စေခဲ့သူ၊ အဓိက တရားခံသည် ဒယ်ဒီဖြစ်သလို သူမ လုံးဝ အထင်မကြီးနိုင်ခြင်းဆို သည့် လူတန်းစားထဲတွင်လည်း ဒယ်ဒီသည် နံပတ်တစ်သာ ဖြစ်ချေ၏။





ဒယ်ဒီ့ကို သူမ အမြင်မရှင်းလှစွာ အထင်မကြီးနိုင်စွာ၊ ဆက်ဆံလိုခြင်းကင်းစွာ ရှိလင့်ကစား···

တစ်ဖက်မှလည်း ဒယ်ဒီ့ကို ရင်နင့်သည်းစွာ ချစ်ခင် မျှော်လင့်မိဆဲ···

"ဇွဲသည်က ပြန်လာပြီးလောကဝတ်ပြုရမယ်ဆိုရင် သည်း ထိုင်ပါဦးလား ယမာ"

တောင့်တောင့်ကြီး ငြိမ်သက်လျက်··· တင်းလွန်းသော မျက်နှာထားက ရုတ်တရက် အာရုံပျက်သွားရပုံမျိုး လှုပ်လှုပ်ရှားရှား ဖြစ်မသွားဘဲ နှုတ်ခမ်းတစ်ခုတည်းက ညွှတ်ခနဲ မဲ့ကျသွားလျက်···

"နင်လာတဲ့ကိစ္စကိုပြော"

မူမူသွင့်မျက်နှာ တင်းခနဲ ဖြစ်၏။

"တို့တွေ ညီအစ်မတော်ပါတယ် ယမာ၊ ပိုင်မိသားစုနဲ့ ပတ်သက်ပြီး နင် သိပ်ကိုရင့်လွန်းတယ်"

ယမာ ရှေ့ကို ခြေတစ်လှမ်းတိုး၍ ကုလားထိုင်ကျောမှီ တစ်ခုကို လက်တစ်ဖက်နှင့် ထောက်လိုက်သည်။

"လာတဲ့ကိစ္စက ပိုင်မိသားစုနဲ့ ငါ့ကိုပြန်စေ့စပ်ဖို့လား၊ ဒီပြင်ကိစ္စမရှိဘူးဆိုရင် ဘာမှထပ်ပြောဖို့မလိုတော့ဘူး"

ယမာ စကားမဆက်ဘဲ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီလီသွင်က တောင့်ခနဲ ကိုယ်ကိုမတ်လျက်…

"အဲဒီလို စားစရာမရှိဘဲ ဘဝင်တွေစွတ်မြင့်နေလို့ ခက်တာပေါ့၊ ယမာ… နင်ဟာ ကိုယ့်ကိုယ်ကို တယ်အထင်ကြီးပါလား"

"ကြီးတာပေါ့၊ ကြီးကိုကြီးရမှာပဲ၊ ယမာဆိုတဲ့မိန်းမဟာ လူတိုင်း တကောက်ကောက်လိုက်နေကြတဲ့ အာသာငမ်းငမ်းလိုချင်ကြတဲ့၊ အထူးသဖြင့် ဒေါ်မိမိနဲ့ သားအမိတွေ ငမ်းငမ်းတက်လိုချင်ကြတဲ့ စိန်တွေ၊ ရွှေတွေကို လိုချင်သူတွေရှေ့ ပက်ခနဲချပေးရဲတဲ့ သတ္တိရှိတယ်၊ ပင်တိုင်စံဘဝကနေ ဆင်းရဲတွင်း ခုန်ဆင်းဝံ့တယ်၊ မိဘအားကိုး၊ ငွေဂုဏ်အားကိုးနဲ့ ဘဝကိုရပ်တည်ခဲ့တာမဟုတ်ဘူး၊ ယမာဆိုတဲ့ငါဟာ တစ်ကောင်ကြွက်ဘဝကိုယူပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတာ၊ ရှိရှိ မရှိရှိ မာနဟာ ငါ့ဘဝ၊ နင်တို့လို လူမျိုးနဲ့ပတ်သက်ရင် ငါ့မာနဟာ အမြဲအရောင်လက်နေရမယ်၊ အဲ… ခုနက ရင့်တယ်ဆိုတာကတော့… အင်း… ဘယ်လိုပြောရမလဲ"

ယမာ သူတို့ကို ကျော်ခိုင်း၍ လက်ပိုက်လိုက်သည်။

"ခပ်ရင့်ရင့်ထဲကလို့ပဲ မှတ်လိုက်ပေါ့"

"တော်ပြီ မမမူ၊ လီလီတို့ ပြန်ကြမယ်၊ အလကား အခြောက်တိုက် ဘဝင်မြင့်နေတဲ့မိန်းမကို စကားပြောရတာ အရူးနဲ့ ပြောရတာထက် အောက်တယ်"





"ဘယ်လို… ဘယ်လို"

ယမာ ဖျတ်ခနဲ လှည့်သည်။

သူတို့ရှေ့ ဆိုးဆိုးဆတ်ဆတ်လျှောက်သွား၏။

"ရူးတယ်… ဟုတ်၊ ငါက အရူးနဲ့တူတယ်… ဟား… ဟား…"

ခံစားချက်ပြင်းပြင်းနဲ့ ယမာ ထအားရယ်ပစ်သည်။

"ဒေါ်မိမိနဲ့ အုပ်စုတစ်ခုလုံးကကော အရူးတွေပဲလို့ပြောရင် မရဘူးလား"

"နင် မာမီ့ကို ဆွဲဆွဲမထည့်နဲ့"

"ထည့်တယ်၊ ထည့်မှဖြစ်မယ်၊ နင်တို့ ကိုယ့်ကိုယ်ကိုတော့ ရူးမှန်းမသိကြဘူးမို့လား၊ ဥစ္စာရူးတွေလေ… နင်တို့ ဥစ္စာရူးရူးနေကြတာ"

"ဘာ… ဘာပြောတယ်"

မျက်နှာ ဖြန်းခနဲ ရဲတက်သွားကာ မူမူသွင် ဒေါသတကြီး ဖြစ်သွားပါလျက်… ဘာလှုပ်ရှားမှုမှ မပြုရဲ။

ယမာက သူမနှင့် လက်တစ်ကမ်းအကွာမှာရှိနေပါ၏။

"အခုလာတဲ့ကိစ္စကိုကော မပြောတော့ဘူးလား၊ မပြောဘဲ ပြန်တော့မယ်လား"

"နင်လို အရိုင်းအစိုင်းနဲ့ ဘာမှပြောစရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အေး… ပြောစရာမရှိရင် ပြန်တော့၊ နောက်လည်း ဒီ အရိုင်းအစိုင်းဆိုတဲ့ ကောင်မ်အိမ်ကို ခြေတောင်လာမချပါနဲ့၊ ဒါနဲ့ ကောက်ထိုးထည့်လိုက်ရမှာလည်း ဝန်မလေးဘူး၊ လည်ပင်းထညှစ် ပစ်ရမှာလည်း နောက်မတွန့်ဘူးဆိုတာ မှတ်သွား”

မူမူသွင် တက်ခေါက်သံက ကျယ်လောင်စွာထွက်၏။

“ဒေါ်မိမိသွင်ကိုလည်း ပြန်ပြောလိုက်ပါ၊ နင်တို့အခုလာတဲ့ကိစ္စအတွက် ဘာမှမပူနဲ့လို့၊ ယမာဟာ ဥစ္စာရူးမဟုတ်ဘူးလို့၊ စိတ်အေးချမ်းသာစွာ စားသောက်အိပ်စက်ပေတော့လို့”

အံ့ဩဟန်ပြည့်ပြည့်နှင့် လီလီသွင်တို့ ယမာ့ကို ငြိုင်တူကြည့်လာသည်။

သူမတို့လာကြာတာ အဲဒီကိစ္စပါပဲ။

ယမာပေးပစ်ခဲ့သည့် အမွေကိစ္စတွေက ဒေါ်သက်သက်ပိုင်၏ မကျေမနပ် လက်ညှိုးထိုးမှုများဖြစ်လာခဲ့ရသည် မဟုတ်ပါလား။

ဒါပေမယ့် ပစ္စည်းပိုင်ရှင် ယမာသည်သာ အဓိကမို့…

“ဒီမှာ မူမူသွင်၊ နင်တို့အိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ မစုံစမ်းပေမယ့် ငါ့နားထဲ အားလုံးရောက်တယ်၊ နားမထောင်ချင်ပေမယ့် တီတီမေနဲ့ပတ်သက်ပြီး နားထောင်ခဲ့ရတယ်၊ တစ်ခုပြောထားမယ်နော်၊ နင်တို့ဥစ္စာရူးရူးကြတဲ့ကြားထဲ တီတီမေကို ဘာအကြောင်းနဲ့မှ ဆွဲမထည့်နဲ့၊ ဖြစ်လာရင် ငါ လုံးဝ ..ည်းမခံဘူး”





“စိတ်ချ၊ ဒီကိစ္စပြီးသွားရင် ဘယ်သူ့ ဘယ်သူကိုမှ ဥပါဒ်ပေးဖို့မလိုဘူး၊ ခုဟာက အန်တီမေက ဒီကိစ္စကို အန်တီသက် ကိုသွားတို့တာ”

“တော်ပါ၊ အန်တီမေက ပစ္စည်းမက်တဲ့ မိန်းမမျိုးလား၊ နင်တို့မာမီမျက်နှာနဲ့ ယှဉ်ကြည့်လိုက်စမ်းပါ၊ တီမေ့မျက်နှာဟာ ဘယ်လောက်အေးချမ်းသလဲ၊ သူ့ခမျာ ဒုက္ခိတ…”

“နင် ဘာဖြစ်လို့ မာမီကို စော်ကားတာလဲ ယမာ”

“လေးစားရိုသေထိုက်သူမဟုတ်လို့ပေါ့”

“ဩော်… နင့်ဒယ်ဒီကတော့ လေးစားရိုသေထိုက်သူပေါ့”

လီလီသွင့်အသံက တုန်ခါနေသည်။

“မဟုတ်ဘူး”

ယမာ အသံပြတ်နှင့်ဖြေ၏။

“ငါ့အမြင်၊ ငါ့အတွေးအားလုံးအရ တစ်လောကလုံးမှာ ရိုသေလေးစားထိုက်သူ၊ အထင်ကြီးထိုက်သူ တစ်ယောက်ပဲရှိတယ်”

“ဘယ်သူလဲ”

ဖခင်ကိုတောင် ထိုစာရင်းထဲမှမပါပါဘူးဆိုတော့ သိချင်စိတ်ဖြင့် သူတို့ အလုအယက် မေးဖြစ်ကြရသည်။

“ငါလေ”



www.burmeseclassic.com

www.burmeseclassic.com



ယမာ့မျက်ခုံးလေးတွေ ခပ်ပင့်ပင့်ရှိန၏။

မျက်ဝန်းလေးတွေကို စိုက်ချထားလိုက်မှ နည်းနည်းလေး ဖွေကြည့်၏။ နှုတ်ခမ်းမှ လှောင်ပြုံးရိပ်တွေ…

ဘယ်သူမှ ဂရုမစိုက်ပုံတွေ…

ကိုယ့်ကိုယ်ကို လုံးဝအထင်ကြီးမှုတွေကြောင့် သူမမျက်နှာ က ဘယ်မိန်းကလေးမျိုးနှင့်မှမတူ…

ဘယ်အချိန်ကြည့်ကြည့်…

ကြည်စင်ဝင်းလဲ့လျက်၊ ဘာပဲပြောပြော အောင်နိုင်တတ် သော စွမ်းအားတစ်မျိုးရှိနေသည်။

နဂိုကတည်းက သူဌေးသမီး၊ မာနအလွန်ကြီးသော တင်း တည်းသောသမီးဆိုတာ သိထားခဲ့ရသည့် မူမူသွင်တို့အဖို့ ရှိနှင့်ပြီးသား ဖြစ်နေသည်။

တော်ရုံဆို မျိုသိပ်သည်းခံခဲ့ရတာချည်း…

မမျိုသိပ်လို့လည်းမရ။

ဘယ်သူလက်ပါမလဲ။

ယမာတို့က ရှေ့ကဦးပြီးသား… သူတို့ ခံထားမှု

""နင်တို့လာတဲ့ကိစ္စ ပြီးပြီထင်တယ်""

""အေး… နင် တစ်နေ့အကျနာမယ်""

""နင်တို့ပဲ အကျလှပါစေနော်""





လှောင်ပြုံးရိပ်နှင့် ကျန်ရစ်သည်။

အားလုံးပျောက်ကွယ်သွားကြတော့ ယမာ ကုလားထိုင်ပေါ် တအိအိထိုင်ချလိုက်၏။

မွန်းကျပ်ပိတ်လှောင်နေခြင်းတို့ကြောင့် အံကို တင်းခနဲ ကြိတ်မိ၏။ ၎င်းတို့ကြောင့် ယမာ့ဘဝ အစစပြောင်းလဲခဲ့ရသည်။

ရင်းစားမရရှိနိုင်သည့် အကြင်နာမေတ္တာတရားတို့ ဆုံးရှုံး ခဲ့ရသည်။ ခုတော့… အတွေးတို့ ရိုင်းစပြုလာသည်။

အယူအဆတို့က တယူသန်ချင်လာ၏။

အဲဒါ အတ္တဆိုတာလား…

ယုံကြည်ချက်နှင့် အမှန်တရားသည် အတူရှိနေရမည်ဟု သူမယူဆတာ မှားသလား…

ယမာဆိုသည့် မိန်းကလေးတစ်ယောက်တွင် ကိုယ့်ကိုယ် ကို ယုံကြည်မှုနည်းစွာ၊ တွေဝေပျော့ညံ့စွာ၊ ဆုံးဖြတ်ခက်ခဲစွာ ရှိတတ် သော အကျင့်ဆိုး၊ အယူအဆဆိုးတွေသာ ရှိခဲ့ပါလျှင်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၅

"အစ်ကိုကြီး"

"ဟေ"

ပွဲရုံနဘေးထောင့်နားမှ အဝကျယ်ကျယ် တောင်းပြားလေးနှင့် ရောင်းနေသော ထမင်းသည်နားမှာ အလုပ်သမားဝတ်စုံနှင့် ထမင်းစားကြဖို့ လူတွေဝိုင်းနေကြ၏။

စားသူကလည်း ပလုပ်ပလောင်း··

မစားရသေးသူတွေကလည်း ဟိုဟာထည့်ပါ၊ ဒီဟာများများနဲ့ ဆူနေသည်။

ဒီခြံထဲကတစ်ယောက်ကို တံခွန် ခေါ်လိုက်ခြင်းပါ။





ထမင်းပန်းကန်ကို လှမ်းယူရင်း လူရွယ်တစ်ယောက်က သူ့ကို လှည့်ကြည့်သည်။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် သူ့ဆီ လှည့်ကြည့်လာ၏။

ဆံပင်ခပ်အုပ်အုပ် ဘုတ်သိုက်လေးနှင့် ဆယ်ကျော်သက်အရွယ် ချာတိတ်လေးတစ်ယောက်ကို သူတို့ မူးစမ်းသလို ကြည့်နေသည်။

"အစ်ကိုကြီးက ဒီမှာ ဆန့်အိတ်တွေထမ်းတာလားဟင်"

"အေး··· မင်း ဘာလုပ်မလို့လဲ"

"ကျွန်တော် ထမ်းလို့မရဘူးလားဟင်"

"ဟင်"

လူရွယ်က ကားလမ်းတစ်ဖက်က ပွဲရုံရှေ့မှာ စားပွဲတစ်လုံးနှင့် ကုလားထိုင်နှင့် အကျအနထိုင်လျက် အချိုပွဲစားနေကြသည့် လူကြီးနှစ်ယောက်ရှိရာကို လှမ်းကြည့်၏။

ပြီးတော့ သူ့တစ်ကိုယ်လုံးကို ပြန်၍အကဲခတ်သည်။

ညစ်ပေသော အဝတ်စုတ်စုတ်ကလေးနှင့် သိုးညှင်းညှင်းနိုင်သော ကောင်လေးတစ်ယောက်ဟု မှတ်ချက်ချလျက်···

ထမင်းနပ်မှန်အောင် မစားရဟန်တူသည့် နှုတ်ခမ်းခြောက်သွေ့သွေ့လေးတွေကို စိုက်ကြည့်ရင်း···

"မင်းထမ်းနိုင်ရင်တော့ရတယ်၊ ဒါပေမယ့် ထမ်းချတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထမ်းလို့မရဘူးကွ၊ တို့ကအဖွဲ့ရှိတယ်၊ အလုပ်သမားခေါင်းက ခွင့်ပြုမှဖြစ်မယ်''

''ဟော့... ချာတိတ်၊ မင်း ထမင်းဆာနေပုံရတယ်၊ မစားရသေးဘူးမို့လား''

အဆီတဝင်းဝင်း၊ အခေါက်အသားအိအိနှင့် ဝက်သားတုံးကြီးတင်လျက် အချဉ်ကတစ်ပုံ၊ ငရုတ်သီးကြော်လေးတစ်ပုံနှင့် ထမင်းပွဲကို လှမ်းလှမ်းကြည့်လျက် ဟန်ဆောင်နိုင်ခြင်း နည်းပါးစွာပဲ သူ တံတွေးကို မျိုချလိုက်မိတာကို ထိုလူရွယ်က သတိထားသွားမိပုံရသည်။

''ဟုတ်လား... မင်း ထမင်းဆာလို့လား''

''ဟုတ်တယ်''

''စားကွာ၊ ငါကျွေးမယ်''

''ကျွန်တော် မစားဘူး''

''ဟေ...''

ထမင်းသည်ကပါ ပါးစပ်ဟလျက် သူ့ကိုကြည့်သည်။

ဘာပဲဖြစ်ဖြစ်... တံခွန့်မာနက ငယ်ငယ်ကတည်းက ခပ်ပြင်းပြင်း။ သူများ သနားသဖြင့်ကျွေးသည့် ထမင်းလုတ်ကို မျိုမချချင်။ တစ်လောကလုံးမှာ သူတစ်ယောက်တည်း။

ညီမဖြစ်သူကို ရှာရဦးမည်။





လောလောဆယ် သူ့ဝမ်းဝဖို့ သူ့မှာ အားရှိရမည်။

သူ့များက သနားလို့ကျွေးသည့် ထမင်းတစ်နပ်ကို စားလိုက်ရုံဖြင့် သူ့ဘဝက ပြီးဆုံးသွားမှာမဟုတ်။

ဘယ်လောက်ပဲဆာပါစေ...

အဲဒီထမင်းတစ်နပ်ကို မစားဖို့ သူ မမက်မောမိအောင် နေလိုက်သည်။

''နေစမ်းပါဦး၊ မင်းက ထမင်းဆာရဲ့သားနဲ့ ဘာဖြစ်လို့ စားတာလဲ၊ ရှက်လို့လား''

''မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်ပဲလိုချင်တာပါ''

သဘောပေါက်သွားပုံဖြင့် လူရွယ်က ခေါင်းညိတ်နေသည်။

လက်ထဲက ထမင်းပန်းကန်ကို ဒန်အိုးတစ်လုံးပေါ် အသာပြန်တင်နေသည်။

''ဟောဟိုမှာ မန်နေဂျာရှိတယ်၊ အဲဒီမှာ မင်းပြောကြည့်၊ အလုပ်သမားခေါင်းတော့ မရှိဘူးကွ၊ သူ့ဘေးမှာထိုင်နေတာ ပွဲရုံပိုင်ရှင် သူဌေးကြီးပဲ''

လူရွယ်က ပြီးစလွယ်ပြောလိုက်ပေမယ့် တံခွန် အဲဒီသူဌေးကြီးတွေဆီကို တကယ်သွားခဲ့သည်။

မန်နေဂျာဆိုသည့် မျက်မှန်နှင့်လူကြီးဆီကို မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးဆီကိုပါ...

အဲဒီသူဌေးကြီးနာမည်က ဦးဆက်ပိုင်။

ဦးဆက်ပိုင်နှင့် တံခွန်တို့က အဲဒီမှာစ၍ ဆုံဆည်းခဲ့ကြ

"မင်းက ဘာအလုပ်လုပ်နိုင်လို့လဲ၊ ငယ်လွန်းပါတယ် ကွာ"

မန်နေဂျာဦးကြီးက အထင်မြင်သေးသလို နှာခေါင်းရှုံ့ နှင့် ဆိုသည်။ သူဌေးက နံဘေးမှ သူ့ကိုကြည့်နေဆဲ...

"ဒီနေ့မဆင်းတဲ့ အလုပ်သမားမရှိဘူးလား ဦးရှ ဒီညနေ ကျွန်တော် ဝင်ထမ်းပါရစေဗျာ၊ ကျွန်တော် ဗိုက်ဆာနေ

"ထမင်းစားချင် ငါကျွေးမှာပေါ့ကွ၊ မင်း အလုပ်ဝင်ထ လည်း မိုးချုပ်မှ ထမင်းစားလို့ရမှာ၊ မင်းပုံစံက ခွေလဲတော့မယ့် ပဲ"

"မခွေဘူး ဦး၊ ကျွန်တော် ထမင်းစားဖို့ ကျွန်တော အလုပ်လုပ်နိုင်ပါတယ်"

ရှေ့အလှမ်းတိုးလျက် ကိုယ်ကိုယ်ကိုင်းလျက် ခပ်ဆ ဆတ် ပြောလိုက်သည့် တံခွန့်အသံက မာန်တွေအပြည့်။

ချက်ချင်းတင်းမာသွားသည့် မျက်နှာမှာ ပြောသလို အောင် လုပ်ဖို့ အသက်သေမှာကိုတောင် မကြောက်သည့် ပြတ်သ မှုကို မြင်နေရသည်။





သူဌေးကြီး ဦးဆက်ပိုင်က ကုလားထိုင်မှာ ခပ်လျော့လျော့ မှီထိုင်နေရာမှ ကိုယ်ကိုမတ်လာသည်။

"ဘာပဲဖြစ်ဖြစ် မင်းပုံစံနဲ့ ဆန်အိတ်မထမ်းနိုင်ဘူးဆိုတာ တော့ သေချာတယ်"

"သူဌေးပြောတာ ဟုတ်တယ်၊ မင်း ဒီပြင်မှာ အလုပ်သွား ရှာပေါ့ကွာ"

မခံချင်စိတ်ဖြင့် မျက်ဝန်းတို့က လက်လက်တောက်နေ သော်ငြား တံခွန့်မှာ ပြောစရာစကားမရှိပါ။

လောလောဆယ် သူ့တွင် ခွန်အားမရှိတာ သူ့ကိုယ်သူ အသိဆုံး။ ထမင်းမစားရတာ ဒါပါနဲ့ဆို သုံးနပ်ရှိပြီ။

သူ့အဝတ်စုတ်၊ လွယ်အိတ်စုတ်ကလေးတွေ ရောင်းချလိုက် တော့ ဖိနပ်ပင် စီးစရာမရှိတော့။

ရောင်းချစရာလည်း သူ့ကိုယ်မှာ အဖိုးတန်တာ ဘာ တစ်ခုမှမကျန်တော့။ ညီမလေးကိုရှာဖို့ ရန်ကုန်မြို့ကိုရောက်အောင် လာနိုင်သည့်တိုင် သူ့အတွက် ကျောချစရာနေရာမရှိ။

ဝမ်းရေးအတွက်ဆို ငွေကမရှိ။

အရောင်လက်နေသည့် သူ့မာနကြောင့် ထမင်းသုံးနပ်ငတ် ခဲ့ရသည်။ အသက်သေဆုံးချိန်ထိ ငတ်နေရဦးမည်ဆိုလျှင်လည်း အငတ်ခံယင်း အသေခံမည့် တံခွန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်ဘယ်သူလဲ ကလေး"

"တံခွန်"

"ဘယ်လို"

"တံခွန်"

"သိပ်ကောင်းတဲ့နာမည်ပါလား၊ မင်းမှာ မိဘတွေ မရှိကြဘူးလား"

တံခွန် ခေါင်းခါလိုက်မိသည်။

သူ့ဘဝတို့ကို အစက ပြန်မဖော်ချင်။

သူဌေးကြီးကလည်း သူ့ကိုစိုက်ကြည့်နေလျက် ဘာမှဆက်မမေးတော့။ မျက်မှောင်ကြီးကုတ်၍ တစ်ခုခုကို တွေးနေပုံရသည်။

"ဘာတဲ့… တံခွန် ဟုတ်လား"

"ဟုတ်"

"မင်း ငါ့အိမ် လိုက်နေမလား"

တံခွန် ခေါင်းခါသည်။

"မနေချင်ပါဘူး"

"ဘာကွ"

မန်နေဂျာလူကြီးက ဒေါသသံနှောလျက် ထအော်သည်။

"မိဘမရှိ၊ တစ်ကောင်ကြွက်ဘဝနဲ့ ငတ်နေတဲ့ဥစ္စာ၊





မင်းက သူဌေးအိမ်မှာမနေချင်ဘူးတဲ့လား"

အဲဒီလူကြီးကို တံခွန် မျက်ခနဲပြန်ကြည့်သည်။

မျက်ဝန်းအစုံမှာ စူးရှတောက်ပလျက် ရိုင်းပျပြင်းထန်သည့် ဒေါသတွေ…

"ကျွန်တော်ငတ်လို့သေသွားလည်း သူများအိမ်မှာ အနိုင်းအစေ မလုပ်ခဲ့တဲ့အတွက် ကျွန်တော့်မိဘတွေ ဘာမှသိက္ခာကျဖို့ ခရှိတော့ဘူး"

စကားတွေက မညီမညာ ထစ်ရှစွာထွက်၏။

ထိုအချိန်တွင် သူ့ဦးခေါင်းထက်သို့ နွေးထွေးစွာ ထိကပ်လာသည့် လက်ဝါးပြင်နီနီသည် သူ့တစ်ဘဝလုံးကို လုံခြုံနွေးထွေးခွင့်ပေးတော့မည်ဟု ထိုစဉ်က မတွေးမိနိုင်ခဲ့ပါ။

တံခွန်…

သူ့စိတ်ဓာတ်၊ သူ့မာနနှင့် ခံယူချက်အားလုံး၏ အဆုံးအဖြတ်သည် ဦးဆက်ပိုင်၏ တစ်ဦးတည်းသောသားဖြစ်လာရဖို့ နိုင်လုံသောအကြောင်းတရားများတည်း…။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောထားတဲ့ကိစ္စ သဘောတူသလားဆိုတာ ပြောပါဦး မေ"

အစ်ကိုကြီးမိန်းမပေမယ့် တည်ငြိမ်ရင့်ကျက်ဟန်နှင့် အေးဆေးစွာ နေတတ်သည့် သူမကို ဒေါ်မိမိသွင်က အသက်လည်း အနည်းငယ် ငယ်နေသည်မို့ လေးစားစွာ ဆက်ဆံပါ၏။

"ပြောလေ မေ"

"ကြိုက်သလိုစီမံနိုင်ပါတယ် မိမိရယ်"

"ဒါတော့မှန်တယ်၊ ကျွန်မတို့ကြိုက်သလို စီမံလို့ရတယ်၊ ဒါပေမယ့် ကိုဆက်ပိုင်နဲ့ တကယ်တမ်း တိုင်ပင်ကတိထားခဲ့ကြတာ မေကိုယ်တိုင်ဖြစ်နေလို့"

သူမမျက်ဝန်းတို့မှာ ဆွေးရိပ်တို့ ဝေ့ခနဲ လွင့်ပျံ့သွားသည်။

သစ္စာမွန်စာပေ



အမိပွာယ်ဖော်ရန် ခက်ခဲလှသည့် အပြုံးယဲ့ယဲ့လေး ဖြစ်သွန်း၏။

"အဲဒီကိစ္စက ဆွေးနွေးခဲ့တယ်ဆိုတာပဲ ရှိတော့တာပဲ၊ ဘယ်လိုအဆိုပြုချက်နဲ့မှ ဦးမော့အောင်ပြုလုပ်ခဲ့တာမျိုး မဟုတ်ဘူး"

"ဒါပေမယ့် မေ့တူမကို မေကိုယ်တိုင် စေတနာပိုနေခဲ့မို့လား"

"ယမာဟာ မိတ်ဆိုးလေးပါ မိမိရယ်… ခုဆို သူ့ဘဝ သူရှုန်းကန်နေရှာတာ"

"အဲဒီလိုလုပ်ဖို့ ဘယ်သူမှတိုက်တွန်းမထားဘူး မေ၊ သူ့သဘောနဲ့သူ ဆန္ဒပြနေတာ၊ သူ့မှာ ဖအေနဲ့ စည်းစိမ်ဥစ္စာအပြည့်အစုံနဲ့ပဲ"

ဩော်… ပြောရက်တယ်ကွယ်…

သူမ ရင်ထဲမှာ မချိအောင်ခံစားနေရသည်။

ဒီကလေး ဘဝပျက်ဖို့ အကြောင်းကြောင်းတွေရှိလာအောင် ဖန်တီးတာ ဘယ်သူလဲ။

သမီးနဲ့ ဖအေကြားမှာ မေတ္တာတွေခြောက်ခမ်း၊ အေးစက်လေအောင် ဘယ်သူလုပ်ခဲ့တာလဲ။

ပြောစရာ ထောက်ပြစရာတွေ ရင်ထဲမှာ အခိုင်အမာရှိနေပါသည်။ ဒါပေမယ့်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ အကျယ်အကျယ် မဖြစ်လိုတော့ပါ။

ဟိုလူ့ဘက်က၊ ဒီလူ့ဘက်က ရပ်၍ လူစွမ်းကောင်း လုပ်ပေးနိုင်သည့် စွမ်းအားလည်း သူမမှာ မရှိတော့။

အမှန်မှာဆို...

ဒီကိစ္စကို အစ်ကိုကြီး စီစဉ်ဖို့မကောင်း။

ကြီးပွားကောင်းစားလိုတာချင်းအတူတူ ဒုက္ခရောက်နေရှာသည့် မိတခိုးသမီးလေးကိုသာ ငဲ့ရမှာ...

မာနကြီးတာကို အပြစ်လို့ဆိုနိုင်ပေမယ့် ဒီလိုတွေဖြစ်လာရတာ ဘယ်သူ့ကြောင့်လဲဆိုတာ ကိုကြီးတွေးမိရမည်ပေါ့။

မောင်လေးဆက်ပိုင်နဲ့ သူမတို့ထားခဲ့ကြသည့် ကတိက သူ့သားဖြစ်သူနှင့် ယမှာကို လက်ထပ်ပေးကြဖို့။

မအေမရှိဘဲ မိထွေးနဲ့နေရရှာသည့် တူမလေးကို သနားလှစွာ အချစ်ပိုနေမိသည်။ သူမလက်ပေါ်မှာ ယမာလေးဘဝက ရှင်သန်လာရတာ။

ဒါကြောင့်လည်း ချမ်းသာကြွယ်ဝလှစွာရှိသည့် မောင်လေးနှင့် တိုင်ပင်ဆုံးဖြတ်ခဲ့ကြခြင်းပင်။

မောင်လေးသဘောကလည်း အစ်ကိုဖြစ်သူအပေါ် စိတ်နာလွန်းစွာ စိမ်းပြတ်နိုင်ပေမယ့်...

သူ့အပေါ် ကရုဏာရှိရှာသူ မရီး ဒေါ်အိမ်ခြွေအပေါ်





ဆလးစားရှိသေရှိနေသူမို့ အစ်ကိုကြီးသမီးဖြစ်နေသည့်တိုင် မျက်စိမှိတ် စီစဉ်ထားခဲ့သည်။

ဒါကို သားကိုအသိပေးထားကြောင်းလည်း သူမ သိပြီးသား။ ခုတော့ ပြတ်သားစွာ ငြင်းဆိုဆုံးဖြတ်နိုင်သည့် မောင်လေး ဆက်ပိုင်သည်လည်း မရှိတော့။

"တံခွန်နဲ့ ကကယ်တမ်း ယမာနဲ့ပဲ ပေးစားလည်း ဒီလောက် မာနတွေနဲ့ လက်ခံမယ်လို့ မထင်လို့လား"

"ဒါကတော့ သူ့အဆုံးအဖြတ်ပဲလေ"

ဒေါ်မိမိသွင် မျက်နှာပျက်သွားသည်။

"ဒါဖြင့် မေ့ဆန္ဒက ကျွန်မသမီးနဲ့ သဘောမတူတဲ့ သဘောလား"

"ဒါလည်း ငါဆုံးဖြတ်ခွင့်ရှိတဲ့ကိစ္စ မဟုတ်ဘူး"

"ပြတ်ပြတ်သားသားပြောပါ မေရယ်"

ဘီးတပ်ကုလားထိုင်ကို လက်ဖြင့်လှည့်၍ သူမ တစ်ဖက် လှည့်လိုက်လျက် ဒေါ်မိမိသွင်ကို ကျောခိုင်းလိုက်သည်။

ဒီမျက်နှာ ဒီအသံတွေကြားမှာ ရင်ထဲပူလှပါဘိ။

"ဒီကိစ္စတွေထဲမှာ ငါမပါပါရစေနဲ့ကွယ်၊ မင်းတို့ ကြိုက် သလို စီစဉ်ကြပါ၊ အားလုံးအမြင်ပဲ၊ ငါ့မှာ ဘာဆုံးဖြတ်ခွင့် ဘာ အာဏာမှမရှိတော့သလို ဘာကိုမှလည်း ခေါင်းထဲမထားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိသွင် မငြင်းနိုင်ပါ။

ဘီးတစ်ကုလားထိုင်ရှေ့ ခွေ့ခနဲ ရောက်သွားသည်။

"မေ့အဆုံးအဖြတ်ကို မလိုတော့ပေမယ့် မေမပါလို့ မရ သေးဘူးလေ၊ မူမူဟာလည်း မေ့တူမပဲဟာ၊ ခုတော့ မေ့စေတနာ တွေက သိပ်ကိုသိသာလွန်းတယ်၊ တကယ်…"

"ဒါဖြင့် ငါ အကြံတစ်ခုပေးမယ်"

"ပြောပါ မေ"

သူမ ဒေါ်မိမိသွင်မျက်နှာကို စေ့စေ့ကြည့်သည်။

"ဒီကိစ္စ ယမာ့ကိုဖွင့်ပြောပြီး နင်တို့အစီအစဉ်ကို ပြောပြ လိုက်၊ ချမ်းသာချင်လို့စီစဉ်ချင်ကြတဲ့ ကိစ္စကို မချမ်းသာချင်တဲ့ သူက နောက်ဆုတ်မှာပဲ၊ အဲဒီကျမှ လွတ်လွတ်လပ်လပ် စီစဉ်ကြ ပေါ့"

ဒေါ်မိမိ တစ်ချက်တွေသွားသည်။

ခဏကြာမှ ခေါင်းကို ဖြည်းလေးစွာယမ်းလျက်…

"ဒီလိုလုပ်လို့ ထင်သလိုဖြစ်လာမယ်လို့ မေထင်လို့လား၊ ယမာဟာ သိပ်ကိုခန့်မှန်းရခက်တဲ့ ကောင်မလေး၊ တစ်ခါတလေ ခပ်ရွဲ့ရွဲ့လုပ်တတ်တဲ့ အကျင့်ရှိတယ်၊ ဒီကိစ္စမှာ သူ ရွဲ့ချင်တဲ့စိတ် ရှိသွားရင် ကျွန်မတို့ရည်ရွယ်ချက်တွေ အများကြီးဆုံးရှုံးကုန်မယ်"

ယမာလေးကို နစ်နာစေပေါ့။





ရင်ထဲမှာ မချိလှစွာ သူမ မျက်နှာလွှဲလိုက်မိသည်။

ခုဆို အစ်ကိုကြီးတစ်ယောက်လည်း သူမထံလာဖို့ဝေးလို့ ကိုယ့်အစ်ကိုကိုတောင် မြင်လိုက်လျှင် မှတ်မိနိုင်ပါ့မလား မသိ။

တစ်ခါတလေ စကားပြောချင်လို့ ဆုံဖြစ်အောင် ဖန်တီး တာပင် မအောင်မြင်နိုင်ခဲ့။ ကြီးမားသားနားလှသည့် ဗိုင်ဂေဟာကြီး ထဲမှာ လူနှစ်ယောက်ဆုံဖို့ သူမလို့ ဒုက္ခိတက မည်သို့ကြိုးစားနိုင်ပါ မည်နည်း။

"သူ့ကို ဘာမှဖွင့်ပြောနေဖို့ မလိုပါဘူး မေ၊ မေအကြံပေး ပုံက အိပ်နေတဲ့ကျားကို ပုတ်နှိုးခိုင်းပြီးမှ ပြေးပေါ့လို့ ပြောလိုက်သလို ပဲ"

"အဲဒီလိုကျတော့လည်း အထင်လွဲပြန်ရောလား မိမိ"

"သဘောကိုပြောတာပါ"

မိမိက မျက်နှာကိုရော လေသံပါ လျှော့ချလိုက်သည်။

"အေးလေဟာ နင်ကလည်း၊ လူဆိုတာ တတိမ်းတစောင်း ရှိတတ်ကြတာပဲ၊ ရုပ်ရှင်တွေထဲကလို လမ်းမှာ တစ်ယောက်ယောက် ကို ကူညီနေတာမျိုး၊ တစ်ခုခုကြောင့် နောက်ကျတာမျိုး…"

"မေလုပ်ရမှာက ဟံခွန့်ကို ဒီကိစ္စ ပြန်ဆွေးနွေးပေးဖို့ ရယ်၊ လက်ထပ်ရမယ့်မိန်းကလေးဟာ မူမူပါလို့ လက်ညှိုးထိုးပြ ဖို့ရယ်၊ ဒါ အဓိကပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ငြိမ်နေမိသည်။

"တံခွန်က ဆက်ပိုင်ရဲ့တူမဆိုတာလောက်ပဲ သိတာ ဘယ်သူ ဘယ်ဝါရယ်၊ ဘယ်လိုလဲရယ်လို့ ဘာမှသိထားတာ မဟုတ်ပဲ၊ ဒီကိစ္စက လွယ်လွယ်လေးပါ"

"တစ်ခုတော့ရှိတယ်နော်၊ တံခွန်ဟာလည်း တံခွန်ပဲ၊ သိပ်တအောက်ကန်းနိုင်တဲ့ကောင်လေး"

"ဟင်း ဟင်း..."

ဒေါ်မိမိသွင်က အောင်နိုင်သူတစ်ယောက်လို ခပ်မဲ့မဲ့ရယ်သည်။

သူမရှေ့တည့်တည့်မှာ ပမာမခန့်စွာ လက်ပိုက်လျက်နေ၏။

"တံခွန်ဟာ ဆက်ပိုင်ကို အရူးအမူးကိုးကွယ်တဲ့သူ၊ သိပ်ပြီး ချစ်ကြောက်ရိုသေခဲ့တဲ့သူ၊ ခုလည်း ဆက်ပိုင်အသက်ရှိနေဆဲလိုပဲ၊ အဲဒီကျေးဇူးရှင်ကြီးနဲ့ပတ်သက်ရင် ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သူ့ဆန္ဒကို ဖယ်ချခေါင်းညိတ်ဖို့ အမြဲအသင့်ရှိနေတယ်ဆိုတာ ကျွန်မတို့သိတယ်"

ဪ... ခုမှ တံခွန့် အကြင်နာ သစ္စာတွေကို ချိုးမွှမ်းနေလို့ပါလား။ ဒီကလေးကို မွေးစားခဲ့စဉ်ကတော့...

အို... စကားလုံးမျိုးစုံတို့နှင့် သူမရှေ့မှာပဲ ကဲ့ရဲ့ပြစ်တင်





လိုက်ကြတာ...

တတ်လည်း တတ်နိုင်ပါရဲ့ကွယ်...

"ပြီးတော့ တစ်ခုရှိသေးတယ်၊ ဆက်ပိုင်က သူ့တူမလေးနဲ့ လက်ထပ်ပေးမယ်လို့ ပြောခဲ့တုန်းကလည်း တံခွန် ခေါင်းညိတ် အတိပေးထားခဲ့တယ်ဆိုတာကို ကျွန်မတို့သိထားတယ်"

မျက်နှာလွှဲလျက် ငေးနေသည့် ယောက်မဖြစ်သူကို ဒေါ်မိမိသွင် အသေအချာ စူးစိုက်ကြည့်၍ အကဲခတ်သည်။

"အခုနက ကျွန်မပြောသလို မေလုပ်ပေးဖို့ သဘောတူပါတယ်နော်"

သူမ မလှုပ်မယှက် ငြိမ်သက်ဆဲ...

ရင်ထဲမှာ မကောင်းနိုင်တာ အမှန်ပါ။

ရိုးသားကြိုးစားသော၊ မာန်မာနကင်းလျက် စည်းစိမ်ဥစ္စာကို ဖက်တွယ်ကိုးကွယ်သူမဟုတ်ပါပဲလည်း ချမ်းသာကြွယ်ဝနေခဲ့သော...

ရုပ်ရည်၊ အရွယ်က လွန်စွာတင့်တယ်လှသော... တံခွန့်လို ခင်ပွန်းကောင်းတစ်ယောက်သည် မပြည့်စုံရှာသည့် သူမတို့ အစကတည်းက ရည်ရွယ်ရင်းဖြစ်သည့် ယမာနှင့်သာ ထိုက်တန်ပါသည်။

သူတို့ပြောသလိုပါပဲ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ သူမ စကားတစ်ခွန်းဟပေးလိုက်ဟာနှင့် ပြီးသွားနိုင်သည်။ မောင်လေးအပေါ် တလေးဟစား ချစ်ရှာလွန်းသော တံခွန့်စိတ်ဓာတ်ကို သူမ သိသည်မဟုတ်ပါလား။

ဦးဆက်ပိုင်ပြောခဲ့သည့် တူမဆိုသူကို သူကိုယ်တိုင် စိတ်မဝင်စားလှစွာ၊ မရှုစမ်း၊ မစုံစမ်းခဲ့သော်လည်း ထိုတူမသည် ဖြူမည်း၊ ကျိုး၊ ကန်း၊ ဘယ်လိုပုံစံဖြစ်ဖြစ် ဦးဆက်ပိုင်၏ ချမှတ်ခဲ့သော၊ တောင်းဆိုခဲ့သော ကတိစကားတစ်ခုအဖြစ် တိကျစွာလေးစားလိုက်နာမှာ မလွဲနိုင်။

ပစ္စည်းမက်လှသည် မဟုတ်ပါပေမယ့် တံခွန့်လိုလူမျိုးကို ယမာလေးနှင့် ကံဖယ်ပေးဖို့ကို သူမ ကတိမပေးနိုင်ဖြစ်ရပြီ။

"ကောင်းပြီလေ၊ မေ့တူမအတွက် မေ နောက်ဆံတင်းနေတယ်ဆိုတာ ကျွန်မ သဘောပေါက်တယ်၊ မေ စဉ်းစားပါဦး။ ဒါပေမယ့် မေ့တူမကိုယ်တိုင်က ဒီကိစ္စကို လက်ခံမှာမဟုတ်ဘူး ဆိုတာတော့ ယုံ"

❀❀❀





အတွေးအာရုံထဲမှာ နစ်မျောလျက် တံခွန် အိပ်ရာပေါ်မှ မထမိသေး။ သူ့ဘဝ၊ သူ့အသိ၊ သူ့အသွေးအသားအားလုံးသည် ဦးဆက်ပိုင်ခေါ် သူ၏ ကျေးဇူးရှင် မွေးစားဖခင် လေးလေးဆက်၏ ကြင်နာစွာ ပွေ့ပိုက်ခြင်းများ ယုံကြည်စွာ အပ်နှင်းခြင်းများနှင့် သူ့စိတ်၊ သူ့ဘဝကို နားလည်နိုင်စွာ အထင်ကြီး လေးစားပေးခြင်းများကြောင့် တင့်တယ်စွာ ရှင်သန်ခဲ့ရသည်။

သူ့စိတ်ကို လှေလာတီးခေါက်ပြီးသည်နှင့် လေးလေးဆက်က ဘဝနှစ်ခုကို ပေါင်းစပ်လိုက်သည်။

သားအရင်းပမာ ယုံကြည်စိတ်ချစွာ ချစ်ရှာသည်။

စိတ်ချပြီပေါ့ . . .

တိုက်ကြီးပေါ် သူ့ကိုခေါ်သွားပြီးသည်နှင့် ကောင်းမှုဿန့်ပေ့ဆိုသည့် အဝတ်အစားတွေဆင်၊ အစားအစာတွေ ကျွေး။



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးနှင့် အဖော်တွေထားပေးလျက်··· ကြိုက်သလို သုံးဖြုန်းနိုင်သည်ဟု ငွေတွေအထပ်လိုက် ချပေး၏။

သားလိုချစ်တာဟု လမ်းခင်းပေးသည်။

အဲဒီမှာ အခွင့်အရေးမယူတတ်သူ၊ စိတ်ဓာတ် မပလွှား တတ်သူ။ ပြီးတော့ သာယာမှုများမှာ ကလေးပီပီ နစ်မျောမသွား ဘဲ သူ့ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် အမြဲဆိုလျက် စိတ်သန်နေသည့် သူ့စိတ်ဓာတ်ဉာဉ်ကို လေးလေးဆက် အကဲခတ် နိုင်ခဲ့သည်။

သူ့ရဲ့ဆုံးဖြတ်ချက် မမှားနိုင်တော့ပြီလို့ သိရလျက် တံခွန် အပေါ် ပထမစမ်းသပ်မှုကို ပြန်ရုပ်သိမ်းသည်။

ဒုတိယ···

သူ့ကို ဆယ်တန်းအောင်မြင်အောင် သင်ပေး၍ ဂုဏ်ထူး လေးခုနှင့် အောင်မြင်ပြီးချိန်ပါ။

ဦးဆက်ပိုင် အိမ်မှာမရှိ···

လုပ်ငန်းရှင်များနှင့် ရှေ့နေများ ရောက်လာကြသည်။

အရွယ်ရောက်နေပြီမို့ သူနှင့် ရင်ဆိုင်မိသည်။

"လာမယ့် ဆယ့်ငါးရက်နေ့မှာ သူ့လုပ်ငန်းတွေနဲ့ သူ့ရဲ့ ဒီတိုက်၊ ဒီခြံကိုပါ သိမ်းရမယ်"

"ဘာဖြစ်လို့လဲ ခင်ဗျ၊ ဘာအကြောင်းနဲ့များလဲဗျာ"





ရုတ်တရက်မို့ ဦးဆက်ပိုင်လုပ်ငန်းအစုကိုလည်း မသိရှိ သေးသည့် သူ့မှာ တအံ့တသြနှင့် ထိတ်လန့်သွားမိသည်။

"လုပ်ငန်းတွေမှာ ရှယ်ယာတွေ တဖြည်းဖြည်း ပြန်ထုတ် နေတာကြာပါပြီ၊ ခုတော့ ဘာမှမကျန်တော့ဘူး"

"ဟုတ်တယ်ကွ၊ ဟိုလက တို့အလုပ်တစ်ခုကို အရင်း အနှီးများများနဲ့ မတည်လုပ်ခဲ့ကြသေးတယ်၊ ဖြစ်မလာလို့ပေါ့၊ ဒါပေမယ့် လုံးဝအဖတ်ဆယ်မရအောင် ရှုံးသွားတယ်လေ၊ ဒီတိုက်ကြီးနဲ့ ခြံကို တို့လက်ထဲအပ်တယ်ပေါ့၊ ဟောဒီမှာ သူ့လက်မှတ်နဲ့စာချုပ်"

အားလုံးမျက်နှာကို မယုံကြည်နိုင်စွာ သူ ကြည့်သည်။

လှုပ်ရှားနေသည့်စိတ်ကို မနည်းကြီး ပြန်စုယူရပါ၏။

"လေးလေးဆက်ရဲ့လက်မှတ်ကို ကျွန်တော်သိပါတယ်၊ ဒါ အစစ်ပါပဲ၊ ဒါပေမယ့် လေးလေးဆက်က ရှိနေပါသေးတယ်။ သူ့ကို ကျွန်တော်···"

"ကြိုက်သလိုမေးနိုင်ပါတယ် မောင်တံခွန်၊ မင်းအဖေ ဟာ အဲ··· မင်းရဲ့ လေးလေးဆက်ဟာ မင်းအတွက် စိတ်မကောင်း ဖြစ်ပြီး ရှောင်သွားတာပါ"

"ပြီးတော့ စာချုပ်အရ မင်းတို့ဟာ တိုက်ပေါ်က ခုန်ဆင်း ဲနော်၊ ဒီပစ္စည်းတွေ အဲ··· အတွင်းပစ္စည်းတွေအားလုံးဟာ ဆုံးသွား တဲ့ ငွေရင်းပမာဏနဲ့ တန်ကြေးဖြစ်ပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ကျောခိုင်းလျက် သူ လေးလေးဆက်ထံ ဖုန်း ဆက်သည်။

မန္တလေးမှာရောက်နေသည့် လေးလေးဆက်ကိုယ်တိုင်ပါ။

"ဘာမှမသိချင်နဲ့တော့ တံခွန်၊ သူတို့လည်း မင်းကို ပြောသင့်သလောက် ပြောပြီးပြီဖြစ်မှာပဲ၊ မြောက်ဥက္ကလာပ ဝဇီယာ လမ်းသွယ်ထဲမှာ အိမ်လေးတစ်လုံးပါ စီစဉ်ထားတယ်၊ အားလုံးကို သံယောဇဉ်ဖြတ်ပြီး၊ ဖြစ်နိုင်ရင် မင်းစီးတဲ့ဖိနပ်ကိုသာ မြဲအောင်စီး ပြီး လက်ဖဝါးတွေကိုဖြန့်လျက် ထွက်လာပါ"

တိကျစွာ ညွှန်ကြားခြင်း...

"ငါကတော့ ကြိုတင်အားမွေးထားလို့ ခံနိုင်ရည်ရှိနေပြီ စိတ်ပြေလက်ပျောက်ရှိတဲ့နေ့ ပြန်လာမယ်၊ မင်း ခံနိုင်ရည်မရှိရင် အခြားကြိုက်တဲ့လမ်း ရွေးလျှောက်နိုင်တယ်နော်၊ အားမနာတမ်းပေါ့"

စကားလုံးတို့သည် နွေးထွေးမှုမရှိပါဘဲ တစ်ယောက်၏ အကြင်နာသံယောဇဉ်ကို တစ်ယောက်က နားလည်ကြသည်။

တံခွန်ဟာ လေးလေးဆက်ပြောတဲ့ လူစားမျိုးလား...

ဘဝကို ဒေါင်ကျကျ ပြားကျကျအဖြစ်မခံဘဲ တံခွန် ကြိုးစားခဲ့သည်။

နေ့ဘက် အငှားကားမောင်း၊ ညဘက် ဆိုက္ကားနင်း တစ်ချက်မှမနားဘဲ အလုပ်လုပ်ရင်း အဝေးသင် တတိယနှစ်အော





တော့ သူ့ ဝပ်ခ်ရှော့တစ်ခုမှာ သူ့ငွေး မျက်နှာလွှဲရတဲ့ ကျွမ်းကျင် အဆင့်ရောက်နေပြီ။

တံခွန်ဟာ ဘဝတစ်ခုမှာ အောင်မြင်မှုရလာသည်နှင့် တစ်ခုကို လှမ်းတက်ဖို့ ကြိုးစားနေတတ်သူ...

သူ ကားမောင်းရင်း ကားပြင်ရင်း ဝပ်ရှော့ထဲမှာလည်း အလစ်မပေးဘဲ ဆည်းပူးခဲ့သလို သူ့ငွေးက လစာကောင်းကောင်း ပေးနေပေမယ့် သူများလက်အောက်မှာ တံခွန် အလုပ်မလုပ်လိုပေ။

ပထမဆုံး လက်ထဲမှာစုမိသည့် အရင်းအနှီးလေးနှင့် စက် ပစ္စည်းအသေးစားရောင်းတဲ့ ဆိုင်ခလေး နှစ်ဦးစပ်တူဖွင့်လှစ်ခဲ့သည်။

အကျိုးပေးချိန်တန်လာတော့ ချက်ချင်း အရောင်းအဝယ် လိုက်လာ၏။ တစ်ဖက်က ကားအရောင်းအဝယ်ဘက်မှာလည်း အဆက်အသွယ်ရှိကြသော အပေါင်းအသင်းမိတ်ဆွေတွေအခံနှင့် သူဝင်ပါရင်း ကားပွဲစားဖြစ်လာပြန်သည်။

စကားပြတ်၍ ကတိတည်သော၊ ပြောသလိုလည်း လုပ်ပြ နိုင်သော သူ့ဆိုမှ သူဖြစ်လာခဲ့တဲ့အထိ။

တံခွန် ဘာလုပ်လုပ် ငွေဖြစ်လာသည်။

တစ်ဖက်က လေးလေးဆက်သတင်းကို စုံစမ်းရင်း စီးပွား ရေးခွင်ကိုလည်း မျက်ခြေအပျက်မခံဘဲ တံခွန် နာရီတိုင်း၊ စက္ကန့် တိုင်းမှာ ဦးနှောက်ကို မျက်စိတပ်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကားကြီး၊ ကားသေး ဘာပစ္စည်းမဆို တားပစ္စည်းနှင့်ပတ်သက်သမျှ ရနိုင်သော စက်ပစ္စည်းဆိုင်ကို တစ်ဦးတည်း ပိုင်ဆိုင်ခဲ့သည်။

တံခွန် ကိုယ်ပိုင်စွမ်းရည်ဖြင့် တံခွန်ဆိုသော နာမည်တစ်လုံးဟာ စီးပွားရေးလောကမှာ တစ်ဟုန်ထိုး ပြေးတက်လာခဲ့သည့်အချိန်တွင် တံခွန့်မှာ သိန်းပေါင်းများစွာ ပိုင်ဆိုင်နေပြီဖြစ်သည်။

ကန်ထရိုက်ဆိုလည်း တံခွန်၊ ဘယ်ဈေးကွက်၊ ဘယ်လိုကစားသွားတာကအစ တံခွန်ကြောင့် ဖြစ်သွားခဲ့သည်။

တံခွန်က လက်လှမ်းမီသရွေ့ ကိုင်လှုပ်သွားနိုင်တဲ့ အရည်အချင်းရှိနေလေပြီ။

တံခွန့်ဘဝ အားလုံးငြိမ်းချမ်းသွားပေမယ့် လေးလေးဆက်ပျောက်နေ၍ စိတ်မကောင်းဖြစ်နေရဆဲ…

လေးလေးဆက် ပြန်ပေါ်လာသည်။

"တံခွန်… မင်းဟာ ငါထင်ထားတာထက် အဆပေါင်းများစွာ အရည်အချင်းပြည့်တဲ့ လူငယ်ပါ၊ ငါ စမ်းသပ်လိုက်တာ လက်လွန်သွားသလားလို့ အစက နောင်တရလိုက်သေးတယ်၊ ရည်ရွယ်တုန်းက တစ်နှစ်၊ နှစ်နှစ်လောက် စောင့်ကြည့်ပြီး ငါ မင်းကို ပြန်ဆယ်ဖို့ပဲ၊ နောက်ထပ် မင်းရဲ့သတင်းတွေ ကြိုင်လှိုင်လာတာနဲ့ ငါ ဆက်ကြည့်နေခဲ့တာ၊ ခုတော့ မင်းက ငါဆယ်စရာ





လိုဘဲ သက်တန့်ပေါ်မှာ စင်္ကြန်လျှောက်ပြနိုင်ခဲ့ပြီ၊ သိပ်ဝမ်းသာတယ်"

တံခွန့်ကို ပွေ့ဖက်၍ ဦးဆက်ပိုင် မျက်ရည်များပင် လည်နေရှာသည်။

အဲဒီမှစ၍ သူချမ်းသာသမျှကို ထပ်ဆင့်ပုံအော၍ ချစ်ခင်အားကိုးသွားခဲ့သော တံခွန်ဟာ လေးလေးဆက်ရဲ့သားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ယမာရယ်... နင်ဟာလေ ထင်ရာစွတ်လုပ်နေတာပဲ၊ ငါ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

"ဘာမှမလုပ်နဲ့ မေရီ၊ နင့်ကာစင်နဲ့ ရင်းနှီးတဲ့လူကိုသာ အပိုင်ပြောပေး၊ ငါ အဲဒီအလုပ်လုပ်မယ်"

မေရီ စိတ်ပျက်လက်ပျက်ကြီး ရှိနေတော့သည်။

"ကိုယ့်မှာ နေစရာ တိုက်နဲ့တာနဲ့ ရှိလျက်နဲ့ အဆောင်မှာ နေတယ်၊ ကိုယ့်က ရှေ့နေမတစ်ယောက်ဖြစ်ပါလျက်နဲ့ ကလေးစာဖြ ဖို့ အလုပ်လုပ်ရဦးမယ်"

ယမာက လက်ဖက်သုပ်ပန်းကန်ကို ဆောင့်ခနဲချ၍ လက်တစ်ဖက်က ရေနွေးကြမ်းကို တစ်ဆက်တည်းသောက်သည်။

"အဲဒီတိုက်နဲ့တာနဲ့ရဲ့ အရှုပ်တော်ပုံကို နင်မသိဘူးတဲ့လား မေရီရယ်၊ အဲဒီတိုက်မှာရှိနေသမျှ ဒင်းတို့ လာလာပြီး အမျိုးမျိုး ပတ်သက်နေမှာ"





"အဲဒါ ကိုယ့်ခြံ ကိုယ့်ဝန်းပဲဥစ္စာ၊ ပြီးတော့ သူတို့လာတိုင်း နင်ပဲ အနိုင်တိုက်လွှတ်တာချည်းပဲဟာ"

"အဲဒါက ငါ့နာကြည်းချက်၊ ငါ့ရဲ့မှန်ကန်ချက်ကြောင့် သူတို့အရှုံးပေးသွားရတာ၊ တကယ်ဆို ငါ ဘယ်လောက်ခံစားရလဲ၊ ငါ ဘယ်လောက်အရှုံးပေးနေရသလဲ၊ အဲဒါ နင်သိလား"

"ငါကတော့ နင့်ကိုပဲ အပြစ်တင်မှာပဲ၊ ကိုယ့်မှာရှိသမျှ ပစ္စည်းတွေ အားလုံးချပေးပစ်ရလောက်အောင် နင် ဦးနှောက်နည်းရသလားလို့၊ အန်တီသက် ဒေါသထွက်တာလည်း မပြောနဲ့"

"တော်စမ်းပါ"

ကျန်နေသေးသည့် ရေနွေးတွေကို ပက်ခနဲသွန်ချပစ်၍ ယမာအော်သည်။

"အန်တီသက် ဒေါသထွက်တာ ငါ့တူမလေး ဆင်းရဲတော့မှာပဲလို့ တွေးမိတာမျိုး မဟုတ်ဘူး၊ ပူပင်တာမဟုတ်ဘူး၊ ငါ့ပစ္စည်းတွေကို ဒယ်ဒီတို့က ကျိတ်ယူထားပြီး တစ်ယောက်တည်း လက်ဝါးကြီးအုပ်သွားမှာစိုးတာ၊ သူမရလိုက်လို့ ဒေါသဖြစ်တာ"

"နင်ကလည်းဟယ်"

ယမာ ဒေါသထွက်လာမှန်းသိတော့ မေရီ လေသံကို လျှော့ချလိုက်ရသည်။

သူ့သူငယ်ချင်းစိတ်ကို သူ တကယ်တော့ နားလည်နိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



သူပါ။

အပြစ်တင်မိတာကလည်း ကရုဏာဖြစ်ရလွန်းလို့...

"တီတီမေကလွဲပြီး မာမီမရှိတော့တဲ့နောက်ပိုင်း ငါ့အ... ဘယ်သူမှ စစ်မှန်တဲ့မေတ္တာ မထားနိုင်ကြဘူး၊ သူတို့ကြောင့် ... စိတ်တွေ ကြမ်းလာရတယ်၊ သူတို့ကြောင့် ငါ့ဘဝလည်း ကြမ်း... ရတယ်၊ ငါ သူတို့ကိုမုန်းတယ်၊ ဒယ်ဒီ့ကိုလည်း မုန်းတယ်"

"ဟဲ့ ဟဲ့... ယမာ"

ညနေပိုင်းဆို ပန်းဆိုးတန်းလမ်းမှာ လူတွေက တအားပိုများ... ကာ ဆိုင်ထဲမှာလည်း စားသောက်သူတွေ ကျပ်ခဲလျက်...

ပေါက်ကွဲစွာ ယမာငိုချလိုက်တော့ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိရသည်။

ယမာ့လက်ထဲ လက်ကိုင်ပဝါလေး ထိုးထည့်ပေးရင်း သူ... ချော့မော့နေမိသည်။

"နင်ကလည်းဟယ်... မုန့်ဆိုင်ကြီးမှာ၊ ... လာ... စားလို့လည်းပြီးပြီ၊ သွားစို့"

"ဟော့အေး... ငါ လက်ဖက်သုပ်ကုန်... ...ဦးမယ်"

မျက်ရည်စစနှင့် ချက်ချင်း အစားပြန်စ... ...သည့် သူငယ် ချင်းဖြစ်သူကို ကြည့်လျက် သူ ပြုံးလိုက်မိသည်။

"ခုနစကားပြန်ပြောဦး မေရီ၊ ငါ အလုပ်ရနိုင်ပါ့မလား"





"ရဖို့တော့များတယ်၊ ဒါပေမယ့် နင်က ကလေးတွေကို ...တ်ရှည်ပါ့မလား၊ အဲဒီလုပ်ငန်းရှင်က စည်းကမ်းသိပ်ကြီးပြီး ...ဘော်တော် အစစ်အဆေးများတယ်လို့ ကြားတယ်ဟ၊ ကလေးတွေ ...ကို အရမ်းကိုအရေးပေးတယ်လို့လည်း ပြောတယ်"

"အလုပ်ရဖို့ပဲ အရေးကြီးတာဟ၊ ကလေးတွေလောက် တော့ ငါ ကောင်းကောင်းထိန်းနိုင်ပါတယ်၊ ကျောင်းက သိပ်ကြီး လား"

"တော်တော်ကြီးတယ်ဟ၊ နှစ်ထပ်တိုက်လေ၊ သိပ်တော့ အမြင့်ကြီးမဟုတ်ဘူး၊ ဘေးတွဲအဆောင်တွေ အများကြီးနဲ့ ကုမ္ပဏီ ဌာနကြီးတစ်ခုလိုပဲ၊ ခြံကြီးကလည်း အကျယ်ကြီး၊ ရေကန်တွေ၊ ကစားကွင်းတွေနဲ့ အကျအနပဲဟယ်၊ တကယ်... မိဘမဲ့ခြင်းအတူတူ အဲဒီမှာ နေခွင့်ရတဲ့ကလေးတွေဟာ တော်တော်ကံကောင်းမှာပဲ"

"အဲဒီကလေးထိန်းဌာနက နာမည်မရှိဘူးလား မေရီ၊ ဒီလောက်ကြီးကျယ်တဲ့ဟာ"

"ရှိတာပေါ့ဟ၊ အဲ... ဟို ငါမေ့နေတယ်၊ အမိပွါယ ကတော့ အမေ့ရင်ခွင်ပဲဟ၊ အရမ်းအဓိပ္ပါယ်ရှိတယ်နော်၊ အဲဒီမှာပဲ နေပြီး ကလေးတွေကို မိဘလို နေ့ရောညပါ ဂရုစိုက်ကြည့်ရတဲ့ ဆရာမတွေလည်းရှိတယ်လို့ ပြောတယ်၊ ကလေးတွေအတွက် ဘာမှ လိုလေသေးမရှိဘူးဆိုပဲ၊ ညဘက် အပန်းဖြေချိန်မှာ တီဗွီ၊ ဗွီဒီယို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့ ဟောလ်တစ်ခုရှိတယ်၊ စားချိန်၊ နားချိန်၊ တိကျပြီး အဲဒီက ဝန်ထမ်းတွေဟာ တာဝန်ဝတ္တရားထက် စေတနာ မေတ္တာနဲ့ ထမ်းဆောင်ဖို့ပဲလိုတယ်တဲ့လေ"

"နင်က သိလှချေလား"

"အခု နင့်ကိုပြောပြတာ အကောင်းပဲရှိသေးတယ် ဆရာမရဲ့၊ ငါ့ကာစင်ပြောပြ ချီးမွမ်းနေတာများ ပါးစပ်က အမြှုပ်များထွက်တော့မလားတောင် ထင်ရတယ်၊ မမောနိုင် မပမ်းနိုင်ဘဲ၊ အဲဒီသူဌေးပေါက်စကလည်း ကြာရင် သူဌေးကနေ ဘုန်းကြီးဝတ်တော့မလား မသိပါဘူး၊ ကိုအေးပြောပုံအရဆို အလှူအတန်းဆို အရမ်းရက်ရောတာပဲတဲ့၊ အသောက်အစား အသုံးအဖြုန်း ဘာမှမရှိဘူးတဲ့၊ စကားပြောလည်း သိပ်ကိုအပေါက်ဆိုးတာပဲတဲ့"

"သူနဲ့ကျ ဘယ်လိုခင်တာလဲ၊ ကျောင်းနေဘက်မို့လား"

"ကျွတ်"

မေရီက ကျွတ်ခနဲပြုလျက် ရေနွေးကြမ်းပန်းကန်ကို ယမာရှေ့တိုးပေးသည်။

"ခင်တောင် မခင်ပါဘူးဟာ၊ သူ့အတွက် ရေးမှူးနဲ့ခင်တာ၊ ထူးဆန်းတာက သူဘယ်လောက်အပြောဆိုး [illegible]ါက်ဆိုးဆိုး သူ့ကို အားလုံးက ခင်ကြ လေးစားကြတာတဲ့ သိလား"

"ငါကတော့ ခင်ချင်မှခင်မယ်၊ လေးစားထိုက်မှ လေးစား





မယ်၊ သူဌေးဆိုကတည်းက အဲဒီဂုဏ်ပုဒ်ကို ဖနောင့်နဲ့ပေါက်ပစ်ချင်တာ"

"အေး... နင်နဲ့တော့ တွေ့မယ်"

စကားပြောရင်း ပြိုက်ခနဲကုန်သွားပြန်သည့် ရေနွေးပန်းကန်ကို မေရီ ပြုံးတုံးပြုံးတဲ့လိုက်ကြည့်လျက်...

"ဟဲ့... ရေနွေးတွေ သောက်လှချေလား၊ လက်ဖက်သုပ်တွေစား၊ ရေနွေးတွေ အရမ်းသောက်နဲ့၊ ညကျမှ ဒုက္ခရောက်ဦးမယ်၊ တော်တော့..."

ရေနွေးပန်းကန်ကို သူ့ဘက်အကုန်ဆွဲသိမ်းလျက် မေရီ ပွစိပွစိပြောနေသဖြင့် ယမာ လက်သုတ်လိုက်ရတော့သည်။

"ကဲ... ထပါတော့၊ ဟိုမှာ ကိုအေးစောင့်နေရောပေါ့"

"မေရီ"

"ပြော"

"ငါ အစားများသွားပြီလား မသိဘူး"

ထရပ်လိုက်ရင်း ယမာ မျက်နှာလေးမဲ့တဲ့တဲ့နှင့် ခါးကို နှိပ်သည်။

"ကဲ... ငါပြောလို့မပြီးသေးဘူး၊ ဖြစ်ပြီမို့လား မိန်းမ"

ယမာ့မျက်နှာက မချိသွားပြဲလေးနှင့်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၆

''ဟင်… သမီး… သမီးလေး ပိုင်စိုး''

''တီမေ''

ပိန်ကျ ညှိုးနွမ်းလွန်းလှသည့် တီမေ့ကို ယမာ ပြေးဖက်လိုက်မိသည်။ တီမေ့ကိုယ်သင်းနံ့သည် မာမီ့ကိုယ်သင်းနံ့နှင့် တူလှပါ၏။

မာမီမရှိတော့သည်မို့ မာမီ့ကိုချစ်သည့် အချစ်တွေရော ဒယ်ဒီ့အပေါ်ထားခွင့်မရခဲ့သည့် အချစ်တွေအကုန် တီမေ့အပေါ် ပုံ၍ ချစ်ခဲ့ရသူပါ။

ကြည့်ပါဦး… ယမာနဲ့တီမေ ချစ်နေကြပါလျက်။ တစ်မြို့တည်း အတူရှိနေကြပါလျက် မတွေ့ဖြစ်ခဲ့ကြ။

ဘယ်မျှထိ တီမေ စိတ်ဒုက္ခရောက်ရှာလဲ။





တီမေ့ပုံပန်းကို မြင်လိုက်တာနှင့် ယမာ့ရင်ထဲ ရှုးရှူးနင့်နင့်ကြီး ဖြစ်လာမိသည်။

''တီမေ… တီမေရယ်… ယမာ့ကို ခွင့်လွှတ်ပါနော်၊ ယမာလေ တီမေ့ကို ပစ်ထားခဲ့မိတာ''

ခေါင်းဦးနှစ်လုံးဆင့်လျက် မှီထိုင်နေသည့် တီမေ့ရင်ခွင်ထဲ ယမာ ခေါင်းတိုးဝင်၍ ငိုသံပါလေးနှင့်ဆိုသည်။

သူမမျက်ဝန်းတွေမှာလည်း မျက်ရည်တွေ စို့စွတ်လာကြသည်။ လုပသန့်စင်သည့် သည်တူမလေးမျက်နှာကို မမြင်ခဲ့ရတာ ကြာပြီကော။

''သမီးရယ်… ပျောက်နေလိုက်တာ၊ တီမေ့သမီးလေးက ပိုလှလာတယ်''

ချစ်သောတူမလေးကို တွေ့ရ၍ တီမေ ဘယ်လောက်ဝမ်းသာနေရှာလဲဆိုတာ တုန်ရင်ကြေကွဲနေသည့် သံစဉ်လှိုင်းတို့က သက်သေ။

တီမေ့လက်အစုံကို ယမာ မြတ်နိုးစွာနမ်းရှိုက်လျက် ဖက်တွယ်ထားမိသည်။

''တီမေ ဘယ်လိုနေသေးလဲဟင်၊ တီမေ ညက အသည်းအသန် ဖြစ်နေတယ်ဆို''

မျက်ရည်ဝဲနေသည့် မျက်ဝန်းလက်လက်ကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြင်နာလွန်းစွာ စိုက်ကြည့်မိသည်။

"သမီးလေးကို ဘယ်သူပြောလဲဟင်"

"သူတို့ပဲ"

သူတို့ဆိုတာကို တီမေ သဘောပေါက်သွားပုံနှင့် ခဏ ငြိမ်ကျသွား၏။

"ဒီလိုကျတော့လည်း တီမေ့ဆန္ဒကို သူတို့က ဖြည့်ပေးရှာသားပဲ"

စိတ်ရှုပ်ထွေးပူပန်မှုတို့ မေ့ပျောက်လျက် ကျေနပ်စွာဆိုသည့် အသံ… ယမာ့အာရုံထဲမှာ စောစောက တိုက်ထဲဝင်လိုက်စဉ် ပြောဆိုနေကြသည့် စကားသံတို့ တိုးတိုက်ဝင်လာကြသည်။

မခံချင်ဒေါသတို့ကြောင့် ယမာ တောင့်တောင့်လေးဖြစ်သွား၏။

"သမီး…"

"ရှင့်… တီမေ"

"သမီးဟာ ဒီပိုင်ဂေဟာကို လုံးဝမျက်စောင်းလှည့်မထိုးချင်အောင် နာကြည်းခဲ့တယ်နော်"

"ဟုတ်ပါတယ် တီမေ၊ ဒါပေမယ့် ယမာ့ဘဝမှာ တီမေဟာ အရေးကြီးဆုံး၊ တီမေ အသည်းအသန်ဖြစ်နေတယ်ဆိုတော့ ဘယ်လိုနေနိုင်တော့မှာလဲ၊ အခုကော သက်သာပြီလားဟင်





ဆရာဝန်ပြရဲ့လား"

"ပြပါတယ် သမီးလေးရယ်၊ တီမေတို့ (Family Doctor)နဲ့ပဲ၊ သမီးလေး ခုလို တီမေ့ဆီ ဂရုတစိုက် ပြေးလာဖော်ရတာကိုက သမီးလေးရဲ့မေတ္တာကို ခန့်မှန်းဖို့မလိုတော့ပါဘူးကွယ်"

သူမသည် ယမာ့ကိုယ်လေးကို ယုယပွေ့ဖက်ထားမိဆဲ…

"ညက တီမေ အဖျားတွေတက်ပြီး ခေါင်းတွေအရမ်းထိုးတာပဲ သမီးရယ်၊ ဘယ်လိုမှနေမတတ်ဘူး၊ နောက်ဆုံး မျက်စိတွေပြာလာပြီး သတိလစ်မတတ်ပဲ"

"တီမေ ဘယ်သူ့ကိုမှမပြောဘူးလားဟင်၊ တီမေ့အနားမှာ ဘယ်သူမှမရှိဘူးလား"

"မဆန်းတော့ပါဘူး သမီးရယ်၊ ဒါပေမယ့် အရမ်းခံစားနေရတုန်း မသူဇာရောက်လာတယ်၊ သူပဲ ပြုစုပေးတယ်၊ နောက်တော့ သူလည်း စိုးရိမ်လာပြီး အစ်ကိုကြီးတို့ကို သွားအကြောင်းကြားလိုက်တာပေါ့၊ အားလုံးထွက်လာကြပါတယ်"

အခန်းထဲသို့ မတ်တပ်ရပ် တန်းစီဝင်လာကြလျက် ခဏလေးကြာ တန်းစီပြီးပြန်ထွက်သွားကြတာကိုတော့ သူမ ပြန်မပြောပြတော့ပါ။

"သမီးလေးလာတာနဲ့ အတော်ပဲ၊ တီမေလေ… သမီးလေးကို ပြောစရာတွေရှိတယ်၊ ဒီကိုလာခဲ့ပါလို့လည်း သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မခေါ်ရက်ပြန်ဘူးကွယ်၊ ခုတော့ အဆင်သင့်လိုက်တာ”

“ဘာများလဲ တီမေ”

အားပါးတရ ပြောချတော့မည် ဟန်ပြင်ပြီးမှ တီမေ့မျက်နှာ ပျက်ကျသွားလိုက်တာ...

ယမာ စူးစူးစေ့စေ့လိုက်ကြည့်ရင်း အကဲခတ်နေမိသည်။

ပြောမည့်စကားဆိုတာ စောစောက သူတို့ပြောနေကြသည့် စကားတွေများလား။ တစ်ယောက်တည်း တိတ်ဆိတ်စွာ တွေးဖြင် သည်။

“တံခွန့်ကို သမီးသိတယ်နော်”

ယမာ့သွေးကြောတွေ ရှိန်းခနဲ ဖြစ်၏။

“သမီး လေးလေးဆက်ရဲ့သားလေ၊ တံခွန့်ကို သမီး သိတယ်နော်”

“ကြားဖူးနေပါတယ် တီမေ”

ဟုတ်မှာပေါ့။ တီမေ လက်ခံကာ ခေါင်းညိတ်သည်။

မောင်လေးဆက်ပိုင်ကိုတောင် ဒီကလေး ယီးလေး ဖက် တွယ်နေခဲ့ရတာ မဟုတ်။ သူမတို့အပြောအရ ဦးလေးဖြစ်သူကို အသနားပိုလျက် တမ်းတမ်းတတ ဖြစ်နေခဲ့သည်။

မောင်လေး... ရန်ကုန်မှာ အခြေချလာတော့မှ ဦးလေး ရယ်လို့ ရင်းနှီးချစ်ခင်ခွင့်ရခဲ့တာပဲ။





ဒါတောင် သွေးကစကားပြောလို့ ရင်းနှီးရသည်။

တကယ်ဆို တွေ့ဆုံရသည့်အကြိမ်က ရေတွက်လို့ပင် ရ ပါသည်။ ဘာပဲဖြစ်ဖြစ် သမီးလေးက သူ့ဦးလေးကို တွယ်တာရှာ သည်။

ဦးလေးကရော...

အစ်ကိုဖြစ်သူကို နာကြည်းသည့်ကြားမှ မရီးဖြစ်သူ၏ ဆတနာတွေနှင့် တူမလေးအပေါ် သံယောဇဉ်များနှင့် မကြာမကြာ တွေ့ဆုံခွင့်ပြုသလို သမီးလေးမွေးနေ့ရောက်တိုင်း...

မွေးနေ့လက်ဆောင် ပို့ပေးခဲ့သူ...

သူ့နေအိမ်သို့မူ ပိုင်ဂေဟာ၏ မျိုးဆက်သွေးတို့ လုံးဝ ခြေမချစေရ သံဓိဋ္ဌာန်နှင့် သူမကိုပင် ပေးခေါ်သွားခြင်းမပြု။

ဒီကလေးမ တံခွန့်ကို မမြင်ဘူးတာ မဆန်းပါချေ။

“ဘယ်သူတွေ ဘာပြောပြော တီမေကတော့ တံခွန့်ကို သမီးနဲ့ပဲ လက်ထပ်စေချင်တယ်”

ယမာ ကိုယ်လေးတောင့်သွားလျက် တီမေ့ရင်ခွင်ထဲမှ ထွက်သည်။

“တီမေက ဘာဖြစ်လို့ သူနဲ့လက်ထပ်စေချင်တာလဲ”

သူ့မျက်နှာထားနှင့် အသံကြောင့် တီမေ့ခမျာ မျက်နှာ ပျက်သွားရှာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယမာ စိတ်ကိုပြန်လျှော့လျက် တီမေ့လက်တွေကို ဆုပ်ကိုင်လိုက်သည်။

"တီမေ…"

"……"

"ယမာဟာ ပိုင်ဂေဟာနဲ့ ဘာမှမပတ်သက်တော့ဘူးဆိုတာ သူလည်းသိမှာပဲ"

တီမေ ခေါင်းတွင်တွင်ခါသည်။

"သမီးပြောတာကို တီမေ သဘောပေါက်တယ်၊ တံခွန်ဟာ အဲဒီလိုလူစားမျိုးမဟုတ်ပါဘူးကွယ်၊ သူက…"

အဲဒီလိုလူစားမျိုးပဲဆိုတာ ယမာ သိထားပြီးသားပဲ။

"ယမာဟာ ဖခင်ကပစ်ထားလို့ အားကိုးရှာနေရှာ သနားစရာ မိန်းကလေးလို အများက ကရုဏာသက်ကြတာမျိုး ခံယူနေသင့်သလား တီမေ"

"မိစုံ ဖစုံနဲ့ သားသမီးတွေကိုလည်း အရွယ်ရောက်လာရင် မိဘတိုင်းက သင့်တော်ရာရွေးပြီး ထိမ်းမြားပေးကြရတာ သမီးရယ်"

"ဒါပေမယ့် ယမာ ခုနေ အဲဒီလူနဲ့ လက်ထပ်လိုက်ရင် ယမာ့ရဲ့မာနတွေ၊ သိက္ခာတွေ အားလုံးရေစုန်မျောကုန်ပြီ၊ ဘာအဖတ်ဆယ်လို့ရမှာ မဟုတ်တော့ဘူး"





"သမီးရယ်"

"ပြီးတော့ အဲဒီသူဌေးဆိုတဲ့လူကကော ယမာ့လို မိန်းမမျိုးကို…"

"တီမေပြောတာကို နားထောင်ပါဦး သမီးလေးရယ်၊ တံခွန်ဟာ သမီးပြောသလို ငွေမက်တဲ့သူ၊ ဂုဏ်မက်တဲ့သူမျိုး မဟုတ်ဘူး၊ သူဟာ မောင်လေးလိုပဲ"

ယမာ ကုတင်ထက်မှ ကြမ်းပေါ်သို့ လျှောထိုင်ချလိုက်သည်။

တီမေ့မျက်နှာကို စူးစိုက်စွာ မော့ကြည့်လိုက်သည့် ယမာ့မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့နေကြပြီ။

"ယမာ့ကို လက်ထပ်ပေးဖို့မကြိုးစားပါနဲ့တော့ တီမေ၊ လိုချင်သူတွေကိုသာ ယူစေလိုက်ပါ"

"တံခွန်ဟာ သမီးပြောသလို လူအတစ်ယောက်မဟုတ်ဘူး သမီး၊ သူတို့ထင်ကြသလို အလှည့်စားခံမယ့်သူလည်း မဟုတ်ဘူး"

"ဒါပေမယ့် သူအလှည့်စားခံလိုက်ရတာကို သူ ပြန်ကျေနပ်မှာပါ တီမေ၊ ဒီကိစ္စကို ယမာ လုံးဝခေါင်းထဲမထည့်ဘူး၊ မြင့်တာကို ယမာ မော့မကြည့်ပါရစေနဲ့"

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



ယမာ တီမေ့ကို မော့ကြည့်သည်။

တယူသန်မာနတွေ ကြီးနေလွန်းသည့် ကူမချောလေးကို ဆံနွယ်အိအိလေးများမှအစ နှဖူးခံစပ်ကလေးများကိုပါ သူမ တယု တယ နမ်းရှိုက်လျက် ရင်ထဲမှ နာကျင်မှုကို ဖြေလိုက်ရသည်။

ဒီမိန်းကလေးသည် ဘဝအတွက် မလုပ်သင့်ဆုံးသော အရာနှစ်ခုကို ကျူးလွန်လုပ်ဆောင်ခဲ့ပြီးပြီ။

ပထမတစ်ခါက တစ်သက်စာ သုံးစွဲစားသောက်နိုင်သည့် ရတနာသေတ္တာတွေကို သူတစ်ပါးလက်ထဲ မိုက်မဲလှစွာ ပစ်ချပေး ပစ်ခဲ့သည်။ အခုတစ်ခါ…

တစ်ဘဝလုံးအတွက် အရေးကြီးလှသည့် အဆုံးအဖြတ် တစ်ခုကို မာနတစ်ခုအရင်းပြု၍ မိုက်မှားစွာ ဆုံးဖြတ်ခဲ့ပြန်ပြီ။

ရိုက်နှက်ဆုံးမရမည့်အရွယ်လည်း မဟုတ်တော့။

ပြီးတော့ ဒီမိန်းကလေးအပေါ် သနားကြင်နာနေမိသည့် ရှိရင်းစွဲစိတ်ကိုက အပြစ်မတင်ရက်တာ…

တကယ်ဆို ဒီကိစ္စမှာ ယမာက မင်းသမီးမို့လား…

"သမီး ဒီကအကြောင်းတွေကို ဘယ်လိုသိနေတာလဲ ဟင်"

သြော်… တိုက်ကြီးရဲ့ညှော်ခန်းထောင့်မှာ ဆွေးနွေးနေတဲ့ ရှည်လျားသော ဆွေးနွေးခန်းကြီးကို တစ်စတစ်စနဲ့ ကြားခဲ့ရတာ





လို့ ယမာ ပြန်မပြောလိုတော့ပြီ။

"တီမေ… နေကောင်းတယ်ဆိုရင် ယမာ ပြန်တော့မယ် နော်၊ တော်ကြာ ဒယ်ဒီပြန်လာတာနဲ့ တိုးနေမှာစိုးလို့"

"သမီး… တီမေ့ဆီ မကြာမကြာ လာပါလားဟင်၊ တီမေ့ဆီကိုပဲကွယ်"

ယမာ တွေတွေလေး ဖြစ်သွားသည်။ ပိုင်ဂေဟာကို ခြေမချချင်တော့တာ အမှန်ပါ။ တီမေ့မျက်နှာကို မြင်ရတော့လည်း ခေါင်းမခါရက်ပြန်။ လာမယ်ဆိုခဲ့လျှင်လည်း တီမေ တမျှော်မျှော် ဖြစ်နေမည် လား။

"ရပါတယ်ကွယ်၊ တီမေက တွေ့ချင်လို့ပြောမိတာ၊ သမီးကို တီမေ နားလည်ပါတယ်၊ သမီးလေး စိတ်ချမ်းသာသလို နေပါကွယ်"

"တီမေရယ်… ကျေးဇူးတင်လိုက်တာ"

တစ်ယောက်ကိုတစ်ယောက် ဖက်လျက် နမ်းရှိုက်နေကြ ဆဲ အခန်းထဲသို့ လူရိပ်တစ်ခု ကျလာသည်။

"ယမာ"

လေသံက မာ့ထန်လျက်… နောက်လှည့်မကြည့်ရပါဘဲ မှုမှုသွင့်အသံကို ယမာ သိလိုက်သည်။

"နင့်ကို ဒယ်ဒီ စာကြည့်ခန်းထဲမှာ စောင့်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com





လိုက်ခဲ့''

ပြောချင်တာပြော၍ လှည့်ထွက်မည် ပြင်သည်။

''နေဦး''

တီမေ့ကိုခွာ၍ ယမာ ဖျတ်ခနဲထရပ်လိုက်သည်။

စောစောက ဒေါ်ယဉ်မေပိုင်၏ရင်ခွင်ထဲမှ ယမာသည် ကျားသစ်မလေးတစ်ကောင်၏အသွင်သို့ ချက်ချင်းပြောင်းသွားသည်။

ယမာ့မျက်ခုံးတွေတွန့်ကွေးနေလျက် မျက်လုံးတို့ ဝင်းဝင်းလက်လက် ဖြစ်နေသည်။

''ဒယ်ဒီ့ကိုပြောလိုက်… ငါ ပိုင်ဂေဟာကိုလာတာ မ… ပေမယ့် တီမေတစ်ယောက်တည်းကိုပဲ တွေ့ဖို့လာတာလို့''

တီမေ့လက်ကလေးကို တစ်ချက်ပြန်ဆုပ်ကိုင်လျက် ယမာ ဘာမှမဆိုတော့။ ပိုက်ဆံအိတ်ကလေး ကောက်ယူ၍ အခန်းထဲ… ခြေလှမ်းကျဲများနှင့် ထွက်သွားသည်။

သူ့အနားမှအဖြတ်… မူမူသွင် မကျေမနပ်ကြည့်နေရင်း ခြေတစ်လှမ်းဆုတ်၍ ရှေ့ပေးလိုက်တာ ကပျာကယာ…

''တောက်''

ယမာ ကျွန်းလှေခါးကြီးက ဆင်းသွားနေမှ တက်ခေါက်သံ ပြင်းပြင်းထွက်၏။

သစ္စာမွန်စာပေ

''တီ… တီ… တီ…''

''တီ… တီ…''

ကားဟွန်းသံ ဆူညံလာတာ အာရုံထဲမှာ ထိခတ်လာသည့် အသိစိတ်က ကိုယ်မှာမရှိ။

ခပ်နိမ့်နိမ့် မြေချိုင့်ထဲ ခြေတစ်ဖက်စောင်းအကျ…

ယိုင်ခနဲဖြစ်သွားခြင်းနှင့်အတူ ဆူနေဆဲ ကားသံကို သတိပြုမိလိုက်သည်။

အနီးကပ်ဆုံးမှာကိုလည်း သိလိုက်၏။

ဘာမှ လှုပ်ရှားချိန်မရတော့…

အနားမှာ တုံ့ခနဲ ထိုးရပ်သွားသည့် ကားပေါ်သို့ သူ့တစ်ကိုယ်လုံး ပစ်ကျသွားသည်။

''အ…''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်က ခပ်ဖွဖွညည်းသံ ထွက်သွားမိ၏။

အားယူလျက် ကားမှာ တစောင်းတိုက်ပစ်ကျသွားသည့် သူ့ကိုယ်ကို ပြန်ခွာဖို့ရာ မဟာန်နိုင်တော့ဘဲ တစ်ဖက်သို့ ခွေခနဲ လဲကျသွားတော့သည်။

ကျိုးကန်းချိန့်မသွားပါဘဲ ရင်ဝတည့်တည့်မှ စူးအောင့်စွာ ခံစားလိုက်ရသဖြင့် ယမာ ရုတ်တရက် ခေါင်းငိုက်စိုက်ကျသွားရသည်။

သူ့ဖမျက်ဝန်းရှေ့မှာ ခြေအစုံ လာရပ်သည်။

မဲနက်ပြောင်လက်နေသည့် သားရေဖိနပ်ကို စီးထားသည့် ခြေအစုံသည် ယောက်ျားတစ်ဦး။

ခပ်ညိုညို ခြေဖမိုးထက်မှာ ရှည်လျားမဲနက်သော အမွေးညှင်းတို့က နုနုလေးတွေမဟုတ်။

ခြေချောင်းတွေ တစ်ချောင်းချင်းထက်မှာလည်း ရှိသည်။ ခြေဖမိုးဘေးစောင်းနေရာတွေမှာလည်း အတော်များများ။

စိတ်ထဲမှာ မြင်ရခဲလှသည့် ခြေထောက်ပါလား... တွေး ဖြစ်ပေမယ့် မော့မကြည့်နိုင်သေး။

"ခြေထောက်တော့ မကျိုးဘူးထင်ပါရဲ့

ကောင်မလေး တော်တော်နာသွားပုံရသည်မို့ စောစောက စီတန်းလာခဲ့သည့် စကားတို့ကို မဆိုဖြစ်တော့။

သစ္စာမွန်စာပေ



မြက်ခင်းပေါ်မှာ ခွေခေါက်ပုံကျနေသည့် ဆံပင်ရှည်ကြီး များနှင့် လုံးလုံးထွေးထွေး ပုံကျသွားရှာတာလေးကို ကရုဏာသက် မိလိုက်တာ...

ဟော...

ဖွေးဥသွယ်လှလျက် လှပလွန်းသော လက်ကလေး တစ်ဖက်က အိဆင်းအုပ်မိုးနေသည့် နှားသယ်စပ်ဆံစများကို ထိုးသွင်း ငင်လှစ်လိုက်ခြင်း၊ ဝင်းမွတ်ကြည်စင်သည့် မျက်နှာလှလှလေး တစ်ခြမ်း ဖျတ်ခနဲ မော့လာခြင်း၊ အားလုံးတို့သည်...

ခဏလေးအတွင်း လှုပ်ရှားသွားကြသည်။

သူ့အသံကြောင့် ထိတ်လန့်လှုပ်ရှားလာပုံမျိုး...

"ဟင်..."

သူ မထိန်းသိမ်းနိုင်စွာ ဟင်ခနဲ ဖြစ်သွားသည်။

မိန်းကလေးက မြားကလေးတစ်စင်းနှင့် တူလှသည့် မျက်ဝန်းစူးစူးလေးများနှင့် တစ်ချက်စိုက်ကြည့်သည်။

ပြီးတော့ မျက်ခုံးလေးတစ်စုံသည် အနည်းငယ် တွန့်ချိုး သွား၏။

အကြည့်ရဲရဲနှင့် ပူပြင်းခက်ထန်လှသော မျက်ဝန်းနှစ်စုံ စက္ကန့်ပေါင်းများစွာ ဆုံဆည်းနေကြသည်။

"ရှင်ကိုး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယမာ ရင်ထဲမှာ မေ့နိုင်ပါ့မလား။

သူမကို လမ်းပျော်မလေးတစ်ယောက်လို ချိုးချိုးဖွဲ့ဖွဲ့ ပြောခဲ့သည့်သူ။

'မင်းပဲ' ဆိုသည့် စကားသံထွက်မလာပေမယ့် တိုက်ဆိုင်မှုက ဆန်းကြယ်လှသည်မို့ တံခွန့်နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

"မင်း မှတ်မိသားပဲ"

သူ့နာမည်ကိုတော့ ယမာ မသိပါ။

အနားမှာ မုဆိုးဒူးထောက် လာထိုင်သည်။

ကြည့်...

ဒူးပေါ်တင်လိုက်သည့် လက်တစ်ဖက်မှာ မွေးညှင်းတွေ ဗလပျစ်နှင့် ရှင်းရှင်းသန့်သန့် အသားအရေပေါ်မှာ ရှည်လျားလှသော မွေးညှင်းတို့က ဒီပြင်ယောကျ်ားတွေလို ရှိန်းမြမြ ရိပ်တိတ်တိတ် မဟုတ်။

ယမာ နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာကို ဖျတ်ခနဲလွှဲပစ်သည်။

"ဒီမှာ"

"... "

"ဆေးရုံတွေ ဘာတွေ ပို့ပေးရဦးမလား

ယမာ အံကြိတ်ထားလိုက်၏။





ကိုယ့်အပြစ်နဲ့ ကိုယ်... အတွေးလွန်ကာ ပတ်ဝန်းကျင်ကို မေ့ခဲ့တာလေ။

ကိုယ့်ဟာကိုယ် ခြေချော်လျက် ရပ်လိုက်ပြီးသည့် ကားပေါ် ပစ်တိုက်တာလဲ ကိုယ်ပဲ။

ဒီလူ သက်သက်လာခနဲ့တာ...

"ဒီမှာ"

"... ..."

တံခွန် ပြုံးလိုက်မိသည်။

"ဆေးရုံဆေးခန်း သွားမယ်ဆိုလည်း အခမဲ့လိုက်ပို့ပါ့မယ်၊ ဒါပေမယ့် ဆေးဖိုးဝါးခတော့ မရဘူးနော်၊ ဒီကိစ္စက တိုင်ချက်တွေ ဘာတွေ ဖွင့်မယ်ဆိုရင်လည်း မင်းကိုယ်မင်း ပြန်ဖွင့်ရမှာ"

သူ ကောင်မလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

"တို့ကားကို မင်းဝင်တိုက်လို့ ထိခိုက်သွားတာလောက်တော့ တို့က အမှုတွေ ဘာတွေ မလုပ်ပါဘူး"

"ရှင်... ရှင် သက်သက်လာစော်ကားနေတာ"

"အာ... ရှေ့နေမကြီးကို ဥပဒေနဲ့ ဘာနဲ့ မဟုတ်မဟုတ် မစော်ကားဝံ့ပါဘူး၊ နို့... တို့ပြောတာ မဟုတ်လို့လား"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ယမှာ ခပ်ပြင်းပြင်းတက်ခေါက်လျက် နာကျင်ခြင်းကို မျိုသိပ်၍ ထရပ်သည်။

မရ…။

ရင်ဘတ်ထဲက စူးရှပြင်းထန်စွာ နာကျင်လျက် ယိုင်ခနဲ ဖြစ်သွားသည်။

ထိုင်လျက် ပြန်ကျမသွားဖို့ အတော်ပြန်ထိန်းနေရပုံကို သူ အပြုံးမပျက် ကြည့်နေသည်။

"ကဲ… အမိ၊ ကားပေါ်တက်၊ ဘယ်ပို့ပေးရမလဲ ပြော၊ ဆေးရုံဆေးခန်းလား၊ အိမ်ကိုလား"

"ဒီမှာ"

"ပြော"

"ရှင်ကြီးက လူကို ဘယ်လိုအစားအောက်မေ့လို့လဲ"

"ခြေထောက်ကျိုးအဲ့ဆဲဆဲ ဒုက္ခိတလောင်းလျာလေးလို့ပဲ မှတ်ပါတယ်"

ယမှာ နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

မျက်မုန်းကျိုးနေမိသည့်ကြားက ဒီမိန်းကလေး ဘယ်လို နေနေ လှနေတာပဲဟု တွေးဖြစ်သေးသည်။

"ရှင်ကြီးပြောသလို ခြေပဲကျိုးကျိုး၊ တစ်ပိုင်းလုံးပဲကျိုးကျိုး၊ အဲဒါ ကျွန်မကိစ္စ၊ ရှင်ကြီးကိစ္စက ဒီနေရာက မြန်မြန်ထွက်သွားဖို့





ပဲ"

အဲဒီ ဆံပင်ဘုတ်သိုက်၊ အရပ်မားမားကြီးနှင့် ကလန် ကလား လူကြီးကို မြင်ရသည့်အခါသတွေ၊ မျက်မုန်းကျိုးရတာတွေက ပစ်ပစ်နှစ်နှစ်ကို ဆဲပစ်ချင်လာသည်အထိ….

အဲဒါကြောင့် ရှင်ကြီးဆိုသည့် အသုံးအနှုန်းကို ပို၍လေးနက် အောင် လေသံကို အမုန်းတရားများနှင့် ပြင်းထန်စေသည်။

ပခုံးတစ်ချက်တွန့်လျက် အဲဒီလူ ချာခနဲလှည့်ထွက်သွား သည်။ ကားတံခါးကို ဆွဲဖွင့်ပြီးမှ…

"ဒီလိုလမ်းမျိုးတွေထဲမှာ ဆိုက္ကားတွေ၊ ကကတွေက သိပ် ရှားတာ၊ အမိစိတ်ပြောင်းသွားရင်လည်း ဒီက ကားစက်နှိုးမပြီးခင် ပြန်တောင်းပန်နိုင်တယ်"

သူ တမင် ကလိလိုက်တာ…

ဆံပင်တွေ အဖျားမှအစ အရင်းထိ လွင့်ခနဲ ဝဲတက်သွား သည်။ သူ့ကို ကျောခိုင်းပြီးသား ဖြစ်သွား၏။

ဒေါသနှင့် ပြုလုပ်လိုက်နိုင်ခြင်းပေမယ့် လက်တစ်ဖက်က ဗိုက်ကို နှိပ်ထားလိုက်တာ မြင်ရ၏။

သူ စိတ်တော့ သိပ်မကောင်း။

မတတ်နိုင်။

မျက်ခုံးတစ်ချက်ပင့်လိုက်လျက် သူ ကားပေါ် ပြန်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာတည်တည်ထား၍ ကားကို ခပ်မှန်မှန် မောင်းထွက်ခဲ့သည်။

သူမအနားမှအဖြတ်…

ဒေါသအရှိန်ကြောင့်လား…

ဘယ်နေရာက နာသည့်ဝေဒနာကြောင့်လား မသိ။

မျက်နှာတစ်ခုလုံး မာတင်းရှုံ့မဲ့လျက် ဖြစ်နေရှာသည့် ကောင်မလေး…

သူ ဟန်မပျက် ဆက်မောင်းခဲ့လိုက်သည်။

တကယ်ဆို အစကတည်းက ဒင်းကလေးကို မငဲ့ကွက်ခဲ့တာ။ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့။

ဒီအချိန်မှာ အားရကျေနပ်လျက် အောင်စစ်ချီလျက် အောင်မြင်သည့် လမ်းပေါ်မှာ လျှောက်ပြန်ရုံပဲ။ ဒါပေမယ့်…

တစ်ခု ကျန်နေသည်။ ဘာကျန်နေမှန်း မသိ။

မျက်ကွယ်ရာ လမ်းပေါ်ရောက်သည်အထိ သူ့ကားဘီးတို့ နေးကွေးစွာ ရွေ့လျားနေဆဲ…

ဒီမိန်းကလေးကို ပစ်ထားခဲ့လို့ ကောင်းပါ့မလား…

မတွေဝေတတ်သည့်စိတ်သည် ထူးဆန်းစွာ တွေဝေနေ၏။

ဟော…

ဆုံးဖြတ်ခြင်းနှင့်အတူ လှုပ်ရှားခြင်း တပြိုင်တည်း ဖြစ်သွား





သည်။ ကားက ငြိမ့်ခနဲ ဆောင့်ထွက်သွား၏။

"ဟိတ်… ရှူး"

တံခွန် ကားထဲက ခေါင်းထုတ်လျက် အသံပြုလိုက်သည်။

ရှေ့မှဖြတ်တော့မည့် ဆိုက်ကားဆရာ လှည့်ကြည့်သည်။

ဆိုက်ကားအနားမှာကပ်၍ ကားရပ်လိုက်ကာ…

"ဟိုနောက်က လမ်းထိပ်အဝင်ထဲမှာ မိန်းကလေး တစ်ယောက် ဆိုက်ကားခေါ်နေတယ်။ သူ နည်းနည်းအနာရှိနေလို့။ အဲဒါ ခင်ဗျား သွားလိုက်ပါ၊ သူသွားချင်တဲ့နေရာကို သေသေချာချာ ပို့ပေးလိုက်ဗျာ"

"ဟာ… မဖြစ်ဘူး"

ဆိုက်ကားဆရာ ခေါင်းကုတ် ဖင်ကုတ် ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဈေးသွားကြိုရမှာမို့ပါဗျာ၊ အားနာပါတယ်"

တံခွန် မျက်နှာတင်းသွားသည်။

ရှည်ရှည်ဝေးဝေးမရှိပါဘဲ လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ပြီးသား ဖြစ်၏။

"ဈေးမှာ ခင်ဗျားဆိုက်ကားမစီးလည်း အခြားဆိုက်ကားတွေ ပေါပါတယ်ဗျာ၊ ဟိုမိန်းကလေးက ကျုပ်ကားနဲ့တိုက်မိလို့ လမ်းမလျှောက်နိုင်တဲ့လူနာ၊ ဒီနားမှာ ခင်ဗျားဆိုက်ကားပဲရှိတာ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မပို့လို့မရဘူး''

သူ့ကားနှင့်တိုက်မိတာ သူ့ကားပေါ် မတင်သင့်ဘူးလား ဆိုက္ကားဆရာ၏ ရင်ထဲကအတွေး...

သို့သော် တံခွန့်မျက်ဝန်းတွေကြောင့် ဆက်မေးဖို့အစီအစဉ်ကို ဖျက်လိုက်ရသည်။

နောက်ပြီး ကမ်းပေးလိုက်သည့် ပိုက်ဆံတွေ...

ငါးဆယ်တန်တွေ အထပ်လိုက်...

''ရော့... ဒီလောက်ဆို ခင်ဗျားအစီအစဉ်ကို ပြောင်းပေးနိုင်လောက်ပါတယ်နော်... ကဲ... ယူပါဗျာ၊ ကျွန်တော်က အကူအညီတောင်းတဲ့ သဘောပါ၊ ယူပါဗျာ''

ငွေနဲ့ပတ်သက်လာလျှင် တံခွန် အထက်စီးနင်းသဘော မရောက်အောင် တတ်နိုင်သရွေ့ ထိန်းနိုင်သူပါ။

ချိုသာစွာ တောင်းပန်ခြင်းနှင့် ဆိုက္ကားဆရာကို တစ်ချက်ကြည့်၍ သူ ကားဆက်မောင်းခဲ့သည်။

ဒါ မင်းကျေနပ်အောင် မဟုတ်ဘူး။

ဒုက္ခရောက်နေသူကို ကူညီတာ...

သူ့စိတ် သူပြန်၍ သန့်စင်မိသည်။

ဟုတ်သည်၊ ဒီမိန်းကလေးကို သူ အလျှော့ပေးလိုခြင်းမရှိ။

❀❀❀





''ဟဲ့... ဒီလိုဆိုတော့လည်း နင့်လူကြီးက မဆိုးပါဘူးဟယ်''

''ဘာ နင့်လူကြီးလဲ''

''နင့်ကိစ္စထဲက လူလေ၊ အဲဒါ နင့်လူပေါ့''

''တော်စမ်းပါ၊ ငါဖြင့် အဲဒီလူကို အစိမ်းလိုက်''

''ဝါးစားချင်တယ်လား''

''ထွီ... ရွံစရာကြီး၊ နုပ်နုပ် နုပ်နုပ် စင်းပစ်ချင်တာလို့ ပြောမလို့၊ အလကား ယောကျ်ားတန်မဲ့ မိန်းကလေးတစ်ယောက်ကို အနိုင်ယူတာ''

ယမာ တကယ်ဒေါသထွက်ပြန်ပြီဆိုတာ သိသိနှင့် မေရီက အပြောမရပ်။

''ဘာပြောပြောလေ... နင့်ကို ကြင်နာသနားနေလို့သာ နင့်ဆီ ဆိုက္ကားလွှတ်ပေးတာပေါ့၊ ပိုက်ဆံတောင်ပေးလိုက်သေးတာပဲ ဟာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သနားတာမဟုတ်ဘူးဟဲ့၊ ကြောသွားတာ သူ့ဘက်က ရသွားတာ၊ ငါ့ကို ခြေထောက်ကျိုးနေတယ်ဆိုပြီးတော့ ဟင်း..."

"နင်ကလည်း ဘယ်သူ့ကိုကြည့်ကြည့် အကောင်းမြင် မျက်လုံးလေးနဲ့များ ကြည့်ပေးဖို့ စဉ်းစားပါဦး"

"သူများကို မြင်ပေးဖို့ ကြိုးစားမိချင်မိဦးမယ်၊ အဲဒီလူ ငါ တကယ်မုန်းတာ၊ လူတွေ့ရင် မညှာမတာ နိုင်တာနဲ့ခွပ်သွားတာပဲ"

"ဟဲ့... ကြက်ဖကြီးလား"

ယမာ မချိုမချဉ်လေးဖြစ်သွားကာ...

"ဟုတ်တယ် အဲဒီအတိုင်းပဲ"

"နင်ကလည်း ကြက်က လူကိုမခွပ်တတ်ပါဘူး၊ ကြက်ချင်းပဲခွပ်တာ၊ အဟဲ... ဒါဆို နင်လည်း"

"မေရီနော်"

ယမာ လက်ရွယ်လိုက်လျှင် မေရီ နေရာရွှေ့ထိုင်လိုက်တာ လျှပ်ခနဲ...

"ကလင်..."

"ဟော... ဖုန်းလာနေတယ်၊ သွားကိုင်ဦး"

မေရီက အသက်ရှူချောင်သွားသလို ပြောသည်။





"အေးနော်... ထပ်ပြောကြည့်"

လက်ညှိုးလေးထောင်၍ ကြိမ်းလိုက်ပြီးမှ ယမာ ဖုန်းသွားကိုင်၏။

"ဟလို... ရှင်"

"သမီး... ဒယ်ဒီပါ"

"ဟုတ်"

ယမာက မေရီ့ကို လှမ်းကြည့်၍ ပခုံးနှစ်ဖက်ကျုံ့ပြသည်။

"သမီး"

"ရှင်"

"သမီးကို ဒယ်ဒီ ပြောစရာရှိတယ်၊ အရေးကြီးတယ် သမီး၊ ဒယ်ဒီဆီ ခဏလာပါ"

"သမီးမလာချင်ဘူး ဒယ်ဒီ"

"ဘာဖြစ်လို့လဲ သမီး၊ သမီး ဒယ်ဒီ့ကို ခဏခဏ ဆန့်ကျင်နေတာ စော်ကားသလိုဖြစ်နေပြီဆိုတာရော သတိထားမိရဲ့လား"

"မဟုတ်ဘူး ဒယ်ဒီ၊ သမီးပြောသမျှ စကားတွေဟာ ရိုင်းပျကြမ်းတမ်းတာမျိုး ရှိချင်ရှိမယ်၊ ဒယ်ဒီ့ကို ယမာ မစော်ကားဘူး၊ ယမာ့မာနဟာ ယမာ့ဘဝအတွက်ပါ"

"တော်တော့ သမီး၊ မနက်က လုပ်သွားပုံကြည့်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီဟာ အိမ်မှာ အိမ်သားတွေရှေ့မှာ ဒယ်ဒီမွေးထားတဲ့သမီးက ဒယ်ဒီ့ကို စော်ကားသွားတဲ့မျက်နှာ ဘယ်သွားထားရမလဲ၊ ဒယ်ဒီ့ သိက္ခာ ဘယ်အဆင့်အတန်းမှ မရှိတော့ဘူး"

ယမာ နှုတ်ခမ်းကိုမဲ့ပစ်သည်။

"ခွင့်လွှတ်ပေးပါ ဒယ်ဒီ၊ ဒယ်ဒီ့ကို စော်ကားလိုခြင်း လုံးဝမရှိပါဘူး၊ ဒါပေမယ့် ယမာ့ကို မာရေကျောရေနဲ့ အမိန့်လာပေးတဲ့ လူနောက်ကို ခပ်ကုတ်ကုတ်ကလေး လိုက်မသွားနိုင်တဲ့စိတ်ကတော့ အခိုင်အမာပဲ"

"အဲဒါတွေကိုက ခက်နေတာ"

ဒယ်ဒီဒေါသသံက ဖုန်းထဲမှာ ဟိန်းထွက်လာသည်။

ပူပန်မျက်နှာနှင့် ကြီးဆင့် ယမာ့နားကပ်လျက် လာရပ်သည်။

"ဒီမှာ သမီး"

"ဟုတ်"

"အခု သမီး ပိုင်ဂေဟာကို ခဏလာပါ"

"ယမာ ပိုင်ဂေဟာကို ဘယ်တော့မှမလာပါဘူး ဒယ်ဒီ"

"သမီး"

"ရှင်"

"သမီးမာမီရဲ့ပစ္စည်းကို သမီး ဘာဖြစ်လို့ရောင်းစားရတာ





လဲ"

မနေ့က ကြီးဆင့်ကို ရောင်းခိုင်းလိုက်သည့် မြလက်ကောက်ကိစ္စ ဒယ်ဒီသိနေပြီဆိုတာ တွေးဖြစ်၏။

ယမာ ဂရုမစိုက်ပါ။

"ပြောလေ သမီး"

"ယမာ့မှာ အခက်အခဲသိပ်ဖြစ်နေလို့ပါ"

"အဲဒီလက်ကောက် ဒယ်ဒီပြန်ယူထားတယ်"

"ယမာ ရောင်းထားပြီးပြီပဲ ဒယ်ဒီ၊ အဲဒီလက်ကောက်ရဲ့ ရှေ့ရေးက ယမာနဲ့ မပတ်သက်တော့ပါဘူး"

"ကိုယ့်မိဘပစ္စည်းပဲ၊ သမီး ဒါကို မတွေးတော့ဘူးလား၊ မမက်မောတော့ဘူးလား"

မေးရက်လိုက်တာ ဒယ်ဒီရယ်

ထုထည်ကောင်းလှသည့် ခံစားချက်တို့ကြောင့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်တည်လာ၏။

နံဘေးက ကြီးဆင့်ခမျာ ဖုန်းထဲက ဘာများပြောလိုက်ပါလိမ့်ဟု ပူပန်တွေးလျက် ယမာ့လက်မောင်းလေးကို ဆုပ်ကိုင်ပေးထားရှာသည်။

မာမီ့ပစ္စည်းလေး...

ယမာ့လက်ပေါ်မှာ အမြဲတလက်လက် နေရာယူထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အရာ။

မာမီပစ္စည်းဆိုလို့ ယမာ့ကိုယ်ပေါ်မှာ ဝတ်ထားတာလေး တွေပဲ မြတ်နိုးစွာ ဖက်တွယ်ထားခဲ့တာ။

ရောင်းပစ်တဲ့အထိ ယမာ့မှာ အခြွေခြအနေဆိုးနေတာ ဘယ်သူသိလို့လဲ၊ ယမာဟာ မိုက်မဲ့သမီးလား မာမီ...

တမ်းတလျက်... ယမာ တစ်ညလုံး ငိုရှိုက်ခဲ့ရတာတွေ မြတ်နိုးတွယ်တာစွာ မရောင်းရက်ရက်ရှိခဲ့ရတဲ့ ရက်တွေ..

နောက်ဆုံးဆိုတဲ့ အတိုင်းအတာတစ်ခုထိ ယမာ ဖက်တွယ် ထားခဲ့သေးသည့် မာမို့ပစ္စည်းလေးပါ။

ယမာ့မှာ အလုပ်အကိုင်တစ်ခု ဆုပ်မိကိုင်မိ မရှိသေးသည့် ရှေ့နေဆိုသည့် ဘွဲ့ရပညာတတ်တစ်ယောက်မှာ လွန်စွာကျပ်တည်း ခက်ခဲရပါသည်ကို သူတို့ရယ်ကြမလား။

"သမီး ယမာ"

"... ..."

ယမာ ကြိတ်ငိုနေပြီဆိုတာ ဒယ်ဒီရိပ်မိသည်ထင်။

သက်ပြင်းချသံသဲ့သဲ့ကြားရပြီး အတန်ကြာ တိတ်ဆိတ် သွားသည်။

"သမီး..."

"သမီးပစ္စည်းကို ဒယ်ဒီ့ဆီမှာ ပြန်လာယူပါ"

သစ္စာမွန်စာပေ



ယမာ လက်ဖမိုးလေးတစ်ဖက်နှင့် မျက်ရည်သုတ်၍ အံ ကြိတ်လိုက်သည်။

ဒယ်ဒီ... ဒယ်ဒီ့ဘေးက အစွယ်အပွားတွေကို မေ့နေတယ် ထင်ပါရဲ့။

ယမာဟာ ကိုယ့်အဖေအရင်းတစ်ယောက်လုံးကို ကွယ် ရာက မှောင်ထဲက တိတ်ဆိတ်စွာ လက်ဖြန့်မှန့်ဖိုးတောင်းယူရတဲ့ ယမာ ဘယ်တော့မှမဖြစ်စေရဘူး။

နောက်ဆုံးထွက်သက်ထိမကဘူး ဒယ်ဒီ။

ယမာ့ကိုယ်ငွေ့နွေးနေဆဲ ကာလအထိ ယမာ့မာနဟာ ပိုင်ဂေဟာနဲ့ မိသားစုတွေအပေါ် ဘယ်တော့မှ ဘွာမခတ်ဘူးဆိုတာ ယုံ။

"သမီးကို ဒယ်ဒီ ပြောစရာတွေလည်းရှိတယ်၊ ဒယ်ဒီ့ အလုပ်ရုံးခန်းကိုဖြစ်ဖြစ် သမီးလာနိုင်မလား"

"အခုရက်ပိုင်းမှာ ယမာ လုံးဝမအားသေးဘူး ဒယ်ဒီ၊ အမှုသည်တစ်ယောက်အတွက် အတော်လေး အလုပ်ရှုပ်နေတယ်၊ ဒယ်ဒီပြောစရာကုန်ရင် ဖုန်းချမယ်နော်"

"နေဦး သမီး၊ သမီးမာမီလက်ကောက် ယူဖို့ကော"

"ယမာ ပြန်မလိုချင်တော့ဘူး"

ဖုန်းချသွားပြီ။ ဦးသက်ထက်ပိုင် တွေဝေစွာ ရပ်နေဆဲ...

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူအပေါ် ကရုဏာဒေါသတွေ အကြိမ်ဖန်များစွာ ထွက်ခဲ့ရဖူးပြီမို့ ရင်ထဲမှာ စိတ်မကောင်းကြီးစွာဖြစ်ခြင်းတို့သာ အဖတ်တင်၏။

ဒီမိန်းကလေး ဘယ်အတွက်ကြောင့် စိတ်ခတ်ဤမျှ မာကျောနေရပါသနည်း။ ဖူးဖူးမှုတ်ထားချစ်သည့် သမီးလေး၏ပါးကို သူ ရက်စက်စွာရိုက်ပစ်ခဲ့မိတာ တစ်ကြိမ်။

ဒါကို နောင်တများစွာဖြင့် သူ ကြိမ်ဖန်များစွာပဲ ကြေကွဲခံစားနေရသည်။ သမီး၏ တုံ့ပြန်မှုများကဖြင့် နှစ်တွေ တစ်နှစ်ပြီး တစ်နှစ် ရှိနေပြီ။

နာကြည်းခြင်း၊ မာကျောခြင်းများက ဩချရလောက်ပါ၏။ ဒီမြလက်ကောက်ကြီး သူ့လက်ထဲမှာမြင်သွားလျှင် မိမိတို့သားအမိက ဘယ်လိုမှငြိမ်နေကြမှာမဟုတ်။

"အစ်ကိုကြီး ဒီလိုပဲငြိမ်နေတော့မှာလား"

အတွေးတို့က လမ်းတစ်ဝက်မှာ လွင့်ပျောက်ကုန်၏။

ကိုင်ထားဆဲဖုန်းကို အသာပြန်ချ၍ ဒေါ်မိမိသွင်ကို မျက်မှောင်ကုတ်ကုတ်နှင့် လှမ်းကြည့်သည်။

သူမပုံစံက ပျာယီပျာယာ...

"အစ်ကိုကြီးရယ်.. အစ်ကိုကြီးသမီး အငယ်မလေး..."

"ဘာဖြစ်လို့လဲ"





"ဆေးခြောက် လက်ဝယ်တွေ့ရှိမှုနဲ့ အချုပ်ခံနေရတယ်"

"ဘာ..."

သူ့အသံကြီး တုန်လှုပ်စွာ ဟိန်းထွက်သွားသည်။

"နှင့်သမီးက ဆေးခြောက်သုံးနေတယ်ပေါ့"

"မဟုတ်ဘူးရှင့်၊ အဲဒါရှင့်ကြောင့်... အစ်ကိုကြီးကြောင့်သိလား"

သူ့ရင်ဘတ်ကို နှစ်ချက် သုံးချက် ဆင့်ထုပစ်၍ ဒေါ်မိမိသွင် နီးရာဆိုဖာတစ်ခုမှာ ဆောင့်ခနဲ ထိုင်ချသည်။

ပြီးတော့ အသံထွက်လျက် ရှိုက်ငိုလေသည်။

"ဘာလဲ... ဘာ ငါ့ကြောင့်လဲ၊ မင်းသားသမီး ဆေးခြောက်သုံးတဲ့ကိစ္စက ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ပြောစမ်း"

"သမီးလေးက ဆေးခြောက်သုံးတာမဟုတ်ဘူး၊ နှစ်သိမ့်ပေးမယ်ဆိုလို့ အဆွယ်ကောင်းပြီး ကြားထဲက ကယ်ရီလုပ်တာ၊ ခုလိုဖြစ်သွားတာပဲ"

"တောက်..."

"အစ်ကိုကြီး တွေးကြည့်စမ်းပါ၊ တက္ကသိုလ်ကျောင်းသူ တစ်ယောက်လုံးဖြစ်လာမှတော့ ဂုဏ်တုဂုဏ်ပြိုင်နဲ့ သုံးနိုင်ဖြုန်းနိုင်မှ မျက်နှာပွင့်တာ"

"ခုကော မင်းသမီးတွေ ချို့တဲ့နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲရှင့်၊ အဝတ်အစားဆိုရော ဘာများ မယ်မယ် ရရ ဝယ်ရလဲ၊ သုံးတော့စွဲတော့ရော ပိုင်ဂေဟာက သူ့ဒွေးသမီးရယ် လို့ ဘာမှ သူများအားကျအောင် မသုံးနိုင်သေးဘူး၊ ဒီတော့ ကလေး တွေက ငွေမက်ပြီး မမှားသင့်တာ မှားတာပေါ့၊ ခုတော့..."

"တော်စမ်း မိမိ"

သူ့အပေါ် ဒီမျှမအော်စဖူး အော်လိုက်သည်မို့ ဒေါ်မိမိ လန့်သွားသည်။

"တက္ကသိုလ်မှာ မင်းသမီးတွေထက် ဆင်းရဲချို့တဲ့တဲ့သူ တွေ၊ ထမင်းဝရုံကလေးစားပြီး အဝတ်လုံရုံကလေးနဲ့ ပညာရအောင် သင်နေကြတဲ့သူတွေ၊ အဲဒီလူတွေ ဘာကြောင့်မပျက်စီးကြလဲ၊ ဘာလို့ သူများ ငွေပေးခိုင်းတိုင်း မလုပ်လဲ၊ မင်းလိုမအေကိုက အတွေးအခေါ် အသုံးမကျတာ"

"ဘယ်သူအသုံးမကျလို့လဲတော့ မသိဘူး၊ အခုတော့ သမီးလေး အချုပ်ခံနေရပြီ ဟီး ဟီး..."

"ဒီကောင်မလေး အနေအထိုင် မဟုတ်တာတွေ မကြာ ခဏ တွေ့နေရလို့ မင်းကို ငါ ဘာပြောထားလဲ၊ ဒီမှာ မိမိ၊ သမီး မိန်းက[illegible]းဆိုတာ မိခင်နဲ့ အနီးကပ်စောင့်ကြပ် ဆုံးမရမှာတွေ၊ သမီးအနေအထိုင်ကောင်းဖို့ အစစအရာရာ ဗိုင်းကောင်းကျောက်ဖိနဲ့ ရည်မွန်ယဉ်ကျေးဖို့ အဲဒါတွေဟာ မိခင်လုပ်ရမ[illegible]တာဝန်တွေ၊ မင်း





ဘာမှငါ့ကို လာအပြစ်တင်နေဖို့မလိုဘူး"

ဒေါ်မိမိ မကျေမနပ်မော့ကြည့်နေလျှက် ဘာမှပြန်မပြော။

"တကယ်ဆို ဒီအခြေအနေထိ ဖြစ်ကုန်တာ ပတ်ဝန်းကျင် မှာ ပိုင်ဂေဟာအနေနဲ့ ဘယ်လောက်သိက္ခာကျလဲ၊ ငါ့မျက်နှာ ဘယ်လိုထားရမလဲ၊ တိုင်းပြည်အုပ်ချုပ်ရေးမှာရော ဒီလိုမူးယစ် ဆေးဝါးနဲ့ပတ်သက်ပြီး ဘယ်လိုပြင်းထန်တဲ့ ဥပဒေနဲ့ ပြဋ္ဌာန်းတား မြစ်ထားလဲ၊ ဒါ မင်းတို့မသိလို့လား၊ ဒီကိစ္စ ငါ ဘယ်လိုမှ ဆောင်ရွက်ပေးနိုင်မှာမဟုတ်ဘူးဆိုတာ သေချာတယ်"

"ဘာ... ဘယ်လိုပြောလိုက်တယ်၊ ဘယ်လိုပြောတယ် အစ်ကိုကြီး၊ လီလီက အစ်ကိုကြီးရဲ့သမီး မဟုတ်ဘူးလား၊ လီလို့ ကို အစ်ကိုကြီးက မျက်ကွယ်ပြုရက်တယ်ပေါ့"

ဦးသက်ထက်ပိုင် မျက်နှာကြီးရှုံ့မဲ့နေလေသည်။

"ရက်စက်လှချေလား အစ်ကိုကြီးရယ်၊ ဟင့်...ဟီး ဟီး"

နာကြည်းသံနှောလျှက် ဒေါ်မိမိ အော်သံက တုန်ခါနေ သည်။

"မင်း တိတ်စမ်း မိမိ၊ ဘေးလူကြားလို့ မကောင်းဘူး"

"ကောင်းကောင်း မကောင်းကောင်း မိမိကတော့ ငိုမှာပဲ၊ ဖအေတစ်ယောက်လုံးက သမီးထောင်ကျမယ့်ကိစ္စကို မတတ်နိုင် ဘူးလို့ ပြောတာကျတော့ သိပ်ကို ကြားကောင်းတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သူ သက်ပြင်းချလိုက်ရပြန်ပြီ။

မယားဖြစ်သူကို ကြင်နာစွာကြည့်၍ သူ ဆိုဖာမှာ ဝင်ထိုင်သည်။

""ဒီကိစ္စက အပူတပြင်းလုပ်လို့မရဘူး၊ စဉ်းစဉ်းစားစား လုပ်မှဖြစ်မယ်""

""ဘာမှစဉ်းစားဖို့မလိုဘူး အစ်ကိုကြီး၊ မိမိတို့မှာ ငွေရှိတယ်၊ ပြီးတော့ သမီးလေးမှာ ဒီကိစ္စမျိုး နာမည်ပျက်ရှိခဲ့ဖူးတာ မဟုတ်ဘူး၊ ကျောင်းတက်နေတဲ့ကလေး၊ မိမိတို့ဘက်မှာ အမှန်တရားတွေ အများကြီးရှိတယ်""

""အဲဒီအမှန်တရားဆိုတာ ပြန်ရဖို့ ငွေတွေအများကြီး ကုန်ရတော့မယ်၊ တကယ်ဆို ကိုယ့်အိမ်အတွင်းရေးကို မင်းရော သူတို့ပါ အသိ၊ ကိုယ့်မှာ ဟန်သာရှိတော့တာ ဘာကျန်တော့လို့လဲ""

ဒေါ်မိမိ တစ်စုံတစ်ရာကို တွေးမိသွားသည်။

လင်ဖြစ်သူကို ဖျတ်ခနဲကြည့်၏။

""ဟိုပစ္စည်းတွေကို အစ်ကိုကြီး လုံးဝမထိတော့ဘူးလား ဒါ အစ်ကိုကြီးသမီးရဲ့ သေရေးရှင်ရေးလေ""

ဟိုပစ္စည်းဆိုတာကို သူသိသည်။

ကျပ်သည်းစွာ ပင့်သက်ရှိုက်မိ၏။

သစ္စာမွန်စာပေ



""ဘယ့်နှယ်လဲ၊ အလုပ်အဆင်ပြေရဲ့လား ယမာ""

""ပြေပါတယ်၊ သူတို့က စည်းကမ်းကြီးပေမယ့် စနစ်တကျရှိတယ်၊ ကိုယ့်အတွက်တော့ မကျဉ်းကျပ်ပါဘူး၊ ကလေးတွေကလည်း ပျော့ပျော့ပြောင်းပြောင်းလေးတွေပဲ""

""ပြီးရော... ငါဖြင့် အဆင်မပြေမှာကို ပူလိုက်ရတာ""

ဟူးခနဲ လေပူမှုတ်ထုတ်ရင်း မေရီ ဝင်ထိုင်လိုက်သည်။

အလုပ်ကတစ်ဖက်၊ သူ့အတွက် ပြေးပြေးလာပြီး ပူရတာ တစ်ဖက်နှင့် သူငယ်ချင်းမျက်နှာသေးသေးလေးကို ပြုံးနေလျက် စိုက်ကြည့်မိသည်။

ဆံပင်တိုတို ဂုတ်ဝဲလေးက ခပ်အုပ်အုပ်နှင့် မျက်နှာသေး သွယ်သွယ်လေးရှိသော ညိုတိုတို ရှေ့နေမလေး မေရီခင်သည် ယမာ့ဘဝရဲ့ အဖော်ကောင်းတစ်ဦးရယ်ပါ။

""ဟဲ့... ဘာကြည့်နေတာလဲ၊ ဒီမှာမောလာတာ သံပုရာရည်လေး ဘာလေး ဖျော်တိုက်မယ်မရှိဘူး""

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောရင် ယပ်ခတ်ပေးမယ် ဆရာမ၊ သကြားလည်း မရှိဘူး၊ သံပုရာသီးတစ်လုံး နှစ်ဆယ် အစိတ်နဲ့လည်း ဝယ်မထားနိုင်တော့ဘူး၊ ဝမ်းနည်းပါတယ်"

အဟုတ်ပဲ ယပ်တောင်လေးကိုင်လျှက် လာထိုင်တော့ မေရီ့ မျက်နှာ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားသည်။

"အဲသလောက်ပဲ ကြွားသလားဟယ်၊ ဒါဖြင့်လည်း ရေလေးပဲ တစ်ခွက်လောက် ခပ်ပေး"

"အဲဒီ နှင့်ရှေ့မှာ ရေချိုင့်ကြီး၊ ကြိုက်သလောက် ခပ်သောက်"

"မသောက်ချင်ဘူး၊ အိုးထဲကရေပဲ သောက်မယ်"

"ရှော့… သမီးရေ၊ ကြီးဆင့် ခပ်လာပြီ"

သောက်ရေခွက်ကလေးနှင့် ကြီးဆင့် ဝင်လာသည်။

"အယ်… ကန်တော့ကြီးဆင့်၊ အဲဒီမိန်းမ အလိုက်မသိလို့ ကန်တော့နော်"

ကြီးဆင့် အပြုံးမပျက် ရှိသည်။ ဖန်ခွက်ထဲကရေ တစ်စက်မှမကျန်တော့အောင် မေရီ တစ်ရှိန်ထိုး မော့သောက်သည်။

"အမလေး… ကောင်းလိုက်တာဟယ်၊ နှင့်အိမ်ကရေ အရမ်းကိုအေးတာပဲ၊ လမ်းမှာကတည်းက ရေငတ်နေတာ သိလား၊ မနည်းအောင့်ထားရတယ်"





"ဘာလဲ… ရေခဲရေတစ်ခွက် ငါးဆယ်တောင် မပေးရက်ဘူးဆိုတော့ တူးသောင်စင်နိုင်းမှာ လင်ယူမယ့်စီမံကိန်းရှိနေပြီ ထင်တယ်"

"အေး… လင်တော့ လိုချင်သား၊ ဒါပေမယ့် လက်မလွှတ်သေးတဲ့ သမီးတစ်ယောက်ရှိနေသေးလို့၊ သူ့ကို အရင်ပေးစားပြီးမှပဲ ငါလင်ယူမယ်"

"အပျိုစင်စစ်က ဘယ်ကသမီးတွေ ဘာတွေ ကောက်ရလိုက်တာလဲ"

"ဘယ်ကသမီးကမှာလဲ၊ အဲဒီမှာ ငုတ်တုတ်ကြီး ထိုင်နေတဲ့ သမီးလေ"

သူ့ကို မေးထိုးတော့မှ ယမာ သဘောပေါက်ရသည်။

ပစ်ပစ်နှစ်နှစ်ဆဲသံထွက်၏။ မေရီကတော့ ခပ်တည်တည်။

"ဟုတ်တယ်လေ၊ အဲဒီသမီးက မာနကလည်း ခပ်ကြီးကြီး၊ လုပ်စရာရှိရင်လည်း စွတ်ရွတ်လုပ်တတ်လွန်းလို့ အချိန်တိုင်း တွေးပူနေရတယ်၊ သူလင်ရမှ အေးမှာ၊ အဲဒီကျမှ သူ့လင်ကပဲ…"

"တော်တော် အကောင်းမှတ်နေတယ်၊ သူက ကျုပ်ကို ကောင်းကောင်းဆုပေးနေတာကိုး၊ ဒီမှာ မိန်းမ၊ ရှင် လင်လိုချင်နေလည်း လွှတ်လပ်စွာယူနိုင်တယ်၊ သူများကို ဘာမှဆွဲမထည့်နဲ့"

"ထည့်ရမယ်၊ ထည့်ရမယ် ငါ့မှာတော့ သူ့အတွက် ပူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ၊ လာလိုက်ရတာ၊ သူကတော့ လုပ်စရာရှိရင် ဘာမှ မတိုင်ပင်ချင်ဘူး၊ ထင်ရာလုပ်ပြီးမှ လာပြော၊ ဟင်း… ပြောကို မပြောချင်ဘူး"

"မပြောချင်လည်း မပြောနဲ့"

နှစ်ယောက်သား ပြိုင်တူမျက်စောင်းထိုးဖြစ်သွားသည်။ ကြီးဆင့်ကတော့ သဘောတကျရှိနေတော့သည်။

"ကြီးဆင့်"

"ဟေ"

"ယမှာ အလုပ်ထဲမှာ ပြောင်းနေတော့မလို့ဆို"

ကြီးဆင့် မျက်နှာပျက်သွားသည်။ ယမှာကို ဖျတ်ခနဲ ကြည့်သည်။

"သမီး စိစဉ်တာပဲကွယ်၊ ကြီးဆင့်သဘောကတော့ ကြီးဆင့်ဟာ လှုပ်ရှားရှင်သန်နေနိုင်သေးသရွေ့ သမီးရဲ့နားမှာပဲ အမြဲရှိနေချင်တာပါ"

ဘယ်လိုလဲဟူသော အမေးတို့နှင့် မေရီ သူ့ကို လှမ်းကြည့်သည်။ သကပြင်းရှည်ကြီးနှင့်အတူ ယမှာမျက်နှာလေး ညှိုးလျှော့သွားသည်။

"နှင်စဉ်းစားကြည့်စမ်း မေရီ၊ မအူပင်က ကြီးဆင့်ရဲ့ ဆွေမျိုးတွေ လိုက်လာကြတယ်"





"ဟင်"

"ကြီးဆင့်ရဲ့ မြေးမလေးဟာ အသက်ဆယ့်သုံးနှစ်ကျော်နေပြီ၊ ဖအေက ရှတ်တရက်ဆုံးသွားတော့ တစ်ယောက်တည်းဖြစ်နေတယ်၊ အိမ်ရယ်၊ ခြံရယ်၊ သစ်သီးဝလံလေးတွေ စိုက်ထားတဲ့ ခြံရယ်၊ အဲဒီကလေးမလေးရယ်ဟာ ကြီးဆင့်ရဲ့ အုပ်ထိန်းမှုကို လိုအပ် တပ်မက်စွာ စောင့်နေကြတယ်"

မေရီ ငြိမ်သက်စွာ နားထောင်နေ၏။

"သူတို့ပြောပြတာတွေအရဆိုရင် ကောင်မလေးက အခုမှ ရှိနေသေးမှန်းသိရတဲ့ သူ့ဘွားအေကို အားကိုးတကြီး မျှော်လင့်နေရှာတာ၊ တစ်ကောင်ကြွက်မဟုတ်ဘူးဆိုတဲ့ အင်အားတွေနဲ့ ဘွားအေ အလာကို မျှော်နေရှာမှာ၊ ကြီးဆင့်ရင်ထဲမှာကော ဘယ်လိုနေမလဲ"

မေရီက ကြီးဆင့်မျက်နှာကို အကဲခတ်သည်။ ထူးခြားသော ခံစားချက်မျိုး ရှိမနေပါ။

ယမှာမျက်နှာလေးကို ငေးစိုက်ကြည့်နေလျက်။

"ဒါဖြင့် ဒီကိစ္စ နှစ်ဦးသဘောတူဆုံးဖြတ်ပြီးကြပြီပေါ့"

"ငါက ဆုံးဖြက်ပေးတာပါ၊ ဒါ အလုပ်ကောင်းဆုံးပဲလေ၊ ငါ့အပေါ် ကြီးဆင့် ဒီလောက်ထိသံယောဇဉ်ကြီးတာ၊ အနှံ့တာခံတာကိုပဲ ငါ ကျေနပ်လှပါပြီ၊ ထင်သလို ဖွတ်ဆုံးဖြတ်၊ ဖွတ်လုပ်နေပေမယ့် ငါ့မှာ အသိုင်းအဝန်းနဲ့ မိဘနဲ့ရှိသေးတယ်၊ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးက အားကိုးစရာ ကြီးဆင့်တစ်ယောက်တည်း''

မေရီ ခေါင်းညိတ်လက်ခံလိုက်ရလေသည်။

ပြောပြတာတွေ အားလုံးဟုတ်နေသည်လေ။

''အဲဒီ လာခေါ်တဲ့လူတွေရော''

''ပြန်သွားကြပြီ၊ လိုက်သာသွားပါ ကြီးဆင့်၊ ယမာ့အတွက်ကို ဘာမှမပူပါနဲ့၊ ဒီကြားထဲ အဆက်အသွယ်လည်း ဖြတ်မှာမှ မဟုတ်တာ''

''သမီးရဲ့အလုပ်ထဲမှာ စိတ်ချရပါ့မလား''

''အေး… နင့်လို ညအိပ်ဝန်ထမ်း ဘယ်နှစ်ဦးရှိလို့လဲ''

နှစ်ဦးစလုံး ပူပန်စွာ မေးမြန်းကြသည်။

ယမာက ယုံကြည်စွာပဲ ခေါင်းညိတ်၏။

''သီတာလေးမြင့်ရှိတယ်လေ၊ သူလည်း ငါ့လိုပဲ၊ အဲ… ဟို… သူက ငါ့ထက်တောင် အသိုင်းအဝန်းနဲ့ ပြေပြေလည်လည်ရှိသေး၊ အလုပ်ဆင်းလာတာတောင် ကိုယ်ပိုင်ကားနဲ့၊ ပြီးတော့ တစ်ဦးတည်းသော သမီး''

''သြော်… သိပြီ၊ နင့်ဆီ ငါ ဟိုတစ်ခါရောက်လာတုန်းက နင့်နဲ့အတူထွက်လာတဲ့ အမျိုးသမီးမို့လား၊ တကယ့်အပျံစားပဲလေ''

''ဟုတ်တယ်၊ တစ်ကျောင်းလုံးမှာ ဆရာမလုပ်တာ





ခြောက်ယောက်ရှိတယ်၊ သူရယ် ငါရယ်ပဲ လူလွတ်ပါတာ၊ အားလုံး အိမ်ထောင်သည်တွေချည်းပဲ''

''ညအိပ်နေတဲ့သူကော''

''သူနဲ့ မကရင်မ နှစ်ယောက်ပဲ''

''အေး… သူတို့လုပ်ငန်းကလည်း တော်တော်တိုးပွားလာတာနော်၊ ကလေးတွေဆို အများကြီးပဲ''

''ဟုတ်တယ်၊ အားလုံးချေးသေးလွတ်တဲ့ အရွယ်တွေပဲ၊ ငါးနှစ်ကျော်ကျော်တွေလေ၊ ဒီထက်ကြီးတာတွေက များတယ်၊ ကလေးတွေက ဘဝမျိုးစုံက လာတာဆိုတော့ အားငယ်နေတာတွေ၊ တစ်ဖက်သတ်တွေးပူနေ၊ ကြောက်နေတတ်တာတွေ အားလုံးကို ပြန်ပြီးတည့်မတ်ပေးနေရတယ်၊ တစ်ခုတော့ ကံကောင်းပါတယ်၊ ကလေးတွေထဲမှာ သိပ်ရိုင်းစိုင်းဆိုးရွားတာမျိုး မပါဘူး၊ အထူးသဖြင့် အမေးအမြန်းထူတာလေးတွေပဲ၊ အဟင်း…''

''ကြည့်လုပ် မိန်းမ၊ အသုံးလုံးတွေကြားထဲနစ်ပြီး လျှောက်လွှဲချက်ကလေးတွေ၊ စီရင်ထုံးဥပဒေလေးတွေပါ မေ့ကုန်ဦးမယ် ရှေ့နေကြီးရယ်''

နှစ်ယောက်သား အာရုံပြောင်းသွားမိကြတာ ကြီးဆင့်ထသွားတာပင် သတိမထားမိလိုက်ကြ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၇

"မမ... မမ ရပ်၊ ခဏရပ်ဦး"

"ဘာလဲဟ... အလန့်တကြား"

ပြောလည်းပြောလျက် တကယ့်ကို အလန့်တကြားပဲ ဘရိတ်ကိုဆောင့်ဆွဲပစ်လိုက်သည်မို့ စက်ဘီးလေးက တုံ့ခနဲ ရပ်သွား၏။

ခုန်ချအံ့ဆဲဆဲ လီလီသွင့်မျက်နှာက ကျောပြင်မှာ အင့်ခနဲ လာဆောင့်၏။

"အာ... မမကလည်း အရမ်းချည်းပဲ"

"အမယ်... ဒီမှာလည်း နာတာပဲ၊ ကျောကို အောင့်သွားတာပဲ နင် ဘာဖြစ်လို့ အလန့်တကြားထအော်လဲ၊ လန့်ပြီး ရပ်လိုက်တာပေါ့"





သူမ နှာခေါင်းရှုံးလေးကို တဖွဖွပွတ်နေရင်း လီလီသွင် အစ်မဖြစ်သူကို စိတ်ပျက်စွာ ကြည့်မိသည်။

"အလန့်တကြားရမှာပေါ့ မမရဲ့၊ ဟိုလမ်းထိပ်က အနက်ရောင်ကားကြီး မမြင်ခဲ့ဘူးလား"

"အအေးဆိုင်ရှေ့ကလား"

"အင်းပေါ့"

မူမူသွင် စက်ဘီးကို ဖြည်းဖြည်းလေး လှိမ့်တွန်းရင်း မျက်မှောင်ကုတ်သွားသည်။

"မမ အဲဒါခက်တာပေါ့၊ ဒီလိုနံပါတ်နဲ့ ဒီလိုဘော်ဒီနဲ့ ကားမျိုး မြန်မာပြည်မှာ ငါးစီးပြည့်အောင် ရှိသေးလို့လား"

"ကဲ... ဘာလဲ၊ ကားအမျိုးအစားတို့၊ ဒိတ်တို့ကို ကြေညာဦးမလို့လား၊ တော်တော့... အဲဒါ ဘယ်သူ့ကားလဲ၊ နင်က ဘာပြောမလို့လဲ"

"ကောင်းပြီ၊ တိုတိုပဲပြောမယ်၊ အဲဒါ မမခင်ပွန်းလောင်းကြီးရဲ့ ကားပဲ၊ မမ မျက်နှာချင်းဆိုင်ဖြစ်အောင် ကြိုးစားကြည့်မလား၊ ဒါပဲ"

"ဘယ်သူ... ဘယ်သူ"

အနည်းငယ် ရိပ်မိလိုက်သည်။

ရင်တစ်ခုလုံး ဗရမ်းဗတာ လှုပ်ယမ်းသွားသလို ဖြစ်၏။



www.burmeseclassic.com

"တံခွန်လေ... နေတံခွန်နဲ့ မိဘမဲ့ကလေးတွေကို ပညာသင်ကြားရေး ဦးစားပေးနေတဲ့ 'အမေ့ရင်ခွင်' ပိုင်ရှင် တံခွန်ဦးတံခွန်တဲ့၊ ရှင်းရဲ့လား"

"ဟင်..."

တွန်းနေသည့်စက်ဘီးက တုံ့ခနဲ ရပ်သွားသည်။

နောက်သို့ လှည့်လေးလိမ်၍ ပြန်ကြည့်မိသည်။

အောင်နိုင်သူအပြုံးမျိုးနှင့် လီလီသွင် ကြည့်နေ၏။

"ဟဲ့... အဲဒါ ငါက ဘာလုပ်ရမှာလဲ၊ ပြောဦးလေ"

"ဘာလုပ်ရမှာလဲ"

စကားမဆက်တော့ဘဲ လီလီသွင် စက်ဘီးနောက်ဘီးနားမှာ မုဆိုးဒူးထောက် ထိုင်ချလိုက်သည်။

ပြီးတော့ လေထိုးထားသည့် ကျွတ်တိုင်လေးကို လှည့်လိုက်၏။

"ဖွတ်... ရှူး"

တင်းမာနေသော လေတွေ တစ်လုံးတည်းဆောင့်ထွက်ကုန်သည်။ တာရာက ပြားခနဲကျသွားလျက် စက်ဘီးခွေက ကတ္တရာလမ်းပေါ်ထိ ကပ်သွား၏။

လီလီသွင် ဘာလုပ်တာကို သူမ သိသည်။

နောက်သို့ လှမ်းမျှော်ကြည့်လိုက်၏။





"သူက ဒီလမ်းက လာမှာမဟုတ်ရင် ဘယ်လိုလုပ်မလဲ၊ နင်က စွတ်လုပ်တာပဲ"

"ဟောဒီလမ်းက လာကိုလာမှာ၊ ဟော... ဟော... လာပြီ မမ၊ ဣန္ဒြေရရနေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဖေဒါရောင် ဝမ်းဆက်နှင့် ဆံပင်ရှည်လေးက ပခုံးအောက်နားထိ ဝဲနေသည်။

တစ်ယောက်က ပန်းကေလို တိုကပ်ကပ်ဆံပင်လေးနှင့် ရဲရဲနီနေသည့်ဝတ်စုံက ထင်ထင်ရှားရှား။

ခပ်ကျဲကျဲ သွားလာနေကြသည့် ကားတွေကို သတိမထား သူ့ဆီကို တစိုက်မတ်မတ် ကြည့်နေကြသည်။

ခပ်ဖြည်းဖြည်းမောင်းလာသည်မို့ မြင်ကွင်းထဲမှာ ရုပ်ပုံတို့က တဖြည်းဖြည်းမှ ထင်ရှားလာသည်။

နီနီကောင်မလေးကို သူ မြင်ဖူးနေသလိုလို၊ သိနေသလိုလို၊ အဲဒီကောင်မလေးကပဲ သူ့ကားကို တားနေပြီ။

"ကိုကြီး… ကိုကြီးကားမှန်းသိလို့ စောင့်နေတာ၊ လီလီတို့ စက်ဘီးဘီးပေါက်သွားလို့၊ အဲဒါ ကူညီပါဦး"

"မင်းကို ငါမသိဘူး"





"ဟုတ်မှာပေါ့၊ ကိုကြီးက အလုပ်များတဲ့သူပဲ၊ လီလီက လီလီသွင်လေ၊ မမက လီလို့မမ မူမူသွင်တဲ့၊ ပိုင်ဂေဟာပိုင်ရှင် ဦးသက်ထက်ပိုင် + ဒေါ်မိမိသွင်တို့ရဲ့ သမီးတွေပေါ့"

"ဩော်"

ခပ်လေးလေး ဩော်သံထွက်၏။

မျက်ဝန်းအစုံမှာ အေးစက်ခြင်းအငွေ့တွေ လွှင့်ဝဲလာ သည်။ သူကြားဖူးခဲ့သည့် ပိုင်ဂေဟာက ညီအစ်မဆိုတာကို…

သူ ချက်ချင်း ဂီယာဆွဲသည်။

"ဟာ… ဟာ… ကိုကြီး နေဦးလေ၊ လီလီတို့ကို လိုက်ပို့ပါဦး၊ အိမ်ကို လိုက်မပို့အားရင်တောင် ဒီနားလေထိုးလို့ရတဲ့ တစ်နေရာရာပေါ့"

"ဟုတ်ပါတယ် အစ်ကိုကလည်း၊ မူတို့က အစ်ကို့ကားပဲ ဆိုပြီး အားကိုးတကြီး စောင့်နေတာ"

ပြောဖြစ်တော့မည့်စကားကို နှုတ်ခမ်းစေ့ထားလျက် ပြန်ထိန်းသည်။ မျက်မှောင်ကုတ်ထားလျက် သူ စဉ်းစား၏။

"ဆောရီးပဲကွာ၊ တို့က သွားစရာအရေးကြီးနေတယ်၊ ဒါပေမယ့် ရတယ်လေ၊ ကားတစ်စီးငှားပေးလိုက်မယ်"

သူ ကားကို သော့ပိတ်ပစ်၍ အပြင်ထွက်လာသည်။

မြင့်တာထက် ပိုချင်သလိုလိုရှိနေသည့် သူ့အရပ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မှုမှုသွင် ခပ်ငေးငေးလေး မော့ကြည့်မိသည်။

ကျားလျားကျစ်လျစ်သည့် ကိုယ်ဟန်က ချပ်ချပ်ယပ်ယပ် ရှိနေသည့် ဇိုက်ပြင်ကြောင့် ခပ်နွဲ့နွဲ့ပြောင်းသည်။

ရခိုင်ပုဆိုး ကြည်ပြာကွက်စိပ်လေးနှင့် ရှပ်လက်တိုအပြာ ရောင် နုဖတ်ဖတ်က လိုက်ဖက်လှသည်။

တစ်ခုပဲ မကောင်းတာ။

သူ ဘာဖြစ်လို့ အဲဒီဆံပင်ဘုတ်သိုက်အရှည်ကြီးကို မညှပ် တာလဲ။ ရှည်လိုက်သည့်ဆံပင်ကြီးက ပခုံးအောက်ပဲ ရောက်တော့ မည်။

ဘောင်းဘီရှည်နှင့် အနောက်တိုင်းဝတ်စုံသာ ဝတ်ထား မည်ဆိုလျှင် လူတိုင်းငေးနေလောက်အောင် ကြည့်ကောင်းမှာ အသေ အချာ။

သူမ တံခွန့်ကို ငေးနေမိသလောက် လီလီသွင်ကတော့ စိတ်ထဲမှာ ပစ်ပစ်နှစ်နှစ်ကို ကျိန်ဆဲနေတာ။

ဘယ်နှယ့်… ဒီလောက်ပဲ ဘဝင်လေဟပ်နေရသလား။

သူ့အစ်မ မှုမှုသွင်ကို မသိမသာ ပြန်ကြည့်မိ၏။

စုလှိုင်နှင်းကို ပိတ်ကားပေါ်မှာ လှတယ်ဆိုတာ မမကို မှီပါ့မလားပဲ။

မျက်လုံးပြူးဝိုင်းဝိုင်းလေးက နက်ေ◌ ်င်ကြည်လဲနေလျက်၊





နှုတ်ခမ်းလေးတွေ အလွန်လှသော မမပါ။

ဘယ်နေရာမှာမဆို ယောက်ျားလေးအတော်များများ သမင် လည်ပြန်လိုက်ကြည့်ရတဲ့ မမ။

ဒင်းက လူပါးဝလို့…

ပြီးတော့…

ပိုင်ဂေဟာရဲ့မျက်နှာကိုမှ မထောက်။

သူမကတော့ မိဘအရှိန်အဝါကို အရေးတယူ ဖွင့်ပြလိုက် ရတာ…

ခေါ်လုံး မောလုံးတွေ ကျပ်သိပ်လျက် လီလီသွင် လက်သီး ဆုပ်ထားလိုက်ရသည်။

နေနှင့်ဦး… ဒင်း။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

“ဘယ့်နှယ်လဲ၊ အဆင်ပြေရဲ့လား ကျော်ကျော်”

“အားလုံး အိုကေပဲ အစ်ကို၊ အစ်ကို ဘာသောက်မလဲ

အပူလား..အအေးလား”

“အအေးလေးပဲ လုပ်ကွာ”

ကလေးထိန်းကျောင်းဆိုပေမယ့် ခြံနှင့်ဝန်းနှင့် အကြီး

အကျယ် တခမ်းတနားမို့ တံခွန့်လုပ်ငန်းက တစ်ဟုန်ထိုး တိုးတက်

လာသလို လူသိအတော်များနေပြီ။

ကလေးတွေကို ထိန်းကျောင်းဖို့၊ စာသင်ဖို့၊ နေရေး ထိုင်ရေး

ကျန်းမာရေးတွေကအစ စနစ်တကျ ထိန်းကျောင်းတည့်မတ်သွားနိုင်

ဖို့ သူ့နေရာနဲ့သူ၊ အရည်အချင်းရှိသူတွေ ထောင့်စေ့အောင်ရှိနေသည်

သူ့လုပ်ရပ်အပေါ် တံခွန်ကျေနပ်စွာ တွေးနေမိသည်။





သူသည် ညီမလေး မရှိတော့သည့်နောက် တစ်ကောင်

ကြွက်ပေမဲ့ ခင်တွယ်စရာ၊ ထောက်ပံ့စရာ ဘာဆွေမျိုး၊ ဘာအသိုင်း

အဝိုင်းမှလည်း ရှိသူမဟုတ်။

ရှာလို့ရသမျှ ရွှေ ငွေ စီးပွားဥစ္စာအားလုံးသည် သူ့အတွက်

တော့ ဘာမှ မက်မောစရာမရှိပါ။

သောက်စားပျော်ပါးခြင်းဖြင့် သူခဲလေသမျှ သဲရေကျသလို

ဖြစ်ရလျက် ဘဝပျက်ရမှာမျိုးတော့ လုံးဝအဖြစ်မခံနိုင်။

သူဆန္ဒ ပြင်းပြတပ်မက်စွာ ရှိမနေပါသော်လည်း ငွေသည်

ဘဝအတွက် မရှိမဖြစ် ရှိကိုရှိရမည့်အဖော်ဆိုတာ ခိုင်မာစွာ ယုံကြည်

ထားသည်။

ငွေ...

ငွေကြောင့် သူ့ဘဝ ပျက်ခဲ့ရပြီ။

ငွေကြောင့် ဘဝတစ်ခု ဆုံးသွားခဲ့ပြီ။

ငွေရှိသူတွေ ငွေကြောင့် မာန်မာန ကြီးနေသူတွေအားလုံး

ကို ရွံ့ရှာစက်ဆုပ်လျက် ငွေကို သူ သိပ်မုန်းသည်။

မုန်းစရာ၊ ရွံစရာကောင်းသည့်ငွေသည်လည်း သူ့ထံမှာသာ

စုပြုံတိုးဝင်နေရော့လား။

တံခွန် ဘာပဲလုပ်လုပ် ဆေးစက်ကျရာ အရုပ်ထင်သည်။

လက်တစ်ချက်လှုပ်၊ ခြေတစ်ဖက်ရွေ့လိုက်တာနှင့် ငွေက



www.burmeseclassic.com

www.burmeseclassic.com



ဖွေးခနဲ ဝေါခနဲ။

သူဘာပြောပြော စိတ်ဆိုးမည့်သူမရှိ။

ဘယ်လိုနေနေ အထင်တကြီးရှိတတ်ကြသည်။

တံခွန်ဆိုတဲ့ကောင် အလကား ဘဝမြင့်ရှူးနေတဲ့ကောင်လို့ ပြောမလား၊ ပြောစမ်း။

ကျုပ်မပြည့်တဲ့ကောင်၊ လူမှုရေး နားမလည်တဲ့ကောင်.. ပြောလေ.. ကြိုက်သလိုပြောဆို ဝေဖန်စမ်းပါ။

တံခွန်ဆိုတာ မှန်တယ်ထင်ရင် ရှေ့တည့်တည့်က ဓားနဲ့ ပြေးခုတ်တာတောင် ရှောင်ချင်မှရှောင်မှာ။

လူတွေအပေါ် သူ့စိတ်တွေက ရက်စက်ချင်နေသည်။

အားလုံးကို ပြတ်သားအနိုင်ယူနိုင်အောင် ကြိုးစားလိုက်ရတာတွေနည်းလား။

"ရပြီ အစ်ကို"

"နှစ်နာရီခွဲတော့မယ်.. ကလေးတွေ အားလပ်ချိန်မဟုတ်ဖူးလား"

"ဟုတ်ကဲ့...ဟုတ်တော့ ဟုတ်ပါတယ်အစ်ကို၊ ဟို..အဲ... အဲ..အဲဒါပြောမလို့၊ အစ်ကိုကလည်း မကြာမကြာ ခရီးထွက်နေတာနဲ့ ဒီကိုလည်း အလာကျဲတော့"

"ကဲ...ပြောမှာ ပြောစမ်းကွာ၊ အဲဒါ ဘယ်လိုတွေ ပြောင်း





လဲကုန်လို့လဲ"

ကျော်ကျော် မျက်စိမျက်နှာပျက်ပျက်နှင့် ခပ်ရှိုးရှိုးဝင်ထိုင်သည်။

"ဟို.. ဒီလိုပါ အစ်ကို.. ဆရာမတစ်ယောက်က ပြီးခဲ့တဲ့ ဆန်းဒေးတုန်းက ကျွန်တော်နဲ့ လာဆွေးနွေးသွားပါတယ်၊ ရာသီဥတုက ပူလာပြီတဲ့၊ ကလေးတွေ နားချိန်ကို အချိန်ပြောင်းပေးဖို့ပါ၊ ဟုတ်လဲဟုတ်တယ်ဆရာ၊ ကလေးတွေက နားချိန်ဆိုပြီး ကစားကွင်းထဲပဲ ပြေးပြေးဆင်းကြတာ"

"အဲဒီဆရာမက..အဲဒီလို လာပြောတော့ ဒီပြင့်ဆရာမတွေကကော"

"အားလုံးပဲ ထောက်ခံပါတယ်"

"အခု နေ့လယ် ကလေးတွေကို ဘာလုပ်ထားလဲ"

"ယောက်ျားလေးတွေကို လူမှုရေးနဲ့ ဒီပြင့်နည်းပညာအကြောင်း စိတ်ဝင်စားစရာလေးတွေနဲ့ စစ်ဆင်ရေးသင်ခန်းစာတစ်ခုအဖြစ် အချိန်ပိုမရှိအောင် ထည့်ပေးထားပါတယ်၊ မိန်းကလေးတွေကိုတော့ အိမ်တွင်းလက်မှုပညာ (အကြိုသက်မွေးဝမ်းကျောင်း) ပညာတစ်ခုအနေနဲ့ ဒေါ်သင်းသင်းမြတ်က သင်နေပါတယ်"

"အဲဒီအတွက် နေရာက"

"အသုံးမပြုရသေးဘဲ ပိတ်ထားတဲ့အခန်းတွေကို ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲထားပါတယ် အစ်ကို၊ နားနေဆောင် နှစ်ခုမှာပဲ လောလောဆယ် သင်ပေးနေကြတယ်၊ အစ်ကိုပြန်ရောက်လာရင် အစ်ကို့စီမံချက်ကို နားထောင်ရဦးမယ်လို့ ကျွန်တော် ပြောထားပါတယ်၊ အခု အစီအစဉ် ကို အစ်ကို စိတ်ကြိုက်ပြောပါဦး"

"ကလေးတွေ နားချိန်ကော"

"ညနေပိုင်း တစ်ချိန်လုံးပေးထားတယ်၊ ခြောက်နာရီထိုး တာနဲ့ ရေမိုးချိုးသန့်စင်ပြီး ညစာ စားရုံပဲ"

တံခွန် အအေးခွက်ကို အသာပြန်ချသည်။

စောစောက ကျော်ကျော် အသင့်ချပေးထားသည့် လန့်ဒန် တစ်လိပ် ထုတ်ယူလိုက်၏။

"အဲဒီလို စီစဉ်ဖို့ကို ဘယ်သူအရင်တင်ပြတာလဲ"

"ဒေါ်ယမာပါ"

"ဘယ်သူ"

"နာမည်က ယမာတဲ့ အစ်ကို၊ ငယ်ငယ်ပဲ၊ သူဒီမှာ အလုပ်ဝင်နေတာ ကြာပါပြီ၊ အစ်ကိုနဲ့ မဆုံတာ၊ အခု သူဒီမှာ ညအိပ်ပြောင်းလုပ်မယ်လေ၊ မသီတာမြင့်တို့နဲ့"

"အဲဒါထားပါဦး၊ ငါပြောချင်တာက ကိုယ်အလုပ် ဆထက်ထမ်းပိုးအဆင်ပြေမယ့် အစီအစဉ်ဆို တာဝန်ခံဖြစ်တဲ့ မင်းရဲ့ ခေါင်းထဲက ထွက်လာသင့်တာ"





ကျော်ကျော် မျက်လွှာချသွားသည်။

မျက်ခုံးအစုံ တွန့်ချိုးလျက် စူးစိုက်ကြည့်နေသည့် မျက်လုံး များကို သူ မခံနိုင်။

"ကျော်ကျော်"

"ဗျာ"

"အကြောင်းရှိနေရင် အကျိုးရှိလာမယ်၊ ဖြစ်လာမှ ရင် ဆိုင်ဖို့ထက် မဖြစ်ခင်က ကြိုတင်တွေးခေါ်ပြီးသား၊ စီစဉ်လက်ဦး ပြီးသားမှ အားလုံး ကိုယ့်တာလုံ့ရမယ်"

"စိတ်ချပါအစ်ကို၊ နောက်ကို အစ်ကိုဖြစ်စေချင်သလို ဖြစ်ရပါစေမယ်"

တံခွန်က မီးညှိထားပြီးသည့် စီးကရက်ကို လက်ညှိုးနှင့် လက်မထိပ်ကလေး နှစ်ခုကြားမှာ ညှပ်ထားလျက် တစ်ချက်ဖွာ သည်။

"ငါ့ကို ဦးချစ်စန်းကိုခေါ်ပေး၊ စာရင်းတွေပါ တစ်ခါ တည်း ယူလာလို့"

"ဦးချစ်စန်း မရှိဘူးအစ်ကို၊ အစ်ကိုခိုင်းထားတဲ့ကိစ္စပဲ သွားနေတယ်"

တံခွန်ကိုယ်လုံး မတ်ခနဲဖြစ်သွားသည်။

"ဟ.. ငါခိုင်းတာ မနေ့ညနေက သွားရမယ့်ကိစ္စပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက် ဘာမှသွားစရာမရှိဘူး"

"အဲဒီ မနေ့ညနေက ကိစ္စပဲဖြစ်လိမ့်မယ်ထင်တယ်၊ ကမန်းကတန်း ထွက်သွားတာ"

"တောက်..."

တက်ခေါက်ခြင်း စီးကရက်ကိုခွက်ထဲသို့ ထိုးထည့်ခြေမွပစ်ခြင်းတို့သည် တစ်ပြိုင်တည်း။

"သွားပြီ...ဘာမှ လုပ်လို့မရတော့ဘူး၊ အချိန်သတ်မှတ်ပေးပြီး တိတိကျကျ လုပ်ခိုင်းထားတဲ့ကိစ္စ၊ မနေ့ကဟာ ဒီနေ့မှ ခေါင်းထဲထည့်တော့ ဘာသွားလုပ်လို့ရမှာလဲ...တောက်"

ဒုတိယအကြိမ် တက်ခေါက်ခြင်းနှင့်အတူ ထရပ်လိုက်သည်။

"သူပြန်လာရင် ငါ့အိမ်ကိုလွှတ်လိုက်၊ သူခပ်ပေါ့ပေါ့လုပ်ခဲ့တဲ့ကိစ္စ ဘာတွေ ဘယ်လောက်ထိ ဆုံးရှုံးကုန်လဲ၊ ဘာတွေဆက်ဖြစ်လာမလဲ၊ သူဘာမှမသိဘူး"

တံခွန် စိတ်ဆိုးလွန်းစွာဖြင့် ဝုန်းဒိုင်းကြဲသွားသည်။

"ဂျိမ်း"ခနဲ တံခါးပိတ်သံနှင့် တုန်ခါသွားသည့် ကားဘော်ဒီကပင် လန့်စရာ။

ကားဝင်ကားထွက်ကို ခြံကျယ်ကြီးထဲမှာ ဂငယ်ပုံစီစဉ်ဆောက်လုပ်ထားသည်မို့ ကားကရှေ့သို့ ဝေါခနဲ ပြေးထွက်သွား





သည်။

တစ်ယောက်ကို မကျေနပ်စိတ်နှင့် ကားမောင်းနေသည့် သူ့မျက်နှာတစ်ပြင်လုံး ညိုပုပ်ပုပ်ကြီးဖြင့် မျက်နှာတင်းနေတော့သည်။

ရေဗွက်ကလေးတွေ..

လမ်းဘေးတစ်ဖက်တစ်ချက်မှာ ဖုန်ထမှာစိုး၍ ဖျန်းလောင်းထားသည့် ရေများက စိုရွှဲလျက်၊ လမ်းပေါ်မှာ ရေဗွက်တွေပင် ထနေသည်အထိ သူအရှိန်လျှော့ရမှန်းမသိ။

"အမလေး"

သူ့ကားငြိမ့်ခနဲအဖြစ် မိန်းကလေးအော်သံသဲ့သဲ့ကြောင့် သွားပြန်ပြီဆိုတာ နောက်ကျစွာ သိရပြန်သည်။

မိန်းကလေးတစ်ယောက်တော့ ရေဗွက်စင်ပြီး အရှိန်လဲ လွန်လာပြီ။

ဆင်း၍တောင်းပန်တော့ရော..

ရှင်းကာမှ ပိုရှုပ်နေဦးမယ်။

မလုံမလဲ စိတ်ကို ဖွတ်မိုက်လျက် တံခွန်တစ်ချက်မှ လှည့်မကြည့်ပဲ ကားကို တရှူးထိုးပဲ ဆက်မောင်းခဲ့လိုက်သည်။

ကိုယ့်မှာလည်း ကိုယ့်အကြောင်းနဲ့ကိုယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ယမာ ဘယ်လိုဖြစ်လာတာလဲ"

"မြင်တဲ့အတိုင်းပဲ သီတာရယ်"

တစ်ဖက်က ပွေ့ထားသည့် အထုပ်တွေကိုလဲချ…

ကျန်တစ်ဖက်က ဆွဲမထားရသည့် ထမီကိုလည်း ဖြေချလျက် ယမာ့မျက်နှာလေး ရှုံ့မဲ့နေသည်။

"ကားသမားတစ်ယောက်ပေါ့၊ ဒလကြမ်းမောင်းလာတာပဲ၊ ဘယ်လိုမှ ရှောင်ချိန်မရလိုက်ဘူး"

"ဖြစ်ရလေဟယ်၊ ပေကျံနေတာပဲ၊ သွားသွား ထမီလဲပစ်လိုက်"

ကိုယ်နေရသည့်အခန်းထဲ ရောက်လာသည်အထိ အဝတ်စင်နားမှာ ခြေစုံရပ်လျက် ငေးငိုင်နေမိသည်။

ဒီလောက်တောင်ပဲ တိုက်ဆိုင်လွန်းပါ၏။

ဒင်းနဲ့ပတ်သက်လာတိုင်း ယမာ အမြဲရှုံးနေရသည်။

ကံကြမ္မာ သူမကို အလှည့်မပေးတော့ဘူးလား။

ကလေးထိန်းပညာရေးကိုကော ဒင်း ဘာလာလုပ်တာလဲ။ ဒီဌာနမှာ သူ့လို တိုက်နှင့်ကားနှင့် သူဌေးလိုလူမျိုး၏ သားသမီးကို လက်ခံတာမဟုတ်။

သူ့ကလေးရှိလို့တော့ မဖြစ်နိုင်။

"ယမာ"





"ဟင်"

"ဟဲ့… ထမီလဲရမှာ၊ အကျႌစင်နား ဘာလုပ်နေတာလဲ။ အို… ငါကတော့ စောင့်လို့"

ယခုမှ ကလေးတွေ ဒီနေ့ ကျူတိုရီရယ်လုပ်ပေးရမှာ အမှတ်ရသည်။

"အတွေးလွန်သွားလို့ သီတာရေ၊ သွား သွား… နင် ကလေးတွေကို နေရာချထားပေးနော်၊ ခုပဲ လာခဲ့မယ်"

ဩော်… သူများလုပ်ငန်းဝန်ထမ်းနေရတာ နေချင်သလို ဖြစ်မတဲ့လား။

❀❀❀



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"လူလေးရေ… ဧည့်သည်ကွဲ့"

"ဘယ်သူလဲ ဦးလေးထွန်း"

"မိန်းကလေးတစ်ယောက်ပဲ၊ လွှတ်လိုက်ရမလား"

မိန်းကလေး…

သူ့ဆီ မိန်းကလေးလာစရာ ဘာအကြောင်းမှမရှိ။

"လွှတ်လိုက်လေ"

လိုင်စင်နဲ့သေနတ်ကို ပွတ်တိုက်နေရာမှ တံခွန် စောင့်နေလိုက်သည်။

"လူလေး"

တံခွန် မော့ကြည့်လိုက်သည်။

ဦးလေးထွန်းနံဘေးမှ မိန်းကလေးတစ်ယောက်…

ရုတ်တရက်မို့ မျက်မှောင်ကုတ်သွားမိသည်။

"လီလီသွင်ပါ အစ်ကို"

သစ္စာမွန်စာပေ

BURMESE CLASSIC .com



သြော်… မှတ်မိသိရှိရခြင်းအတွက် တံခွန့်မျက်နှာမှာ ဘာအပြောင်းအလဲမှ ဖြစ်မလာပါ။

"ထိုင်"

သေနတ်နှင့် သူ့ကို တစ်ချက်ငဲ့ကြည့်၍ လီလီသွင် ထိုင်လိုက်သည်။

"ကိစ္စရှိလို့လား"

ဖော်ရွေပျူငှာခြင်းမရှိသည့် မျက်နှာကြောင့် အနေခက်ရသည့်အထဲ လေသံက မာလွန်းပါဘိ…

လီလီသွင် မျက်နှာတင်းသွားသည်။

"အန့်တီမေ လွှတ်လိုက်လို့ပါ"

သေနတ်သုတ်နေသည့် လက်ကိုင်ပုဝါကို စားပွဲပေါ်ချသည်။ သေနတ်ကိုပစ်မှတ်တစ်ခုခုကို ချိန်သလို တည့်တည့်ကိုင်၏။

ပြောင်းဝက လီလီသွင်၏ ရင်ညွှန့်တည့်တည့်။ မျက်စိမျက်နှာပျက်လျက် လီလီသွင် ကိုယ်ရှိန်သွားလေသည်။

"ဘာပြောခိုင်းလိုက်လို့လဲ"

ဒေါသဖြစ်ပေမယ့် သူ့ကို တည့်တည့်ကြည့်၍ မေးလာတော့ လီလီသွင် ရင်ဆိုင်မကြည့်ရဲ။

ဘယ်လိုယောက်ျားမျိုးလဲ။

"ဟော့"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

သေနတ်ကိုကြောက်ကြောက်၊ အတွေးလွန်လွန်နှင့် လီလီသွင် တုန်ခနဲဖြစ်သွားသည်။

"မင်းလာတဲ့ကိစ္စကိုပြော၊ ငါ့မှာ အချိန်မရှိဘူး"

စောစောက တင်းသလိုဖြစ်သွားသည့် မျက်နှာလေးက ခုတော့ ပြုံးပြုံးပျာပျာဖြစ်လျက် ပြောင်းလဲသွားလိုက်တာ…

အကဲခတ်မိလျက် တံခွန် ရယ်ပစ်လိုက်ချင်သည်။

ပိုင်ဂေဟာ…

ပိုင်ဂေဟာက မျိုးဆက်တွေတဲ့။

လေးလေးဆက်ရှိတုန်းကဆို ဘယ်သူမှ အိမ်ရိပ်တောင်နင်းရဲကြတာ မဟုတ်။ ပိုင်ဂေဟာက လူဝေးလို့၊ ခွေးတစ်ကောင်ကြောင်တစ်ကောင်မှ အယောင်လာမပြခဲ့ကြတာ။

ခုမှ ပတ်သက်နင်းဖြတ်ဖို့ ကြိုးစားနေကြသည်။ လေးလေးဆက် လွန်စွာ နာကြည်းခဲ့သော၊ မုန်းတီးခဲ့သော၊ ကျောခိုင်းခဲ့သော ဒီပိုင်ဂေဟာ…

မိန်းကလေး…

အဲဒီမှာ မင်းထိုင်ခွင့်ရတာ သိပ်ကံကောင်းတယ်မှတ်။

"အန့်တီမေကလေ အစ်ကို့ကို ဟိုကိုလာခဲ့ဖို့ ပြောခိုင်းလိုက်ပါတယ်"





"ဘယ်ကိုလဲ"

"ပ… ပိုင်ဂေဟာကိုပါ"

"အန့်တီမေကလား"

"ဟုတ်တယ်"

ညာတော့ မညာတတ်ရှာပါ။

ဒါဖြင့် အန့်တီမေက ဘာလုပ်တာလဲ…။

ပိုင်ဂေဟာနဲ့ မြိုင် ဘယ်တုန်းက ပေါင်းစပ်ပတ်သက်ခဲ့ဘူးသလဲ။

နားအလည်ဆုံးလူဟာ အန့်တီမေပဲ…

ဒါဖြင့် ၄င်းဖိတ်ခေါ်ခြင်းက

"အရေးကြီးတဲ့ကိစ္စ ဆွေးနွေးစရာရှိလို့လို့ ပြောတယ်"

ဘယ်လိုစကားမျိုးလဲ။ ဘာဆွေးနွေးမှာလဲ…

"လိုက်မယ်ဆိုရင် ခုပဲ…"

"ပိုင်ဂေဟာက လူတစ်ယောက် မြိုင်ရိပ်မြုံကို ရောက်လာခြင်းဟာ ဒါ ပထမဆုံးပဲဆိုတာ မင်းတို့သိတယ်နော်"

"အခုဟာက အန့်တီမေက အရေးတကြီး ခေါ်ခိုင်းတာပဲ"

"ဘယ်လောက်ပဲအရေးကြီးကြီး ဖုန်းနဲ့ပြောနိုင်တယ်၊ အန့်တီမေ့ကို ပြောပြလိုက်ပါ၊ အားလုံး အရင်အတိုင်းပဲလို့"

"ဟို… ဟို…"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ၊ မင်းပြန်တော့"

"ဒီမှာရှင့်"

ထိုင်နေရာမှ ထရပ်ပြီးသား ထွက်သွားဖို့ပြင်ဆဲ တံခွန် ပြန်လှည့်ကြည့်သည်။ မတ်တာပ်ရပ်နေပြီးသော မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

မျက်နှာလှလှလေးမှာ ဒေါသရိပ်တွေလေ...

"ရှင်ဟာ တော်တော်မောက်မာတဲ့လူပဲ၊ သိပ်ရိုင်းတယ်"

"အေး... စိတ်ထဲရှိတာကို အရှိအတိုင်း မှန်တာပြောရတဲ့ လူဟာ ရိုင်းတယ်ဆိုရင် ငါဟာ ရိုင်းတာတွေထက် ရိုင်းတဲ့လူ တစ်ယောက်ပဲ၊ ဒီမှာ ချာတိတ်..."

ကောင်မလေးမျက်နှာကလည်း ရူးရူးရဲရဲ ဖြစ်လာသည်။

"မင်း ငါ့ကို ဘာမှဝေဖန်စရာမလိုဘူး၊ ဘာစကားမှလည်း ထပ်ပြောခွင့်မရှိတော့ဘူး၊ မင်းပါးစပ်ကိုပိတ်ပြီး လာလမ်းအတိုင်း လှည့်ပြန်၊ မဟုတ်ရင်တော့ တံခွန်ဆိုတာ ဘာလုပ်လုပ် တွေဝေတတ် တဲ့ ကောင်မဟုတ်ဘူးဆိုတာ မင်း လက်တွေ့သိသွားရလိမ့်မယ်"

*စာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပေးပါရန်*

**သျှင်မ**

သစ္စာမွန်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com